# လေသူရဲတစ်ဦး

(ဦးလှဝင်း)

## အရက်နှင့်ဆည်းဆာ

ဒု တိ ယ အ ကြိမ်



# ရတနာပုံစာပေ

အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၅၂၆၆၇၅

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

# လေသူရဲတစ်ဦး
## (ဦးလှဝင်း)

# အရက်နှင့်ဆည်းဆာ

ရတနာပုံစာစဉ် - ၇
[ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ]

စာမူခွင့်ပြုချက်အမှတ် - ၉၅၁ / ၂၀၀၁ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၉၃ / ၂၀၀၁ (၈)

စီစဉ်သူ • **ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း**

အကြိမ် • ဒုတိယအကြိမ် ၂၀၀၁ ခု၊ စက်တင်ဘာ

အုပ်ရေ • (၁၀၀၀)

ထုတ်ဝေသူ • ဦးသန်းဆွေ၊ စစ်သည်တော်စာပေ

အတွင်းစာစီ • ပုလဲ (သီဟရတနာ)

မျက်နှာဖုံး • ဒေါ်ခင်အေးမြင့်၊ ရာပြည့်အော့ဖ်စက်၊
၁၉၉၊ လမ်း (၅၀)၊ ပုဇွန်တောင်မြို့နယ်၊

အတွင်းပုံနှိပ် • ဒေါ်မာလာသိန်း (Infinity)
၁၆၂၊ ၃၃-လမ်း၊ ကျောက်တံတား၊

စာအုပ်ချုပ် • ကိုမြင့်

တန်ဖိုး • ၃၅၀ ကျပ်

# စာရေးသူအမှာ

ကျွန်တော် စာပေလောကသို့ ဝင်ခဲ့သည်မှာ ၁၉၆၄ ခုနှစ်မှ ဖြစ်ပါသည်။ ထိုနှစ် မြဝတီမဂ္ဂဇင်း ဇူလိုင်လထုတ်၌ ပါသော 'ငှက်ငယ်ပမာဝဲပျံကာ'အမည်ရှိ ဝတ္ထုတိုမှာ ကျွန်တော်၏ ပထမဆုံး လုံးချင်းဝတ္ထုတိုပင် ဖြစ်၏။

ယနေ့ ကျွန်တော့်စာရေးသက်မှာ ပြန်တွေးလိုက်လျှင် (၂၉)နှစ် ရှိလေပြီ။

ထိုစဉ်က ကျွန်တော့်အသက်မှာ ၂၀ ပတ်ဝန်းကျင်၊ ယနေ့ ၅၀ ပတ်ဝန်းကျင် . . . ။

စာရေးသက် ၂၉ နှစ်အတွင်း စာအမျိုးမျိုး ရေးခဲ့၏။ ရေးစက လေသူရဲဘဝ ဖြစ်သဖြင့် လေသူရဲဘဝ သရုပ်ဖော်ဝတ္ထုများ ရေးခဲ့ပါသည်။ 'အရုဏ်နှင့်ဆည်းဆာ' မဂ္ဂဇင်းဝတ္ထုရှည်မှာ ၁၉၇၃-ခုနှစ်တွင် ရေးခဲ့ခြင်း ဖြစ်သဖြင့် ကျွန်တော့်လေသူရဲဘဝကို ခွဲခွာရတော့မည့်အချိန်တွင် အမှတ်တရ ရေးခဲ့သော ဝတ္ထုဖြစ်၏။ နှုတ်ဆက်ခဲ့သော ဝတ္ထုဖြစ်၏။

မှန်ပါသည်။

အမှန်ပင် ထိုအချိန်နောက်ပိုင်း၌ လေကြောင်းဝတ္ထုများကို ကျွန်တော် မရေးတော့ပါ။ အကြောင်းအရာသစ်များကို ကျွန်တော် ကူးသွားခဲ့၏။

အံ့စရာ ဖြစ်နေသည်မှာ နောက်ပိုင်း၌ ကျွန်တော် မည်သည့်စာမျိုးကို ရေးရေး ကျွန်တော် လေသူရဲဘဝ၌ နောက်ဆုံး ရေးသားခဲ့သော 'အရုဏ်နှင့်ဆည်းဆာ' ကို မကြာခဏ အမှတ်ရနေသည်။ မမေ့နိုင်ဖြစ်နေသည်။ လွမ်းနေသည်။

ညစဉ် အိပ်ခါနီးတွင် ကျွန်တော် စာဖတ်တတ်သည့် အလေ့ ရှိပါသည်။ တစ်ခါတစ်ရံ မည်သည့်စာအုပ်သစ်မှ မရှိလျှင် ကျွန်တော့်အိပ်ခန်းအတွင်းရှိ စာအုပ်စင်မှ 'အရုဏ်နှင့် ဆည်းဆာ'ကို ဆွဲယူ၍ ဖတ်ကြည့်မိပါသည်။ အံ့စရာ ဖြစ်နေပြန်ပါသည်။

အိပ်ခါနီး အိပ်ချင်ရန်ဖတ်သည့်စာ ဖြစ်သော်လည်း ကျွန်တော် ပြန်ဖတ်တိုင်း အစမှအဆုံး ဤဝတ္ထုကို အမြဲ ပြန်ဖတ်မိပါသည်။

စာလုံးတိုင်းမှာ ယနေ့အထိ ကျွန်တော့်အတွက် ဆန်းသစ်နေပါသည်။

ကျွန်တော့်ဇာတ်ကောင် အရဲနှင့် မိသင်းတို့ အပြန်အလှန် ပြောကြသော စကားများမှာ ကျွန်တော့်ရင်တွင်း၌ ဆို့နစ်ခြင်းကို ယနေ့တိုင် ဖြစ်နေစေပါသည်။

'အရုဏ်နှင့်ဆည်းဆာ' ကို ရေးစဉ် ကျွန်တော့်အသက်

# အမှာ

မှာ ၂၅-နှစ်တစ်ဝိုက်၊ ယနေ့အသက် ၅၀၊ ထိုစဉ်က အသက် ထက် တစ်ဆ ကြီးခဲ့ပြီ။ ထိုစဉ်က ခံစားချက်မျိုးကို ယနေ့ ခံစားနိုင်စရာ အကြောင်းမရှိတော့ပါ။ သို့သော် ဘာကြောင့်ဟူ၍ မသိ။ ကျွန်တော် ၂၅-နှစ်အရွယ်က ခံစားရသကဲ့သို့ပင် ယနေ့အမြဲ ခံစားရစေပါသည်။

ကျွန်တော် ဤဝတ္ထုကို ဘာကြောင့် ကျွန်တော်ရေးခဲ့ပါသနည်း။

တကယ်တော့ ကျွန်တော်သည် ဝတ္ထုတိုသမားဖြစ်၏။ ဝတ္ထုတိုရေးခြင်း၌သာ အားသန်၏။ အရှည်ကို ကျွန်တော် မနိုင်ပါ။

'အရက်နှင့်ဆည်းဆာ'မှာ သွေးသောက်မဂ္ဂဇင်း၌ ကျွန်တော် ဖော်ပြခဲ့သည့် ဝတ္ထုရှည်ဖြစ်၏။ ထိုစဉ်က သွေးသောက်မဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာမှာ စာရေးဆရာမ ဒေါ်ခင်လတ် (ကွယ်လွန်) ဖြစ်၏။

"ဆရာ . . . ဆရာ့ဝတ္ထုက လှလိုက်တာ။ ကျွန်မ မနေ့ညကပဲ ပြီးအောင်ဖတ်လိုက်တယ်။ ဒါ ဆရာ့ကိုယ်ပိုင်လား၊ မှီးတာလား"

"အဲဒါ ခက်တာပဲ ဒေါ်ခင်လတ်ရယ် . . . ခင်ဗျား ဘယ်လိုထင်လဲ"

"ဇာတ်ကောင်တွေ အကုန်လှုပ်ရှားပုံက ဆရာ့ကိုယ်ပိုင် ဟန်တွေဆိုတာ ရှင်းနေတယ်။ ဒါပေမဲ့ (လူကီးမီးယား)ရောဂါနဲ့ မင်းသမီးကို သတ်ပစ်လိုက်တဲ့အခန်းက ကျွန်မ ကြားဖူးသလိုလို

ဖြစ်နေလို့”

“မှန်တယ် ဒေါ်ခင်လတ်ရေ . . . အဲဒီမင်းသမီးကို သတ်ပစ်လိုက်တဲ့ အခန်းက Love Story ဆိုတဲ့ ကမ္ဘာကျော် ဝတ္ထုထဲက ဇာတ်သိမ်းကို မှီးထားတာ။ အဲဒီဝတ္ထုမှာ သိမ်းပုံက လည်း သိပ်လှတယ်။ တကယ်တော့ ကျွန်တော့်မင်းသမီးက မသေဘူး။ ဒီနေ့အထိလည်း အသက်ရှင်နေတယ်။ ဒါပေမဲ့ ဇာတ်လမ်းက သတ်ပစ်ပြီး သိမ်းမှ လှလို့ ကျွန်တော် သတ်ပစ် လိုက်ရတာ . . . သေခိုင်းလိုက်ရတာ”

မှန်ပါသည်။

အသက်တစ်ရာမနေရပေမဲ့ အမှုတစ်ရာ ကြုံတွေ့ရ တတ်တယ်ဆိုတဲ့စကား ကဲ့သို့ပင် ကျွန်တော့်ဘဝတွင်လည်း အဆိုးအကောင်း အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရဖူးပါသည်။ ကျွန်တော် ရေးခဲ့သည့် စာအများစုမှာ ကျွန်တော့်ဘဝ တစ်ပိုင်း ဖြစ်နေခဲ့ပါသည်။

ကျွန်တော်ရေးခဲ့သည့် ဝတ္ထုတိုင်းမှာ တကယ့်ဖြစ်ရပ် မဟုတ်ကြသော်လည်း ဖန်တီးမှု Fiction သက်သက်လည်း မဟုတ်ကြပါ။

‘အရုဏ်နှင့်ဆည်းဆာ’၏ ငါးပုံလေးပုံမှာ ကျွန်တော်၏ ကိုယ်ပိုင် ဖြစ်၏။ တစ်ပုံမှာ ကျောရိုးလေးတစ်ဆစ် ယူလိုက် သည်ဆိုရုံမျှ Love Story မှ ကျွန်တော် ယူထားပါသည်။ တစ် နည်းအားဖြင့် ရှစ်ဆယ်ရာနှုန်းမှာ ကျွန်တော်၏ ကိုယ်ပိုင်ဖြစ် သည်။

ထို့ကြောင့်လည်း ဤ ဝတ္ထုမှာ ကျွန်တော့်အတွက် ဝတ္ထုနှင့်မတူပါ။ ဝိညာဉ်လေးတစ်ခု စွဲကပ်နေပါသည်။ မှန်ပါသည်။ ထိုဝိညာဉ်လေး စွဲကပ်နေသည့်အတွက်ပဲ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဤဝတ္ထုလေးကို ပြန်ဖတ်ရတိုင်း ကျွန်တော့်ရင်တွင်း၌ ဝတ္ထုဖတ်ရသည်နှင့် မတူပါ။ ဝိညာဉ်လေးနှင့် ပြန်လည်တွေ့နေသကဲ့သို့ ခံစားရပါသည်။

အံ့စရာတစ်ခု ရှိပါသေးသည်။

ကျွန်တော် ဤဝတ္ထုကို မမေ့နိုင်ဖြစ်နေသကဲ့သို့ နှစ်ပေါင်း နှစ်ဆယ်ကျော်က ဤဝတ္ထုကို အမှတ်တရ ဖြစ်နေသူ အများအပြားရှိကြပါသည်။

သာဓကအချို့ကို တင်ပြပါမည်။

ကျွန်တော် ဆရာမ ဒေါက်တာမတင်ဝင်းကို မသိပါ။ လွန်ခဲ့သည့် လေးနှစ်ခန့်က အလှူတစ်ခုတွင် ဒေါက်တာ မတင်ဝင်းနှင့် ကျွန်တော် တွေ့ပါသည်။ အလှူရှင်က ဒေါက်တာ မတင်ဝင်းနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးပါသည်။

"ဆရာမ . . . ဒါ လေသူရဲတစ်ဦး"

ဒေါက်တာမတင်ဝင်း ကျွန်တော့်ကို ဘာပြန်ပြောသည် ဟု ထင်ပါသနည်း။

"ဟင်း . . . ဆရာ့ကိုတွေ့ရတာ ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာ မှတ်မိလား . . ဆရာ သွေးသောက်မှာ ဝတ္ထုရှည်ရေးခဲ့တဲ့ 'အရုဏ်နဲ့ဆည်းဆာ' . . . ဒီဝတ္ထုကို ကျွန်မ သိပ်ကြိုက်တာပဲ။ ဒီနေ့အထိ မမေ့နိုင်သေးဘူး။ ကျွန်မညီမ

ဝမ်းကွဲတစ်ယောက်ဆိုရင် ဒီဝတ္ထုကိုဖတ်ပြီးတော့ ငိုတယ်။ နောက် သူ့ယောက်ျားကို မေးတယ်။ ရှင် ကျွန်မသေရင် ဒီဝတ္ထုထဲက အရဲ ခံစားသလို ခံစားပါ့မလား။ ကျွန်မကို ချစ်ပါ့မလားတဲ့"

မတင်ဝင်းစကားများမှာ ကျွန်တော့်ရင်တွင်း၌ ဘယ်သို့မှ ပြန်မပြောတတ်သော ချမ်းမြေ့ကြည်နူးခြင်းကို ဖြစ်စေခဲ့ပါသည်။

ကျွန်တော် အထက်၌ တင်ပြခဲ့သည့် 'အရက်နှင့်ဆည်းဆာ'၌ကပ်ငြိနေသည့် ဝိညာဉ်လေးကို ဆရာမ ဒေါက်တာ မတင်ဝင်းသည် လည်းကောင်း၊ ဒေါက်တာ မတင်ဝင်း၏ ညီမဝမ်းကွဲသည်လည်းကောင်း ကျွန်တော်ကဲ့သို့ပင် ထိတွေ့ ခံစားနိုင်ကြသည်ဟု ထင်မိပါသည်။

စာရေးဆရာ တင်သန်းဦးကို ကျွန်တော် မသိပါ။ တစ်ခါက စပယ်ဦးမဂ္ဂဇင်း၌ 'သန်းသန်း' ခေါင်းစဉ်ဖြင့် သူ ဝတ္ထုတိုတစ်ပုဒ် ရေးပါသည်။ သူ၏မိခင်အကြောင်းကို ဖွဲ့နွဲ့ထားသော ဝတ္ထုတိုဖြစ်၏။ တင်သန်းဦးက သူ့ဝတ္ထုထဲတွင် လေသူရဲတစ်ဦး၏ 'အရက်နှင့်ဆည်းဆာ' ဝတ္ထုရှည်၌ လေသူရဲတစ်ဦး၏ မင်းသမီးသည် သူ့ဖခင်ကို အဖေဟု မခေါ်၊ တွတ်တွတ်ဟု ခေါ်သကဲ့သို့ ကျွန်တော်လည်း ကျွန်တော့်မိခင်ကို အမေဟု မခေါ်ခဲ့ပါ။ သန်းသန်းဟု ခေါ်ခဲ့ပါသည် ဟု ဖော်ပြထား၏။ နှစ်ပေါင်း ၂၀ ကျော်က ကျွန်တော်၏ 'အရက်နှင့် ဆည်းဆာ'မှာ တင်သန်းဦး၏ ရင်တွင်း၌ တွယ်ငြိနေသည်မှာ ထင်ရှားနေပါသည်။ ထို

ဝတ္ထုရှည်မှ ဝိညာဉ်လေးကို တင်သန်းဦးလည်း ခံစားထိတွေ့ ရနေဟန် ရှိပါသည်။

နောက်တစ်ယောက်မှာ သုမောင်။

လွန်ခဲ့သည့် လေးနှစ်ခန့်က ရှစ်မိုင်တွင်နေသော ကိုဝင်းကြည်၏အိမ် ဘုရားကိုးဆူ၌ ကိုသုမောင်နှင့် ကျွန်တော် ဆုံမိပါသည်။

ကိုဝင်းကြည်က ကိုသုမောင်နှင့် ကျွန်တော့်ကို လေသူရဲ တစ်ဦးအဖြစ် မိတ်ဆက်ပေးလိုက်သည်နှင့် . . .

"ဆရာ . . . ကျွန်တော်လည်း 'အချစ်'ဆိုပြီးတော့ Love Story ကို ဆရာရဲ့ 'အရုဏ်နှင့်ဆည်းဆာ'လို လုပ်ပစ်လိုက်တာပဲ။ ဆရာ့ကို ခုမြင်ရတာနဲ့ 'အရုဏ်နှင့်ဆည်းဆာ' ကို ကျွန်တော် အကုန်ပြန်အမှတ်ရပါတယ်"

ကျွန်တော် ဝမ်းသာကြည်နူးရပြန်သည်။

မှတ်မှတ်ရရ နောက်ပုဂ္ဂိုလ်တစ်ဦးမှာ လွန်ခဲ့သည့် တစ်နှစ်ခန့်က ဖြစ်သည်။

မိုးကုတ်သို့ ကိစ္စတစ်ခုနှင့် ရုတ်တရက် ကျွန်တော် ခရီးထွက်ရပါသည်။ မိုးကုတ်၌ လိုအပ်သည့် အကူအညီရှိက တာဝန်ရှိသူများထံမှ တောင်းနိုင်ရန် မန္တလေး၌ ဒုဗိုလ်မှူးကြီး ကျော်ငွေနှင့် သူငယ်ချင်းအရာရှိတစ်ယောက်က မိတ်ဆက်ပေးပါသည်။ ဒု-ဗိုလ်မှူးကြီး ကျော်ငွေမှာ ထိုစဉ်က မန္တလေး၌ စဝတ ဥက္ကဋ္ဌတာဝန်ကို ယူထားရသူဖြစ်၏။ ကျွန်တော့်ကို လေသူရဲ တစ်ဦးဟု သိသည်နှင့် . . .

"ဆရာ့ရှေ့မို့ ပြောတာမဟုတ်ဘူး ဆရာရယ် . . . ဆရာ ဟိုအရင်တုန်းက ရေးခဲ့တဲ့ 'အရုဏ်နှင့် ဆည်းဆာ' ဝတ္ထု ကို ကျွန်တော် သိပ်သဘောကျတာပဲ . . . ခုတောင် အမြဲ မှတ်မိနေသေးတယ်"

ကျွန်တော် အထက်ကတင်ပြခဲ့သည့် 'အရုဏ်နှင့် ဆည်း ဆာ' ဝိညာဉ်လေးမှာ ဒုဗိုလ်မှူးကြီး ကျော်ငွေကိုလည်း ကပ်ငြိနေ ဟန်ရှိ၏။

ကျွန်တော် အလွန်ဝမ်းသာပါသည်။

ယနေ့ ဤပုဂ္ဂိုလ် ဘယ်အရပ် ဘယ်ဒေသတွင် ရောက် နေသည်ကိုလည်း ကျွန်တော် မသိပါ။ သိခဲ့လျှင် သူ၏ခံစား ချက် စာစုလေးတစ်ခု ရေးပေးရန် တောင်းပန်ချင်ပါသည်။

ကျွန်တော်သည် ဘဝအမျိုးမျိုးကို ကျော်ဖြတ်လာခဲ့ပြီ။ ယနေ့ ကျွန်တော့်ဘဝမှာ ရတနာကုန်သည်။

ရတနာကုန်သည်အလုပ်ကို ကျွန်တော် အသက် (၆၀) ပြည့်သည့်နေ့မှစ၍ လုပ်တော့မည်မဟုတ်ပါ။

ကျွန်တော့်အသက် (၆၀)ပြည့်ခဲ့ပြီဆိုပါစို့။

ရတနာလောကမှ ထွက်ခဲ့ပြီဆိုပါစို့။

ထိုအချိန်၌ ကျွန်တော် ဘာလုပ်မည်နည်း။

ကျွန်တော်သည် ကျွန်တော် အလွန်မြတ်နိုးသော စာပေ လောက၌သာ နေတော့မည်။ ရေးချင်သည့်စာ ရေးမည်။ ထုတ် ဝေချင်သည့်စာ ထုတ်ဝေမည်။ ထိုသို့ ပြုနိုင်ရန်အတွက် ထို အချိန်၌ ကျွန်တော့်တွင် စာပေတိုက်တစ်ခု ရှိရမည်။ စာအုပ်

ဆိုင်တစ်ခု ရှိရမည်။ ယင်းရည်မှန်းချက်နှင့် ပြည့်ဝရန်မှာ ယနေ့ စ၍ ပြင်ဆင်ရမည်။ ကျွန်တော့်တွင် ပြင်ဆင်နိုင်ခွင့် အချိန် ရှစ်နှစ်လုံးလုံး ကျန်နေသေး၏။

ယနေ့ ကျွန်တော် 'ရွှေဇီးကွက်စာပေ'ဟူ၍ စာပေတိုက် တစ်ခုကို စထောင်လိုက်ပြီ။ အစမ်းသဘော လုံးချင်းစာအုပ် များ စထုတ်မည်။ ထုတ်ဝေမည့် ပညာကို ကျွန်တော် စသင် မည်။

ရှုံးပါစေ၊ ကျွန်တော် အရှုံးခံမည်။

ပညာရပ်တစ်ခုမှာ ရှုံးဖူးမှ တတ်သည်ကို ကျွန်တော် နားလည်၏။

ကျွန်တော့်စာပေတိုက်မှ ပထမဆုံး ထုတ်ဝေသည့် စာ အုပ်ကို ဘာစာအုပ်ထုတ်သင့်သနည်း။

ကျွန်တော် အမျိုးမျိုး စဉ်းစား၏။

အမျိုးမျိုး တွေး၏။

'အရက်နှင့် ဆည်းဆာ' . . . ။

အလွန် ချစ်မြတ်နိုးလှသော ကျွန်တော့်အတွက် ဝိညာဉ် လေးတစ်ခုအဖြစ် အမြဲရှိနေသော ဤစာအုပ်ကို စထုတ်ရန် ချက်ချင်း ဆုံးဖြတ်လိုက်၏။

စာအုပ်ထုတ်ဝေသည့် လောကသို့ ကျွန်တော် စမ်း၍ စဝင်ပြီ။

လစဉ် စာအုပ်တစ်အုပ် ထုတ်ဝေရန် ရည်မှန်းထား သည်။ တစ်နေ့ ဖြစ်နိုင်လျှင် ကျောက်မျက်ရတနာ မဂ္ဂဇင်းဟူ

၍လည်း ထုတ်ဦးမည်။

ကျွန်တော် ရင်ဆိုင်မည့် ထုတ်ဝေသည့်လောက၏ ဒုက္ခအမျိုးမျိုးကို ကျွန်တော် ကြိုမြင်နေ၏။ လေ့လာထားပြီး ဖြစ်၏။

ကျွန်တော် မကြောက်ပါ။ ကျွန်တော်သည် စွန့်စားခြင်းကို မြတ်နိုးနှစ်သက်သူ ဖြစ်၏။

အသက်ကိုပင် စွန့်စားဝံ့သော ရန်သူ့ကျည်ဆန်ကြားမှ ဖြတ်ပျံရသည့် တိုက်ပွဲဝင် လေသူရဲဘဝမှ စလာခဲ့သူ ဖြစ်၏။

စာရှုသူ ဤ'အရဏ်နှင့် ဆည်းဆာ' ကို ဖတ်ကြည့်ပါ။ မြည်းကြည့်ပါ။ ခံစားကြည့်ပါ။

ကျွန်တော် အထက်ပါ ပြောပြခဲ့သည့် ဝိညာဉ်လေးနှင့် ထိတွေ့ကောင်း ထိတွေ့ရပါလိမ့်မည်။ ထိတွေ့ကြပါစေဟုလည်း ဆုတောင်းပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

ရွှေဇီးကွက်စာပေ

၉-၇-၉၃

♦ ♦ ♦

# ဇာတ်လိုက်ဖြစ်သွားသော ကျွန်တော်

**မောင်ပေါ်ထွန်း**

---

အချိန်တွေကလည်း ကုန်လွယ်လိုက်တာ။ ဘာလိုလိုနှင့် နှစ်ပေါင်းနှစ်ဆယ်တောင် ရှိခဲ့ပြီပဲ။ သို့သော်လည်း ကျွန်တော်ကတော့ မနေ့တစ်နေ့ကလိုပင် ထင်မှတ်နေဆဲပါ။

× × ×

ထိုတုန်းက ကျွန်တော်က စာပေဗိမာန်၊ စာတည်းဌာနတွင် အထက်တန်းစာရေး၊ လေသူရဲတစ်ဦးက စာတည်းအဖွဲ့ဝင်၊ သူက 'မြန်မာသတင်းစဉ်'မှ တစ်ဆင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ရေးဖော်ရေးဖက်ချင်းမို့ ကျွန်တော်တို့ ခင်မင်ရင်းနှီးသွားကြသည်။ ထုံးစံအတိုင်းပင် . . . ကျွန်တော်တို့သည် စာ

အကြောင်း ပေအကြောင်း မကြာခဏ ဆွေးနွေးဖြစ်ကြသည်။ အထူးသဖြင့် ဖတ်ဖြစ်သော ဝတ္ထုများအကြောင်း အပြန်အလှန် ဖောက်သည်ချကြခြင်း ဖြစ်သည်။ အမြဲမပြတ် တွဲဖြစ်သော ကျွန်တော်တို့အုပ်စုကလေးတွင် စာတည်းအဖွဲ့ဝင် ဆရာ ဦးစံလွင် (ကွယ်လွန်)၊ ဂယက်နီ၊ လေသူရဲတစ်ဦးနှင့် ကျွန်တော်တို့ အများဆုံး ပါဝင်ကြသည်။

သို့ဖြင့် တစ်နေ့တွင် ကျွန်တော့်စားပွဲသို့ လေသူရဲ ရောက်လာပြီး . . .

"ကိုပေါ်ထွန်း . . . ကျွန်တော် ဝတ္ထုစာအုပ်ကောင်း တစ်အုပ် ရထားတယ်ဗျ၊ သိပ်ကောင်းတာပဲ၊ ခင်ဗျားဆိုရင် သိပ် ဘာသာပြန်ချင်မှာ သေချာတယ်၊ အခု ကျွန်တော်မှီးပြီးရေးမလို့ ဇာတ်ကွက်ချထားပြီ"

သူ့လက်ထဲမှ စာအုပ်ကို ကျွန်တော် လှမ်းယူကြည့်လိုက်တော့ အိုင်းရစ်ဆီးဂဲလ် (Eric Seagal) ရေးသော 'အချစ်ဇာတ်လမ်း' (Love Story) ဖြစ်နေသည်။ စာအုပ်က ပါးပါးကလေး၊ စာမျက်နှာ တစ်ရာနီးပါးသာ ရှိလိမ့်မည်။

တကယ်တော့ ဤဝတ္ထုကို ကျွန်တော် ဖတ်ပြီးပြီ။ သိပ်တောင် မကြာသေး။ တစ်ပတ်ခန့်သာ ရှိဦးမည်။ ကျွန်တော်သာ မဟုတ်၊ ဂယက်နီလည်း ဖတ်ပြီးပြီ။

ယင်းဝတ္ထုကို ဖတ်ပြီး ကျွန်တော်တို့နှစ်ယောက်စလုံး ဘာပြန်ချင်ကြသည်။

"ခင်ဗျား မလုပ်နဲ့ဗျာ . . . ကျွန်တော်ပဲ လုပ်ပါရစေ၊

ကျွန်တော့်မှာက ဒီဝတ္ထုနဲ့ ပတ်သက်ပြီး နီးစပ်တဲ့ ခံစားချက်တွေ ပြင်းပြင်းပြပြ ရှိနေလို့ပါ”

ဂယက်နီက ယင်းသို့ပြောလာသဖြင့် ကျွန်တော်က အလျှော့ပေးလိုက်ရသည်။

သို့သော် ဂယက်နီနှင့် ကျွန်တော်တို့ ဖတ်ရသော Love Story က သီးခြားစာအုပ်မဟုတ်။ ‘ရီးဒါးစ်ဒိုင်ဂျက်’ မဂ္ဂဇင်း ‘စာအုပ်ကဏ္ဍ’ (Book Section)တွင် အကျဉ်းချုပ်ဖော်ပြချက်သာ ဖြစ်သည်။

သည်အကြောင်းကို လေသူရဲအား ကျွန်တော်က ပြောပြတော့ . . .

“ဟာ . . . ခင်ဗျားတို့ ဖတ်ရတာ အကျဉ်းချုပ်ကလေးပဲဗျ . . . အခု ကျွန်တော့်ဟာက Complete and Unabridged မူရင်းအတိုင်း အပြည့်အစုံ၊ လုံးဝ မချုံးဘူး၊ ဟုတ်ပြီဗျာ . . . ဂယက်နီကို ကျွန်တော် သွားပြောမယ်။ ကျွန်တော် မူရင်းအတိုင်းမှီးပြီး မဂ္ဂဇင်းဝတ္ထုရှည် ရေးမယ်ဆိုတာ . . . ”

သူ ဂယက်နီစကားပွဲရှိရာသို့ လျှောက်ထွက်သွားသည်။

× × ×

အမှန်အတိုင်း ဝန်ခံရလျှင် လေသူရဲတစ်ဦးကို ဝတ္ထုရေးဆရာအဖြစ် ကျွန်တော် စတင်သိကျွမ်းခဲ့ရခြင်း မဟုတ်ပါ။ သိပ္ပံနှင့် ဗဟုသုတဆောင်းပါးများ ရေးအားကောင်းသူအဖြစ်သာ ကျွန်တော် စတင်သိခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် Love Story ကို မှီးပြီး ဝတ္ထုရေးမည် ဆိုတော့ ကျွန်တော် သံသယဖြစ်မိသည်။ "ကိုယ့်လူ ကိုင်တော့ ကိုင်ပြီ၊ နိုင်မှ နိုင်ပါ့မလား" ဟု ကြားမှ တွေးပူနေမိသည်။ ယင်းသို့ တွေးပူရခြင်းမှာလည်း သူ့အတွက်ထက် မူရင်းဝတ္ထု ရေးဆရာအတွက် ပိုပြီး အလေးသာသည်။

သို့သော် တိုက်ရိုက်ဘာသာပြန်ခြင်း မဟုတ်ဘဲ မှီး၍ ရေးခြင်းဖြစ်၍ တော်သေးသည်။ မှီးဝတ္ထုမှာ မူရင်းဝတ္ထုနှင့် ဘာမှမဆိုင်၊ မှီးရေးသူက သူ မှီးချင်သလို မှီးနိုင်သည်။ အမှီး တော်လျှင် သူ့ဝတ္ထု ကောင်းမည်၊ အမှီး မတော်လျှင် သူ့ဝတ္ထု မကောင်းနိုင်။ ဒါပဲရှိသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ လေသူရဲကတော့ သူ၏ မှီးဝတ္ထုကို နေ့မအား ညမအား ကြိုးစားရေးသားနေပြီ။ သည်ကြားထဲတွင် သူက . . .

"ရေးပြီးသမျှ ပြည်းကြည့်ဦးမလား"

ဟု ကျွန်တော့်ကို လာမေးသည်။

"နေပါစေ . . . ပြီးအောင်သာ ရေးပါ၊ မဂ္ဂဇင်းမှာ ပါမှ အရသာခံပြီး ဖတ်ပါ့မယ်"

ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

× × ×

သည်လိုနှင့် နောက်တစ်လကျော်ကျော် နှစ်လ လောက်ကြာတော့ 'သွေးသောက်' မဂ္ဂဇင်းတွင် လေသူရဲတစ်ဦး၏

# အမှာ

'အရုဏ်နှင့် ဆည်းဆာ' ဝတ္ထုရှည်ကြီး အစအဆုံး ပါလာသည်။

မှတ်မှတ်ရရ ပြောရလျှင် ၁၉၇၃-ခုနှစ်၊ ဩဂုတ်လ ထုတ်တွင် ဖြစ်သည်။

မဂ္ဂဇင်းထွက်ပြီးနောက် ကျွန်တော့်စားပွဲသို့ လေသူရဲ တန်းလျှောက်လာပြီး . . .

"ဒီမှာ ပါလာပြီဗျ ကိုပေါ်ထွန်း . . . ရော့ . . ခင်ဗျား အတွက် တစ်အုပ်၊ ဖတ်ကြည့်စမ်းပါ။ ပြီးတော့ မထောက်မညှာ ဝေဖန်ပါ"

ဟု ပြောကာ သူ့လက်မှတ်နှင့် ကျွန်တော့်အတွက် မဂ္ဂဇင်းတစ်အုပ် လက်ဆောင်ပေးသွားသည်။

ကျွန်တော် မှတ်မိသလောက် ထိုနေ့က သူ စောစော အိမ်ပြန်သွားသည်။

ကျွန်တော်ကတော့ ထိုနေ့က ရုံးဆင်းပြီးနောက် အိမ် မပြန်သေးဘဲ ရုံးခန်းစားပွဲမှာပင် 'အရုဏ်နှင့်ဆည်းဆာ'ကို စိမ် ပြေနပြေ ဖတ်သည်။ ဝတ္ထုက မဂ္ဂဇင်းစာမျက်နှာ ၂၀ တိတိ ရှိသည်။

ကျွန်တော်သည် သူ့ဝတ္ထုကို သာမန် စာဖတ်သူ တစ် ယောက်လို မဖတ်ဘဲ ဝေဖန်ရေးသမားတစ်ယောက်လို ခွဲခြမ်း လေ့လာစိတ် (Critical Mind) ဖြင့် စေ့စေ့စပ်စပ် ဖတ်သည်။ ပြီးတော့ ကျွန်တော်က မျက်ရည်လွယ်တတ်သူမို့ ကိုယ့်စိတ်ကို လည်း ထိန်းပြီး ဖတ်သည်။

## အမှာ

ဇာတ်လမ်း၏ 'အခေါင်အဖျား' (Climax) အပိုင်းသို့ ရောက်လာပြီ၊ ဝတ္ထုဆုံးတော့မည်။

နောက်ဆုံး နိဂုံးစာပိုဒ်သို့ ရောက်လာသည်။

. . . . . . . . . . . .

"သား"

ကျွန်တော့်အနောက်မှ ခေါ်လိုက်သံဖြစ်၏။ ရွေ့သွားနေသော ခြေလှမ်းများ ချက်ချင်း တုံ့ခနဲ ရပ်သွားကြ၏။

ကျွန်တော့်အဖေ၊ ကျွန်တော့်အဖေ၊ ခုလိုအချိန်မျိုးတွင် ရောက်လာလိမ့်မည်ဟု ကျွန်တော် လုံးဝ မမျှော်လင့်ထားခဲ့ပါ။

. . . . . . . . . . . .

"သူ ဆုံးသွားပြီ"

အဖေ ဘာမှ ပြန်မပြောပါ။ ကျွန်တော့်လက်တစ်ဘက်ကို ညင်သာစွာ ဆုပ်ယူလိုက်ပါသည်။ သူ့လက်မှာ နွေးနေသလို ရှိ၏။

မာနကြီးလှသော ကျွန်တော်သည် ယခုတစ်ကြိမ်တွင် ဟန်မဆောင်နိုင်တော့။ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်တော့။ နောက်ဆုံးအကြိမ်အဖြစ် ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်အောင် ကြိုးစားသော်လည်း မရ၊ မျက်ရည်ဥကလေးများမှာ ကျွန်တော့် မျက်လုံးအိမ်မှ အပြိုင် ပြေးဆင်း၍လာကြသည်။

ကျွန်တော် ငိုပြီ . . . ။

အဖေ့ရင်ခွင်တွင် ကလေးငယ်တစ်ဦးကဲ့သို့ ပထမဆုံးအကြိမ် ငိုမိပြီ။

**အမှာ**

ဤတွင် ဝတ္ထုထဲက ဇာတ်လိုက်မင်းသား အရဲမှာ ကျွန်တော်ကိုယ်တိုင် ဖြစ်သွားပါလေတော့သည်။

× × ×

ထိုအချိန်မှစ၍ 'လေသူရဲတစ်ဦးတော့ ရသဝတ္ထုရေးဆရာ ကောင်းကောင်းကြီး ဖြစ်သွားပြီ' ဟူ၍ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးလိုက်မိပါသည်။

**မောင်ပေါ်ထွန်း**

**၁၉၉၂၊ ဩဂုတ် (၂၀)**

# အရုဏ်နှင့်ဆည်းဆာ

ဦးလှဝင်း (လေသူရဲတစ်ဦး)

ချစ်မြတ်နိုးခြင်းကြောင့် စိုးရိမ်ခြင်းဖြစ်၏။

ချစ်မြတ်နိုးခြင်းကြောင့် ကြောက်ခြင်းဖြစ်၏။

ချစ်ခြင်းမှ ကင်းလွတ်သူအား စိုးရိမ်ခြင်း၊
ကြောက်ခြင်း အဘယ်မှာရှိအံ့နည်း . . .။ ။

**(ဓမ္မပါဒ ပါဠိတော်မှ)**

(၁)

လှပသော မိန်းကလေးတစ်ယောက်။

အသက် နှစ်ဆယ့်ငါးနှစ်အရွယ်။

သူမသည် ဂီတကို မြတ်နိုး၏။ အလှအပကို ခုံမင်၏။ ကျွန်တော့်ကို ချစ်၏။ ကျွန်တော်ကလည်း မြတ်မြတ်နိုးနိုး ပြန်ချစ်ခဲ့၏။

ခု . . . သူ ကွယ်လွန်ပြီ။

နှစ်ဆယ့်ငါးနှစ်အရွယ်။

တကယ်တော့ သူ့ဘဝခရီးတွင် ဒီအရွယ်မှာ တက်စုံရွက်စုံ တာဝန်အပြည့်ဖြင့် စ,နှင်ရမည့်အရွယ်။ ခုတော့ တက်ကျိုးသွားပြီ။ ရွက်ပြတ်သွားပြီ။

ကျွန်တော်သည် ကျန်ရှိနေသော ကျွန်တော့်ဘဝခရီးကို ရုတ်တရက် ဘယ်သို့ ခရီးဆက်ရမည်ကို မတွေးတတ်တော့။ ကျွန်တော်၏ အနာဂတ်ကို စဉ်းစားလိုက်တိုင်း ကျွန်တော်၏ အတွေးများတွင် သူမကို ပယ်ထုတ်၍မရ။ ပေါ်နေသည်။ ကျွန်

တော်၏ မြင်လိုက်တိုင်း၊ မြင်လိုက်တိုင်း မြင်ကွင်းများတွင် သူမ ကို ဖျောက်၍မရ။ မြင်နေသည်။

လှပသော မျက်နှာလေး . . .

ရီဝေနေသော မျက်လုံးလေး . . .

ဂီတသံပါနေသော သူမ၏အသံလေး . . .

ကျွန်တော် အမြဲမြင်၍နေသည်။ ကြား၍နေသည်။

"အရဲ . . . တို့သေသွားရင် အရဲ ဘယ်လိုခံစားမလဲ"

သူ ကျွန်တော့်ကို 'အရဲ'ဟု ခေါ်သည်။ သူ့ကိုယ်သူ 'တို့' ဟု ပြောသည်။

"မင်း မသေပါဘူး မိသင်း . . . ဒါကြောင့် ဒီမေးခွန်း ကိုလည်း မေးဖို့မလိုပါဘူး"

"မဟုတ်ဘူး . . . တို့ သိချင်တယ်၊ မေးရမယ်၊ ဖြေရ မယ်"

"မဖြေဘူး"

"တို့ သိတယ် . . . အရဲလို ဒီလောက်ချောတဲ့ လူချမ်း သာယောကျ်ားတစ်ယောက်ဟာ တို့ထက်လှတဲ့ မိန်းမတွေ ပတ် လည်ဝိုင်းနေကြဦးမှာပဲ၊ တို့ကလည်း အရဲကို စိတ်လေပြီး ဆွေး နေတဲ့ မုဆိုးဖိုကြီးအဖြစ်နဲ့ မကျန်ရစ်စေချင်ပါဘူး၊ အလွန်ပျော် ပြီး မိန်းမတွေ ပတ်လည်ဝိုင်းနေတဲ့ . . . "

"ဟော့ . . . တော်တော့ မိသင်း"

"အို . . . အို . . . မာနကြီးလှပါတယ်ဆိုတဲ့ ဦးနေ လင်းရဲ့သား မျက်လုံးထောင့်မှာ မျက်ရည်စတွေနဲ့ပါလား . . .

အရဲ မငိုရဘူးနော်။ တို့ချစ်တဲ့ ယောကျ်ားဟာ မျက်ရည်လွယ်တဲ့ ယောကျ်ား မဖြစ်စေချင်ဘူး။ အားတင်းပါ အရဲရယ် . . . တို့ သေရမယ့် လူကတောင် အားတင်းနိုင်သေးတယ်။ အရဲ ဘာကြောင့် အားမတင်းနိုင်ရမှာလဲ။ လူတစ်ယောက်ဟာ တကယ် သေရမှာသိရင် မကြောက်တော့ဘူး အရဲရဲ့ . . . တို့ အခုနေရတာ သိပ်သက်သာတယ်။ အရဲကို တို့ သိပ်ကျေးဇူးတင်တာပဲ”

ကျွန်တော်သည် မျက်လုံးထောင့်တွင် စိုနေသော မျက်ရည်စလေးများကို ပြန်သိမ်းဖို့ ကြိုးစားရပြန်လေပြီ။ ထိုအချိန်က ကျွန်တော့်နှလုံးသားများမှာ တထိတ်ထိတ်နှင့် ခုန်လျက်ရှိ၏။ မိသင်းသည် အမှန်ပင် အလွန်အနေရသက်သာနေဟန်ရှိ၏။ သူ့ဆေးရုံ ခုတင်ဖြူဖြူလေးပေါ်တွင် ကလေးငယ် တစ်ဦးကဲ့သို့ မျက်လုံးလေးများ မှေး၍ နားနေပြန်၏။ အချိန်မှာ နေဝင်တော့မည်။ အမှောင်ပျိုးစ ပြုလေပြီ။ မိသင်း ခုတင်ဘောင်တွင် မှေးတင်ထားသော ကျွန်တော့်လက်ကလေးများမှာ တဆတ်ဆတ် တုန်ခါလျက်ရှိ၏။

ကျွန်တော် ဒီအဖြစ်များ၊ ဒီမြင်ကွင်းများကို ဘယ်သို့မျှ ဖျောက်၍မရသေးပါ။ အို . . . ဘုရားရှင်၊ ကျွန်တော့်အတိတ်တစ်ခုလုံးကို ကျွန်တော် မေ့လိုက်ချင်ပါသည်။ ၂၆-နှစ်မျှ နေရသေးသော လူဘဝတွင် ကျွန်တော် ဆက်၍ နေချင်ပါသေးသည်။ ကျွန်တော့်ကို မ,စပါ၊ နည်းလမ်းပြပါ။

× × ×

(၂)

ကျွန်တော် မော်ဘီ တိုက်လေယာဉ်ပျံစခန်းကို ရောက်စ ဖြစ်၏။ အချိန်မှာ ၁၉၅၈-ခု နှစ်ဦးပိုင်း။ ဆီဖြူရီ တိုက်လေယာဉ်ပျံများ မြန်မာပြည်ကို ရောက်စအချိန်လည်း ဖြစ်၏။

"ကျွန်တော် ဒီ ရောဘတ်ဂရင်အင်ဂါဆိုးရဲ့ စာအုပ်လေး ငှားချင်တယ်ဗျာ"

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တွင် ဖြစ်၏။

စနေနေ့ မနက်ခင်းဖြစ်၏။

ကျွန်တော့်မှာ တက္ကသိုလ်မှ ဘွဲ့ရ၍ လေတပ်တွင်းသို့ ရောက်နေသည်မှာ ၂ နှစ်ခန့် ရှိနေပြီဖြစ်သော်လည်း ရန်ကုန်သို့ မကြာခဏ ရောက်မြဲရောက်နေပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် စာအုပ်စာတမ်း အစုံလင်ဆုံးဖြစ်သော တက္ကသိုလ်စာကြည့်တိုက်သို့လည်း နှစ်ပတ်တစ်ကြိမ် မှန်မှန်ရောက်နေပါသည်။ မရောက်၍လည်း မဖြစ်။ ကျွန်တော့်မှာ စာရူး

စာဂျပိုး ဖြစ်၏။ ကျွန်တော့်ဖခင်ကဲ့သို့ တစ်ခုခုကို ဖတ်နေရမှ နေတတ်သူဖြစ်၏။

"ရှင့်စာအုပ်က ကြီးကျယ်လှချည်လား . . . ရှင်က စာအုပ်ထူထူကြီးမှ ကြိုက်တယ်ထင်တယ်"

စာအုပ်ငှားသည့် ကတ်ပြားလေးများကို လက်ခံနေသော မိန်းကလေးတစ်ဦးဖြစ်၏။ သူမကို ယခင်က ကျွန်တော် ဒီစာကြည့်တိုက်တွင် မမြင်ဖူးပါ။ အသစ်ဖြစ်ဟန်ရှိ၏။ ကျွန်တော့်ကို ခနဲ့တဲ့တဲ့ မေးခွန်းထုတ်လိုက်ခြင်းဖြစ်၍ ကျွန်တော့် ရင်ထဲတွင် ထောက်သွားသလို ရှိ၏။ သို့သော် သူမ၏ လှပသော မျက်နှာကလေးနှင့် ညို့ဓာတ်အပြည့်ပါသော မျက်လုံးလေးများမှာ သူမကို ရန်ဖြစ်ရခက်အောင် တားဆီးပေးထားသလို ရှိ၏။

"ဒီစာအုပ်က မထူလှပါဘူး . . . ဟိုမှာ ခင်ဗျား မမြင်ဘူးလား၊ ဒီစာအုပ်ထက်ထူတဲ့စာအုပ်တွေ အများကြီးရှိပါသေးတယ်။ ကြီးလည်း မကြီးကျယ်ပါဘူးဗျ။ 'ရောဘတ်ဂရင်အင်ဂါဆိုး' ဆိုတာ အမေရိကန်ပြည်ထောင်စုမှာတော့ ပညာတတ်ပိုင်းမှာ လူတိုင်းသိပါတယ်။ သူ့ခေတ်မှာ သူ ပညာရှင်ပဲ"

"ကဲပါ . . . ရှင့်နာမည်နဲ့ အတန်းပြောပါ၊ နောက်လူတွေ တော်တော်ကြာ စောင့်နေရပါဦးမယ်"

သူမက အားမနာတမ်း ကျွန်တော့်စကားကို တုံးတုံးကြီး ဖြတ်ချလိုက်၏။

"နေလင်းဦး"

"အတန်းက"

"အတန်းမရှိဘူး . . . ကျွန်တော်က ကျောင်းသား မဟုတ်တော့ဘူး"

"အို . . . ကျောင်းသားမဟုတ်ရင် ကျွန်မ မငှားနိုင်ဘူး၊ ရှင် ဘယ်ကလဲ"

"လေတပ်က"

"ရှင် လေတပ်ကဆိုရင် တပ်မတော်မော်ကွန်းတိုက် သွားငှားပါလား၊ ဟိုမှာ ခုလို ကြီးကျယ်တဲ့စာအုပ်မျိုးတွေ ကျွန်မတို့ တက္ကသိုလ်စာကြည့်တိုက်ထက် စုံပါတယ်"

"ကျွန်တော်က ဒီစာကြည့်တိုက်မှာပဲ ငှားချင်တယ်။ ကျွန်တော့်မှာ ငှားခွင့်လည်း ရှိပါတယ်။ ခင်ဗျား မယုံရင် စာကြည့်တိုက်မှူးကို သွားမေးကြည့်ပါ၊ နေလင်းဦးဆိုတာ စာအုပ်လာငှားနေတယ်၊ ငှားလိုက်ရမလားလို့"

သူမသည် ကျွန်တော့်ကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် အံ့သြစွာ မော့ကြည့်လိုက်၏။ ထို့နောက် သွက်လက်စွာပင် စာကြည့်တိုက်မှူး ဦးသိန်းတန်အခန်းသို့ ဝင်သွားခဲ့၏။

တစ်မိနစ်အတွင်းပင် သူမ ပြန်၍ ထွက်လာသည်။

"ဘာတဲ့လဲ"

ကျွန်တော်က အောင်မြင်သောအသံဖြင့် သူမကို လှမ်းမေးလိုက်၏။

"ငှားလိုက်တဲ့ . . . မင်း သူ့ကို မသိဘူးလားလို့လည်း ဆရာက ကျွန်မကို မေးသေးတယ်၊ ဘာလဲ . . . ရှင်က တိုင်း

သိပြည်သိ နာမည်ကြီးထဲကများလား”

“မဟုတ်ပါဘူး . . . ကိုယ့်နာမည်ကို ဒီနိုင်ငံမှာ ဘယ်သူမှ မသိပါဘူး၊ မင်း သိပ်အထင်ကြီးမသွားနဲ့ဦး”

“မကြီးပါဘူး . . . ဆရာပြောလိုက်တဲ့ စကားကို နားမလည်လို့ ပြန်မေးမိတာပါ၊ ပြောပါဦး . . . ကျွန်မ ရှင့်ကို သိလောက်အောင် ရှင် ဘယ်သူလဲ”

“ပြောပြီးပြီမဟုတ်လား၊ ကိုယ့်နာမည် နေလင်းဦးလို့”

“ဟုတ်တယ်လေ . . . ဒါပေမဲ့ ကျွန်မ ဒီနာမည်ကို ကြားမှ မကြားဖူးဘဲ၊ ကျွန်မက ဒီစာကြည့်တိုက်က အမှုထမ်း မဟုတ်ဘူး။ မြန်မာစကားပြေနဲ့ မဟာဝိဇ္ဇာတန်းတက်နေတဲ့ နောက်ဆုံးနှစ်ကျောင်းသူတစ်ယောက်ပါ။ ဒီစာအုပ်ငှားတဲ့နေရာမှာ ခါတိုင်းလုပ်နေတဲ့ မိန်းကလေးက ကျွန်မသူငယ်ချင်း . . . သူ ခုနက အပြင်ခဏထွက်သွားလို့ ကျွန်မ ကူပြီးငှားပေးနေရတာ”

“ဟုတ်ပါတယ် . . . ကိုယ် တွေးမိပါတယ်၊ မင်း ဒီတက္ကသိုလ်ရောက်ကတည်းက အားကစား အသင်းအဖွဲ့တွေထဲ တစ်ခုမှ မပါဖူးဘူးထင်တယ်”

“ဟုတ်ကဲ့ . . . မပါဖူးဘူး၊ ကျွန်မ ဝါသနာလည်း မပါဘူး”

“ဒါကြောင့်မို့လို့လည်း ကိုယ့်ကို မင်း မသိတာပါ။ ကိုယ် ဒီတက္ကသိုလ်ဘောလုံးအသင်းမှာ သုံးနှစ်လောက် ဆက်တိုက် ကစားဖူးတယ်”

မှန်သည်။

တကယ်တော့ ကိုယ့်ကိုကိုယ် ကြွားသလို ဖြစ်နေမည်စိုး၍ သူမကို လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်မိခြင်းသာ ဖြစ်၏။ ကျောင်းသားဘဝက အားကစားလောကတွင် ဘောလုံးသမား ကျွန်တော့်နာမည်ကို လူတိုင်းသိပါသည်။ မဟာဝိဇ္ဇာတန်း တက်နေသည့် ကျောင်းသူဟု ဆိုသဖြင့် ကျွန်တော် တက္ကသိုလ်၌ ရှိစဉ် အချိန်ကို သူမ ကောင်းကောင်းမိပါသည်။ အားကစားဝါသနာ မပါလွန်းသူဖြစ်၍သာ ကျွန်တော့်ကို မသိခြင်းဖြစ်၏။

"ကိုင်း . . . ရှင် ဒီမှာလက်မှတ်ထိုး"

ကျွန်တော် သူမ ထုတ်ပေးသည့် ကတ်ပြားလေးပေါ်တွင် လက်မှတ်ထိုးပေးလိုက်၏။

"ရှင် လိုချင်တဲ့စာအုပ် ယူသွားနိုင်ပါပြီ"

ကျွန်တော်သည် ပြုံး၍ သူမကိုနှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့၏။ အချိန်မှာ မနက် ၁၀-နာရီခန့် ရှိလေပြီ။ ကျွန်တော်သည် စာကြည့်တိုက်ဘေး မြက်ခင်းပြင်ကို ဖြတ်ဖောက်ထားသော လူသွားလမ်းလေးအတိုင်း သမိုင်းဌာနမှ ကျွန်တော့်သူငယ်ချင်းနည်းပြဆရာ စိုးထွန်း အခန်းရှိရာသို့ လျှောက်လာခဲ့၏။ စိုးထွန်းအခန်း ဝင်ရောက်သည်အထိ သူမ၏ မျက်နှာလေးကို မြင်နေမိ၏။ ဘုကျကျပြောတတ်သော သူမ၏အသံလေးကို ကြားနေမိ၏။

ထိုနေ့က စိုးထွန်း သူ့အခန်းတွင် မရှိပါ။ အပြင်ထွက်နေသည်။ ထို့ကြောင့် စိုးထွန်းကို စောင့်ရင်း အအေးသောက်

ရန် မုန့်စားဆောင်ရှိရာသို့ လျှောက်လာ၏။

မုန့်စားဆောင်အဝတွင် ဖြစ်၏။

"ဩော် . . . ရှင် မပြန်သေးဘဲကိုး"

သူမသည် ကျွန်တော့်ကို လုံးဝ ဂရုမထားဟန်ဖြင့် ခပ်ပေါ့ပေါ့ ပြုံး၍ နှုတ်ဆက်လိုက်၏။

"ဟုတ်တယ်၊ ကိုယ့်သူငယ်ချင်းတစ်ယောက် ရှာမတွေ့လို့ သူ့ကိုစောင့်ရင်း ဒီဘက်ထွက်လာတာ၊ မင်းလည်း မုန့်စား မလို့ မဟုတ်လား၊ လာလေ . . . အအေးသောက်ကြရအောင်"

ကျွန်တော်ကလည်း သူမကို အံ့ဩဟန်မပြဘဲ အလေး မထားဟန်ဖြင့်ပင် ပြန်၍ နှုတ်ဆက်လိုက်၏။ သူမ ကျွန်တော့်ကို ဘာမှပြန်မပြောပါ။ ကျွန်တော့်ဘေးမှ တည်ငြိမ်စွာ ကပ်လိုက်လာခဲ့၏။

"ကျွန်မ ရှင် ထွက်သွားမှ တွေးမိတော့တယ်၊ ရှင် ဝတ်လုံ ဒေါက်တာဦးနေလင်းသား မဟုတ်လား"

"ဟုတ်တယ်"

ကျွန်တော်တို့နှစ်ဦးစလုံး အအေးဆိုင် တစ်ခုမှ ထိုင်ခုံများတွင် ဝင်ထိုင်လိုက်ကြ၏။

"ရှင်တို့က မျိုးကြီးဆွေကြီးတွေပဲ . . . ဒါကြောင့်မို့ ဆရာဦးသိန်းတန်က ပြောတာကိုး၊ ရှင့်အဖေ ဝတ်လုံ ဒေါက်တာ ဦးနေလင်းကို တစ်တိုင်းပြည်လုံး သိနေတာပဲ။ ရှင့်အဖိုး ဦးထွန်းလင်းဟာလည်း တစ်တိုင်းပြည်လုံး သိခဲ့တာပဲ"

"ရှင်တို့ လင်းအမျိုးတွေ ဒီလောက်နာမည်ကြီးကြတာ

တစ်နေ့ ရှင်လည်း နာမည်ကြီးလာဦးမှာပေါ့”

မှန်သည်။

အမျိုးအဆွေအားဖြင့် ကျွန်တော်တို့ အမျိုးမှာ အဘက်ဘက်တွင် ထူးချွန်သည့်အမျိုးဖြစ်၏။ ကျွန်တော့်အဖိုး ဦးထွန်းလင်းမှာ သူ့ခေတ်တွင် မြန်မာ့စီးပွားရေးလောကတွင် အကျော်ကြားဆုံးပုဂ္ဂိုလ် ဖြစ်၏။ သူမည်မျှချမ်းသာသည်ကို မည်သူမျှ တိတိကျကျ မခန့်မှန်းတတ်ခဲ့ပါ။ ကျွန်တော်တို့ တက္ကသိုလ်တည်ထောင်စက အဆောက်အအုံများ ဆောက်လုပ်ရန် အင်္ဂလိပ်အစိုးရက မြန်မာသူဌေးများထံတွင်အလှူခံစဉ် ကျွန်တော့်အဖိုးသည် အများဆုံး လှူခဲ့၏။ ထို့ကြောင့် ယခု တက္ကသိုလ်တွင် ခန်းမတစ်ခုကို ကျွန်တော့်အဖိုးနာမည်ပေး၍ ဂုဏ်ပြုထားရှိ၏။ အဖိုးတွင် သားနှစ်ယောက်ရှိ၏။

ကျွန်တော့်အဖေမှာ အဖိုး၏ ဒုတိယသားဖြစ်၏။ အဖိုး၏ သားကြီး၊ ကျွန်တော့်ဘကြီး ဦးမြတ်လင်းမှာ အင်္ဂလိပ်ခေတ်မြန်မာအဆောက်အအုံ အင်ဂျင်နီယာများတွင် အကျော်ကြားဆုံး ဗိသုကာကြီးပင် ဖြစ်၏။ ရန်ကုန်မြို့ရှိ ထင်ရှားကျော်ကြားသော အဆောက်အအုံတိုင်းမှာ သူ့လက်ရာနှင့် မကင်းပါ။

ဘကြီးတွင် သားတစ်ယောက်၊ သမီးတစ်ယောက်ရှိ၏။ ဘကြီးသား ဦးကျော်လင်းမှာ စီးပွားရေး ပါရဂူဘွဲ့ ရထားသူဖြစ်၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရစက အစိုးရ စီးပွားရေးအကြံပေး ပါရဂူအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး ယနေ့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ကုလသမဂ္ဂ စီးပွားရေးဌာနခွဲတွင် အမှုထမ်း

နေသူဖြစ်၏။

ဘကြီးသမီး မမေမေလင်းမှာလည်း ဆေးပညာရှင်တစ်ဦးဖြစ်၏။ မြန်မာအမျိုးသမီးများတွင် ရှားရှားပါးပါး လန်ဒန်တက္ကသိုလ်မှ ခွဲစိပ်ဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ရထားပြီး မော်လမြိုင်ဆေးရုံတွင် အထူးကုဆရာဝန်မကြီးအဖြစ် အမှုထမ်းနေသူဖြစ်၏။

ကျွန်တော်တို့ လင်းမျိုးတွင် ဆင်းရဲသူ၊ နာမည် မကျော်ကြားသူ တစ်ဦးတစ်ယောက်မျှ မရှိ။

"မင်း ထင်တာတော့ ထင်ချင်သလို ထင်ပေါ့ . . . ကိုယ်ကတော့ ကိုယ့်ကိုကိုယ် သိပါတယ်၊ ကိုယ် ဘယ်တော့မှ နာမည်ကြီးဖြစ်လာမယ့်သူ မဟုတ်ဘူး။ ကိုယ် ဒီတက္ကသိုလ်မှာ တုန်းက ရိုးရိုးသိပ္ပံဘွဲ့ပဲ ယူခဲ့တယ်။ အောင်တော့လည်း ဘာစီးပွားရေးအလုပ်မှ မလုပ်ခဲ့ပါဘူး။ ဘာပညာရှင်ဖြစ်ဖို့မှ မကြိုးစားခဲ့ပါဘူး။ လေတပ်ထဲကို လေယာဉ်မောင်းဖို့ ဝင်ခဲ့ပါတယ်။ အခု လေသူရဲလုပ်နေတယ်"

"ရှင် တစ်နေ့ လေသူရဲအနေနဲ့ရော နာမည်ကြီး လေသူရဲ ဖြစ်မလာနိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး . . . ဖြစ်လာရင်လည်း ကိုယ့်မိဘအရှိန်အဝါ၊ ကိုယ့်ဆွေမျိုးဂုဏ်ကိုယူပြီး ဖြစ်လာတာမျိုး ဖြစ်မှာမဟုတ်ဘူး။ ကိုယ် အခု တိုက်လေယာဉ်မောင်းနေရတဲ့ တိုက်လေသူရဲ၊ တိုက်လေသူရဲအနေနဲ့ ကျော်ကြားလာတဲ့လူဟာ ဘာဂုဏ်တွေပေါ်မှာမှ မတည်ပါဘူး။ တစ်ဦးချင်းရဲ့သတ္တိနဲ့ ကုသိုလ်

ကံတရားပေါ်မှာသာ တည်ပါတယ်။ ရန်သူစခန်းကို သွားပစ်ရတဲ့အချိန်မှာ ဦးနေလင်းသား ဆိုပြီး အောက်က ရန်သူတွေက ကိုယ့်တိုက်လေယာဉ်ပျံကို မပစ်ဘဲ ငြိမ်ကြည့်နေကြမှာ မဟုတ်ဘူး။ အခွင့်သာတာနဲ့ ပစ်ချကြမှာပဲ။ ကံတရားဆိုတာလည်း ဘယ်သူ စိုးမိုးနိုင်လို့လဲ။ ဦးနေလင်းသားမို့ ကံတရားဟာ သူ့ဘက်မှာ အမြဲရှိနေရမယ်လို့ ဘယ်သူပြောနိုင်လဲ”

သူမမှာ ကျွန်တော့်ပြောဟန်ကိုကြည့်ပြီး ငြိမ်နေပါသည်။ ရုတ်တရက်လည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေဟန်ရှိ၏။

“ဒါပေမဲ့ ရှင့်နာမည် နေလင်းဦးဆိုတာတော့ ရှင့်အဖေဂုဏ်ကို ဖော်ပြီး ရှေ့တင်ပြီး မှည့်ထားတာမဟုတ်လား”

အအေးဆိုင်မှ အလုပ်သမား မိန်းကလေးတစ်ဦးက လိမ္မော်ရည်နှစ်ခွက် ချသွားပါသည်။ သူမသည် ကျွန်တော့်ကို အားမနာတမ်း ပုတ်ခတ်လိုက်ပြန်၏။ ယခုတစ်ကြိမ် သူမ ပြောလိုက်သောစကားမှာ မှန်နေသဖြင့် ကျွန်တော့်မှာ ဘောလုံးကစားစဉ် ကိုယ့် ညို့သကျည်းကို တစ်ဖက်လူ၏ ဖိနပ်များနှင့် အထိုးခံလိုက်ရသလို ရင်ထဲတွင် အောင့်၍သွား၏။

“ဟုတ်ပါတယ် . . . ဒါကတော့ ကိုယ် ငြင်းလို့မရပါဘူး။ ကိုယ့်နာမည်က ကိုယ့်အဖေဂုဏ်ကို ဖော်ထားသလို ဖြစ်နေတာတော့ အမှန်ပဲ။ မင်း ယုံချင်မှ ယုံပေါ့။ ကိုယ် ရိုးရိုးသားသား ပြောရရင်တော့ ကိုယ် ဒီနာမည်ကို မကြိုက်ပါဘူး။ ဒါပေမဲ့ သားလုပ်တဲ့လူက အဖေပေးထားတဲ့ နာမည်ကို ဘယ်လိုလုပ်

ပြင်မလဲ။ အဖေလုပ်တဲ့လူဟာ သူ့သားကို သူပေးချင်တဲ့နာမည် ပေးနိုင်တယ် မဟုတ်လား။ သားလုပ်တဲ့သူဟာ သူ့မိခင်ဝမ်းကို ဝင်လာတဲ့အချိန်မှာ ဒီအဖေမကြိုက်ဘူး၊ ဟိုအမေ မကြိုက်ဘူး လို့ ငြင်းလို့မရသလို၊ ဒီအဖေပေးတဲ့ နာမည်ကိုလည်း ငြင်းလို့ မှ မရဘဲ။ ကိုယ့်မှာ ငယ်နာမည်ရှိပါတယ်။ 'အရဲ' တဲ့ . . . ကိုယ် နေလင်းဦးထက် ကိုယ် 'အရဲ'ကို ပိုက်ကြိုက်ပါတယ်။ ကိုယ့်သူငယ်ချင်း တော်တော်များများကလည်း ကိုယ့်ကို အရဲ လို့ပဲ ခေါ်ပါတယ် . . . "

"ဘာ . . . အရဲ"

"ဟုတ်တယ် . . . အရဲ"

"အရဲ . . . အရဲ . . . ကောင်းသားပဲ၊ အရဲလို့ ခေါ် ရတာ ကျွန်မ ပိုခေါ်လို့ ကောင်းသလိုပဲ"

"ဒါထက် မင်းနာမည်က . . . "

"မေလွင်သင်း . . . ဒါပေမဲ့ ရှင့်သူငယ်ချင်းတွေက ရှင့်ကို အရဲလို့ ခေါ်သလိုပဲ ကျွန်မသူငယ်ချင်းတွေကတော့ ကျွန်မကို မိသင်းလို့ ခေါ်ကြတယ်"

ကျွန်တော် လိမ္မော်ရည်ဖန်ခွက်ကိုယူ၍ တစ်ကျိုက် သောက်လိုက်ပါသည်။ မိသင်းသည်လည်း သွက်လက်စွာ သူ့ ရှေ့မှ လိမ္မော်ရည်ခွက်ကို လှမ်းယူ၍ တစ်ကျိုက် သောက်လိုက် ၏။ သူမ၏ လှုပ်ရှားမှုများမှာ မြူးကြွနေသော ငှက်ကလေး တစ်ကောင်နှင့် တူလှ၏။ သူမ၏မျက်နှာမှာလည်း နံနက်ခင်း ၏ နေခြည်များကဲ့သို့ပင် လတ်ဆတ်လျက်ရှိ၏။

"မင်း မဟာဝိဇ္ဇာတန်းအောင်ရင် ဘာလုပ်မလဲ"

"မြန်မာစာဌာနမှာပဲ ဆရာမဝင်လုပ်မှာပေါ့"

"ခု . . . မင်း နေတော့ အဆောင်မှာလား၊ အိမ်မှာလား"

"အဆောင်မှာ"

"ဘယ်အဆောင်လဲ"

"အင်းလျား"

"အင်း . . . ဒါဆိုရင် ကောင်းသားပဲ၊ မင်း အဆောင်ပြန်ချင်ရင် ကိုယ့်ကားနဲ့ လိုက်ခဲ့နိုင်ပါတယ်"

"အမယ် . . . ရှင့်ကို ဘယ်သူက လိုက်ပါရစေလို့ ပြောနေလို့တုန်း"

"မင်း မျက်လုံးတွေက ပြောနေပါတယ်၊ လိုက်မယ် မဟုတ်လား"

မိသင်း ကျွန်တော့်ကို ဘာမှပြန်မပြောပါ။ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ ထိုပြုံးဟန်လေးမှာ ကျွန်တော် ဘယ်အခါမှ မေ့တော့မည်မဟုတ်ပါ။ ကျွန်တော့်ရင်ထဲတွင် အမြဲကျန်နေမည့် အပြုံးဖြစ်၏။

တကယ်တော့ မိသင်းမှာ အလွန်လှသော မိန်းမချောကြီးဟု ပြောနိုင်သော ရုပ်ရည်မျိုးရှိသူမဟုတ်ပါ။ သူမ၏ မျက်နှာလေးမှာ သာမန် ရိုးရိုးယဉ်ယဉ်လေးသာဖြစ်ပြီး သူ့ကိုယ်ခန္ဓာ အချိုးအဆစ်မှာလည်း သာမန် သွယ်သွယ်နွဲ့နွဲ့လေးဖြစ်၏။ ဘာမှ မထူး၊ ချီးမွမ်းဖော်ပြနေလောက်အောင်လှသော အလှ

မျိုးမဟုတ်။ မိသင်းထက်လှသော မိန်းကလေးများ ကျွန်တော့် ပတ်ဝန်းကျင်တွင် အမြောက်အမြား ရှိပါသည်။ ကျွန်တော့် ရင်ခွင်တွင်းသို့လည်း အမြောက်အမြား ဝင်ခဲ့ဖူးပါသည်။

တကယ်တော့ ကျွန်တော်သည် ဒီ ရန်ကုန်တက္ကသိုလ် တွင် ရှိစဉ် အခြားသူများကဲ့သို့ပင် ကံ့ကော်တောမှ ဇာတ်လမ်း များ အများအပြားရှိခဲ့ဖူးပါသည်။ ရိုးရိုးရှင်းရှင်းဝန်ခံရလျှင် အခြားသူများထက်ပင် နှစ်ဆသုံးဆ ပိုမည်ဟု ဆိုချင်ပါသည်။ မပို၍လည်းမဖြစ်၊ ကြည့်ပါ။ ကျွန်တော့်မိဘကလည်း အလွန် ချမ်းသာသည်။ တက္ကသိုလ်ရောက်သည့်နှစ်မှစ၍ ကားတစ်စီး ကို စာသင်ခန်းဘေးတွင်ထိုးပြီး ကျောင်းတက်ခဲ့သည်။ တက္ကသိုလ် လှေလှော်အသင်း၊ ဘောလုံးအသင်းတွင် ပထမတန်း အားကစား သမား ဖြစ်၏။

ရုပ်ကိုလည်း ကြည့်ပါဦး၊ ကျွန်တော့်အရပ်မှာ ခြောက် ပေတစ်လက်မရှိ၏။ ကျွန်တော့် ခြေတံလက်တံများမှာ အလေးမ သမားတစ်ဦးကဲ့သို့ အဖုအထစ်များနှင့် ဖြစ်မနေသော်လည်း ကြည့်လိုက်သည်နှင့် အလွန်သန်မာသည့်အသွင်မှာ အထင် အရှား ပေါ်၍နေ၏။ ကျွန်တော့်မိခင်မှာ မော်လမြိုင်သူ မွန် အမျိုးအနွယ်ဖြစ်၏။ အလွန်လှသောမျက်နှာကို ပိုင်ဆိုင်ထား သူဖြစ်၏။ ကျွန်တော့်မှာ မျက်နှာအနေအထားတွင် ကျွန်တော့် မိခင်ထံမှ အမွေရထားသူဖြစ်၏။ ကျွန်တော့်မိခင်၏ ဆွေမျိုး သားချင်းများက ကျွန်တော့်မျက်နှာကိုမြင်သည်နှင့် ကျွန်တော့် အမေ မလှမြိုင်သားမှန်းသိနိုင်သည်ဟု ပြောကြ၏။

ထို့ကြောင့် ဘဝပေးအခြေအနေ ဤမျှကောင်းနေသော ကျွန်တော်မှာ ကံ့ကော်တောတွင် ဇာတ်လမ်းအမျိုးမျိုး ကနိုင်ခဲ့သည်မှာ တကယ်တော့ မဆန်းပါ။ ကျွန်တော့်နေရာတွင် အခြားလူတစ်ယောက်ရှိလျှင်လည်း ဤသို့ပင် ဇာတ်လမ်းမျိုးစုံ က,နိုင်ခဲ့မည်သာ ဖြစ်၏။

တစ်ခါက တက္ကသိုလ်မှ ကျွန်တော့်ဆရာတစ်ဦးက ဖွင့်ပြောဖူးပါသည်။ “ငါထင်တယ်ကွာ . . . သတ္တဝါတွေအထဲမှာ လူဆိုတဲ့သတ္တဝါဟာ အယုတ်ဆုံးကွ၊ ဘယ်လောက် ယုတ်တယ်ဆိုရင် တခြားလူတွေကို လေ့လာကြည့်ရင် မသိဘူး။ ကိုယ့်ကိုကိုယ် လေ့လာကြည့်မှ သေသေချာချာသိတော့တယ်” မှန်သည်။ ကျွန်တော်မှာ လူယုတ်ထဲက လူယုတ်တစ်ယောက်ပင် ဖြစ်ပါသည်။

တစ်ခါတစ်ခါ ပိုယုတ်သည်ဟုပင် ဆိုလိုက်ချင်ပါသေးသည်။ ကံ့ကော်တောမှ ဇာတ်လမ်းများကို က,ခဲ့စဉ်က ကျွန်တော်နှင့်တွဲက,ခဲ့သော မိန်းကလေးများရင်တွင် မည်သို့ကျန်ရစ်ခဲ့ကြမည် မသိပါ။ ကျွန်တော့်မှာ ပွဲပြီးမီးသေ ဖြစ်၏။

တစ်ကြိမ်တစ်ခါမှ ဒီအဖြစ်များကို ယောင်၍ ပြန်မတွေးခဲ့မိ။ သတိမရခဲ့ဖူး။ ကျွန်တော့်အဖို့မှာ ဒီဇာတ်လမ်းမျိုးများ တစ်ပွဲပြီးလျှင် နောက်တစ်ပွဲက,ဖို့ အမြဲ အသင့်ပြင်ထားပြီး ဖြစ်၏။ တစ်ခါတစ်ရံ တစ်ချိန်တည်းပင် နှစ်ပွဲသုံးပွဲ က,နေတတ်ပါသေးသည်။

မှန်သည်။ ထို့ကြောင့် မိသင်း၏ ပင်ကိုယ်အလှမျိုးမှာ

ကျွန်တော့်ဘဝတွင် မည်သို့မျှ တုန်လှုပ်လောက်သော အလှမျိုး မဟုတ်။ ဘာမှ မထူးဆန်း။ ကျွန်တော့်ရင်ခွင်ထဲ ရောက်ရန် နှစ်ခါတိုင်လှုပ်ရန်ပင်မလိုသည်ကို မြင်လိုက်သည်နှင့်သိလေပြီ။

“မင်းလက်ချောင်းလေးတွေ တယ်လှပါလား”

“ဘာလဲ . . . လူကို သရော်ပြီးပြောတာလား”

“မဟုတ်ပါဘူးကွာ . . . မင်းကိုယ်လည်း မင်း လှမှန်း သိမှာပါ”

မှန်သည်။ သူမ၏ လက်ချောင်းများမှာ သွယ်ပြီး နွဲ့၍ လှနေ၏။ သူမ၏တစ်ကိုယ်လုံးတွင် ဤလက်ချောင်းလေးများ အလှဆုံးဟု ဆိုလိုက်ချင်၏။ သူသည် ကျွန်တော့်ကို စိုက်၍ ကြည့်လိုက်ပြီး . . .

“ဘာပြုလို့ တို့လက်တွေ လှနေတာလဲ သိလား”

“မသိဘူး . . . ပြောစမ်းပါဦး”

“မပြောဘူး . . . နောက်တော့ ရှင်သိလာမှာပါ”

သူမသည် နှစ်ခြိုက်စွာပြုံးလိုက်၏။ ကျွန်တော်ကလည်း နှစ်ခြိုက်စွာ ပြန်ပြုံးလိုက်၏။

× × ×

# (၃)

ထိုအပတ်မှစ၍ အပတ်စဉ်လိုလိုပင် စနေနေ့တိုင်း ကျွန်တော် ရန်ကုန်တက္ကသိုလ် ပင်မစာကြည့်တိုက်ကို ရောက်နေမိ၏။ ကျွန်တော်ရောက်တိုင်းပင် မိသင်းနှင့်တွေ့၏။ ကျွန်တော် အရောက်မှန်နေသလို မိသင်းလည်း အစောင့်မှန်၍နေ၏။

"ဟော့ . . . မင်း နောက်အပတ်အင်္ဂါနေ့ညနေဘက် မအားဘူးလား"

တစ်ခုသောစနေနေ့ နေ့လယ်ပိုင်းတွင်ဖြစ်၏။ ကျွန်တော်မှာ စာကြည့်တိုက်မှ ပြန်ခါနီး အဆောင်မပြန်သေးဘဲ သူ့သူငယ်ချင်းတစ်ယောက်ကို ဆက်စောင့်နေမည်ဆိုသော မိသင်းကို လှမ်းမေးလိုက်မိ၏။

"ဘာလုပ်ဖို့"

"ဘောလုံးပွဲလိုက်ကြည့်ဖို့ ခေါ်ချင်လို့"

"ဘာ . . . ဘောလုံးပွဲ"

"ဟုတ်တယ် . . . အဲဒီညနေ ကိုယ်တို့လေတပ်နဲ့ ရေတပ် ကစားမယ်"

"မကြည့်ချင်ပါဘူး . . . အော်ကြဟစ်ကြနဲ့ ဒီလောက်နားငြီးစရာကောင်းတာ"

"လိုက်ခဲ့စမ်းပါ . . . ကိုယ် ကြည့်စေချင်လွန်းလို့ပါ၊ ကိုယ် တောင်းပန်ပါတယ်"

"ဘာပြုလို့ ကြည့်စေချင်တာလဲ"

ကျွန်တော် တောင်းပန်သည်ဟု ရှိသည်နှင့် သူ ချက်ချင်းပင် တစ်ထစ်လျှော့လိုက်လေပြီ။

"အဲဒီနေ့မှာ ကိုယ်ကိုယ်တိုင် ဝင်ကစားရမယ်"

"ဘယ်ဘက်ကလဲ"

"လေတပ်ဘက်ကပေါ့ကွယ်"

"ဒါဖြင့် လိုက်မယ်လေ"

× × ×

(၄)

ထိုနေ့ပွဲမှာ အလွန်စည်ကားသောပွဲဖြစ်၏။ အောင်ဆန်းကွင်း၏ လေးဘက်လေးတန်လုံးတွင် လူပြည့်လျှံနေသည်။ လေတပ်အသင်းတွင် အရာရှိထဲမှ ထွန်းမင်းနှင့် ကျွန်တော် ဝင်ကစားသည်။

ထွန်းမင်းမှာ ရှေ့တန်း ဘယ်အတွင်းလူဖြစ်၍ ကျွန်တော်မှာ ရှေ့တန်း ညာအတွင်းလူဖြစ်၏။ ထွန်းမင်းနှင့် ကျွန်တော်မှာ ရန်ကုန်တက္ကသိုလ်သင်းတွင် ကစားခဲ့စဉ်ကလည်း အလွန် အချိတ်အဆက်မိခဲ့ကြသော အတွဲဖြစ်၏။ လေတပ်သို့ တစ်နေ့တည်း အတူတူဝင်လာသူများဖြစ်၏။

ပွဲစပြီ . . . ။

ပထမ လေးဆယ့်ငါးမိနစ်ပင်ပြည့်ပြီ။

ရေတပ်အသင်းနှင့် ကျွန်တော်တို့အသင်းမှာ မည်သူ့ဘက်ကိုမှ ဂိုးမသွင်းနိုင်ကြသေးပါ။ ထွန်းမင်းနှင့် ကျွန်တော်မှာ လေတပ်အသင်း၏ တိုက်စစ်မှူးများဖြစ်သည်ကို ရေတပ်

အသင်းမှလူများ ပထမပိုင်းကစားပြီးသည်နှင့် တွေးမိသွားကြ
ဟန်ရှိ၏။ ကျွန်တော်တို့နှစ်ယောက်ကို ဒုတိယပိုင်း ပြန်စချိန်မှ
စ၍ အသေကပ်ထားကြ၏။ အခွင့်သာတိုင်းလည်း မညှာတမ်း
ကြမ်းကြမ်းရမ်းရမ်း သူတို့ကစားကြသည်။

ဒုတိယပိုင်းစပြီး ၁၅မိနစ်ခန့်တွင် ဖြစ်၏။

ကျွန်တော်တို့ဂိုးရှေ့တွင် ရေတပ်အသင်းမှ ရှေ့တန်း
ကစားသမားများလက်တွင် ဘောလုံးရောက်နေပြီ ကျွန်တော်တို့
နောက်တန်းကစားသမားနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် အလု
အယက်ကစားနေရာမှ ရုတ်တရက် ကွင်းဘယ်ဘက် အလည်
စည်းနားတွင်စောင့်နေသော ထွန်းမင်းထံသို့ ဘောလုံးရောက်
သွား၏။ ထွန်းမင်းသည် မနားတမ်းပင် ကျွန်တော့်ကို လှမ်းပေး
၏။ ကျွန်တော်က တစ်ခါ ရေတပ်အလယ်တန်း တစ်ယောက်
ကို ကျော်ပြီး ထွန်းမင်းကို ပြန်ပေးလိုက်၏။ ထွန်းမင်းက ရေတပ်
ဂိုးစည်းထဲ ဆွဲသွားမလိုလုပ်ပြီးမှ ကျွန်တော့်ကို အနီးကပ် ပြန်
ပေးလိုက်ပြန်၏။

ထိုအချိန်၌ ရေတပ်မှ နောက်တန်းသမား နှစ်ယောက်
မှာ ကျွန်တော့်အနီးတွင် ကပ်ရောက်နေကြပြီး ဂိုးစည်းထဲတွင်
ဂိုးသမားတစ်ဦးမှတစ်ပါး လူရှင်းလျက်ရှိသဖြင့် ကျွန်တော်သည်
ရေတပ်နောက်တန်းနှစ်ယောက်အလယ်ကို ဘောလုံးဖြတ်ထိုး
ထည့်ပေးလိုက်ပြီး ဘယ်ဘက်မှပန်း၍ ဂိုးထဲသို့ လူရော ဘောလုံး
ပါ ဆွဲသွင်းသွားခဲ့၏။ သို့သော် ရေတပ်နောက်တန်းသမားများ
မှာ အလွန်ညစ်သူများဖြစ်၏။ ရုတ်တရက် ဘောလုံးဆွဲသွား

သော ကျွန်တော့်ခါးပိုင်းကိုဖြတ်၍ နှစ်ယောက်ပူးပြီး တစ်ယောက်က ကိုယ်နှင့် တစ်ယောက်က ဒူးဖြင့် ပိတ်ညှပ် ရိုက်ပစ်လိုက်၏။ ကျွန်တော် သူတို့ညစ်ကွက်ကို မြင်ပါသည်။ ညာဘက်ကလူ၏ဒူးကို ကျွန်တော့်ဖိနပ်ဦးလေးနှင့်ထောက်ပြီး ကိုယ်ကိုတိမ်းပစ်ဖို့ ကြိုးစားသေး၏။ မရ၊ တစ်ဖက်မှ ဦးနေပြီဖြစ်၍ ကျွန်တော့်ခန္ဓာကိုယ်မှာ လေးငါးပတ်လိမ့်၍ စည်းနားသို့ လွင့်ထွက်သွား၏။

ပရိသတ်၏ ဝေါခနအော်လိုက်သံ ပေါ်လာသည်။ ဒိုင်လူကြီး၏ ခရာမှုတ်သံ ထွက်လာသည်။

မြောက်ဘက်တန်းဘက်မှ ရေတပ်ဘက်ကို အော်ဆဲသံကြားလိုက်ရသည်။

ကျွန်တော့်ညာဘက်ခြေမျက်စိမှာ နာသွားလေပြီ။ ရုတ်တရက် ညာဘက်ခြေကို ဆန့်ပင် ဆန့်၍မရ။ ကျွန်တော့်ရဲဘော်ကစားသမားများ ချက်ချင်း ကျွန်တော့်အနီးသို့ ရောက်လာပြီး ကွင်းအပြင် အထူးပွဲကြည်စင်အစပ်သို့ ချီမ, သွားကြ၏။

တစ်မိနစ်ခန့်အတွင်းပင် ပွဲပြန်စပါသည်။

ကျွန်တော့်ကိုညစ်သော ရေတပ်မှ နောက်တန်းလူ နှစ်ယောက်ကြောင့် ကျွန်တော့်တို့ဘက်မှ 'ပင်နတီ'ဘောရ၏။ ထွန်းမင်းက ကန်၏။ မဝင်၊ ကံဆိုးလှပါဘိ၏။ ကျွန်တော်သည် ကွင်းဘေးတွင် ရဲဘော်၏ အနာပျောက်ဆေး ထိုးပေးနေသည်ကို ခံရင်း ထွန်းမင်းကို ဒေါသဖြစ်လှမိ၏။ ပွဲမှာ ပို၍ကြမ်းလာသည်။ ပရိသတ်အော်သံမှာ ပို၍ညံလာသည်။

"ဟော့ . . . တော်တော်နာသွားသလား"

မိသင်း၏အသံဖြစ်၏။ ကျွန်တော် ဆေးထိုးနေခဲ့သော အထူးတန်း ကွင်းအစပ် သံတိုင်များအနီးသို့ ဘယ်အချိန်က ရောက်လာသည်မသိပါ။ သူ့မျက်နှာမှာ ချွေးလေးများ စို့နေ၏။ ပရိသတ်နှင့် သူလည်း ရောအော်ထားဟန်ရှိ၏။

"နာတာပေါ့ကွ . . . ကိုယ် ခံလိုက်ရတာ မင်း မမြင်ဘူးလား"

"မြင်သားပဲ . . . အရဲ ညံ့တာကိုး"

ထိုအချိန်၌ 'ဂိုး'ဟူသော ပရိသတ်၏ ကြောက်မက်ဖွယ် အော်လိုက်သောအသံကြီး ကြားလိုက်ရ၏။ ကျွန်တော် ချက်ချင်း ဂိုးစည်းရှိရာသို့ လှမ်းကြည့်လိုက်သည်။ ကျွန်တော်တို့ဘက်ကို တစ်ဂိုးဝင်သွားလေပြီ။ ကျွန်တော့်သွေးများသည် ချက်ချင်း ဆူပွက်၍လာ၏။ ရုတ်ခြည်း လဲနေရာမှ ထလိုက်၏။

"ကိုင်း . . . သွားမယ်၊ ဝင်ကစားလိုက်ဦးမယ်"

မိသင်းကို ထိုမျှသာ နှုတ်ဆက်ပြီး ကွင်းထဲပြေးဝင်သွား၏။

ကျွန်တော် ကွင်းထဲ ပြန်ဝင်လာသည်ကို မြင်လျှင် ပရိသတ်သည် ကျွန်တော့်ကို ဆူညံစွာ ဩဘာပေးကြ၏။ အမှန်တော့ ကျွန်တော့်ခြေနာမှာ ပြန်ကစားနိုင်သည့်အခြေအနေ လုံးဝမရှိသေးပါ။ ကျွန်တော့်ရဲဘော်များ စိတ်ဓာတ်တက်ရန် အတွက်သာ ဇွတ်ပေပြီး ပြန်ဝင်လာခဲ့ရခြင်း ဖြစ်၏။

"ဗိုလ်ရဲကွ"

“လေတပ် . . . စိတ်ဓာတ်မကျနဲ့ဟေ့”

ကျွန်တော် ပြန်ဝင်ကစားလိုက်သည့်အချိန်မှစ၍ ကျွန်တော်တို့လေတပ်အသင်းမှာ ပို၍ ကစားကွက် မိလာပါသည်။ အထူးသဖြင့် ထွန်းမင်း၏ ခြေမှာ ပို၍သွက်လာသည်။ ကျွန်တော် ပြန်ဝင်၍ နှစ်မိနစ်အကြာတွင် ထွန်းမင်း ရေတပ်ကို တစ်ဂိုး ပြန်သွင်းလိုက်ပါသည်။

ပွဲမှာပို၍ အသက်ဝင်လာ၏။ ပို၍ ကြမ်းလာ၏။ စောစောက နာနေသော ကျွန်တော့်ခြေမျက်စိမှာလည်း ယခု ပျောက်သွားသကဲ့သို့ ရှိပါသည်။ ကျွန်တော့်ကစားဟန်မှာလည်း ယခင်ကထက် ပို၍ သွက်လာ၏။ တစ်ကြိမ်ခံထားရပြီး ဖြစ်သဖြင့် တစ်ဘက်မှ ကစားသမားများကို အခွင့်သာသည်နှင့် ပြန်ညစ်နေမိပါသည်။ တစ်ချိန်တွင် ရေတပ်နောက်တန်းညာလူကို သူတို့ဂိုးရှေ့တွင် အသားလွတ် ကျွန်တော် ကန်လိုက်မိသဖြင့် ကျွန်တော်တို့ဘက်မှ ပြစ်ဒဏ်ဘော ပေးရပါသည်။ ရေတပ်မှ အားပေးသူများ ကျွန်တော့်ကို ဆဲသံ ‘ဝေါ’ခနဲ ပေါ်၍လာ၏။

ထိုနေ့က ပွဲပြီးလျှင် ရေတပ်အသင်းကို ကျွန်တော်တို့ သုံးဂိုး တစ်ဂိုးနှင့် နိုင်လိုက်ပါသည်။ ကျွန်တော့်ရဲဘော်များက ကျွန်တော်နှင့် ထွန်းမင်းကို မြှောက်ချီ၍ ကွင်းပြင်သို့ ထုတ်သွားကြ၏။

ကျွန်တော်မှာ ကွင်းပြင်သို့ ရောက်သည်နှင့် ကျွန်တော့် ကားရှိရာသို့ တန်းထွက်သွားပါသည်။ မိသင်းနှင့် ကျွန်တော်မှာ ကားအနီးတွင် ပြန်ဆုံရန် ကြိုချိန်းထားကြပြီး ဖြစ်၏။

"ဟော့ . . . ဘယ်လဲ၊ တစ်ကိုယ်လုံး စုတ်ပြတ်လို့ပါ လား"

"မင်းအမြင်ပဲ မဟုတ်လားကွ၊ ဒီနေ့ပွဲက . . ."

မိသင်း ကျွန်တော့်ထက်စော၍ ကြိုရောက်နေပါသည်။ ကျွန်တော်သည် ဒရိုင်ဘာခုံတွင် ဝင်ထိုင်လိုက်၏။ သူမသည် ကျွန်တော့်ဘေးတွင် ဝင်ထိုင်လိုက်ပါသည်။ သူမသည် ထိုနေ့က အရောင်တောက်နေသော ခရမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားပြီး အဖြူတွင် အပြာလိုင်းလေးများ ဖော်ထားသည့် လုံချည်ကို ဝတ်ဆင်ထား၏။ တောက်နေသော ခရမ်းရောင်မှာ သူမ၏ ဖြူဆွတ်နေသောအသားနှင့် ပဏာရလှဘိ၏။

ကား စထွက်ခဲ့ပြီ။ အလံပြဘုရားလမ်း ရောက်ပြီ။

ကျွန်တော့်ကားမှာ အမ်ဂျီ အမျိုးအစား ပြိုင်ကားလေး ဖြစ်၏။

အဖြူရောင်ဖြစ်၏။ ရှေ့ခေါင်းမှာ သာမန်ကားများ ထက် သုံးပေခန့် ပိုရှည်ပြီး နှစ်ယောက်သာစီး၍ရ၏။ လမ်း ကောင်းတွင်သာဖြစ်လျှင် စထွက်သည့်အချိန်မှ ၇ စက္ကန့် အတွင်း မိုင် (၆၀)နှုန်းကို ရောက်အောင် မောင်း၍ရပါသည်။ ကျွန်တော်မှာ ကျောင်းသားဘဝက အလွန်ကားမောင်းရမ်းသူ ဖြစ်၏။ လမ်းကောင်းလျှင် ဘယ်အခါမှ မိုင် ၆၀ - ၇၀ ထက် မလျော့။ သို့သော် တစ်နာရီ မိုင်လေးရာကျော်နှုန်းလောက် အထိ မောင်းနိုင်သော တိုက်လေယာဉ်မောင်းလေသူရဲဘဝ ရောက်သည့်အချိန်မှစ၍ ကျွန်တော် ကားမောင်းသည့်နှုန်းမှာ

ပြန်ကျလာသည်။ အလွန်ကောင်းသော လမ်းတွင်ပင် မိုင်ငါးဆယ်ထက် ပိုမမောင်းတော့ပါ။

"ဟော့ . . . မင်း အဆောင်ပဲပြန်မယ် မဟုတ်လား"

"ဒါပေါ့ . . . ဘယ်ပြန်စရာရှိသေးလို့လဲ"

"မဟုတ်ဘူးလေ . . . ကိုယ်က မှော်ဘီကိုများ အတင်းလိုက်ခဲ့နေမလားလို့"

သူမ၏မျက်နှာ ရုတ်ခြည်း ဝင်း၍သွားသည်။ နောက်တစ်ခစ်ခစ်နှင့် နှစ်ခြိုက်စွာ ရယ်ပစ်လိုက်၏။

"ဟာ . . . ဟား"

"ဘာ . . . ဟာ . . . ဟား . . . ဘယ်လို ရယ်လိုက်တာလဲ . . . ပြန်ရယ်ပြစမ်း"

မှန်သည်၊ သူမရယ်သံမှာ မည်သည့်မိန်းကလေးရယ်သံနှင့် မတူပါ။ ပထမ 'ဟာ' ဆိုသောအသံကို တိုတိုလေးဖြတ်ပြီး 'ဟား' ဆိုသောအသံကို ဂီတသံပါအောင် ဆွဲချလိုက်၏။ မြူးသံ ရွှင်သံ၊ ကြည်နူးသံများအပြည့် ပါနေ၏။ သရော်သံလေးများလည်း ရောယှက်၍နေ၏။

"ဘာပြုလို့ ရယ်ရမှာလဲ . . . ရယ်တယ်ဆိုတာ ခိုင်းတိုင်း ရယ်လို့ရတာမှ မဟုတ်ဘဲ"

"ကဲ . . . မင်း ဒါဆိုရင် မရယ်နဲ့တော့"

"ဟား . . . ဟား"

ကျွန်တော် နှစ်ခြိုက်စွာ သူမနှင့်ရော၍ ရယ်လိုက်ပါသည်။ မိသင်းမှာ အလွန်ခက်သော မိန်းကလေးဖြစ်၏။ သူ့ကို

ခိုင်းလျှင် ဘယ်တော့မှမလုပ်၊ မခိုင်းလျှင်တော့ လုပ်တတ်ပါသည်။

အချိန်မှာ ဒီဇင်ဘာလအတွင်း ဖြစ်၏။

ညနေ ၆ နာရီထိုးလုပြီ။

မှောင်စပျိုး၍ နေလေပြီ။

အင်းလျားဆောင်ရှေ့ရောက်လျှင် ကျွန်တော်သည် ကိုင်းကျနေသော တရုတ်စံကားပင်ကြီးရှေ့တွင် ကားကို ထိုးရပ်လိုက်၏။ ကားတံခါးကိုဖွင့်ပြီး ပေါ့ပါးစွာ ဆင်းလိုက်၏။ ဆောင်းလေအေးသည် ကျွန်တော့်ပါးကို နမ်းရှုံ့၍ ပြေးထွက်သွားပါသည်။

ကျွန်တော်သည် မိသင်းဘက်မှ ကားတံခါးဖွင့်ရန် ဂျက်ကိုနှိပ်လိုက်၏။ မိသင်းသည် ကားလက်တန်းတစ်ဘက်ပေါ် လက်တင်၍ ကားပေါ်မှ ထွက်ရန် ဟန်ပြင်လိုက်၏။

"နေဦး . . ."

သူမ၏ လက်ဖမိုးကို ကျွန်တော့်လက်ဖမိုးနှင့် အုပ်ပြီး မထွက်နိုင်အောင် ဖိထားလိုက်၏။ သူမသည် ရုတ်တရက် ကြောင်သွားပြီး အံ့ဩစွာ ကျွန်တော့်ကို မော်ကြည့်လိုက်၏။ ကျောင်းသူကျောင်းသားများဖြစ်ဟန်ရှိသော အတွဲတစ်တွဲသည် ကျွန်တော်တို့အနီးမှ ကပ်၍ ဖြတ်လျှောက်သွားကြ၏။

"ကိုယ် မင်းဆီ တစ်လလောက်တော့ ဖုန်းမဆက်ဘဲ နေလိုက်ဦးမယ်"

"ဘာ . . ."

ထိုစဉ်က အင်းလျားဆောင်မှ အဆောင်မှူးမှာ မိသင်း၏ ဒေါ်လေးတော်သည်ဟု ဆို၏။ ထို့ကြောင့် အဆောင်မှူးဖုန်းမှတစ်ဆင့် ကျွန်တော် မှော်ဘီမှ မိသင်းဆီ မကြာခဏ ဖုန်း ဆက်တတ်ပါသည်။

သူမသည် သူ လုံးဝ မမျှော်လင့်သောစကားများကို ကျွန်တော့်ထံမှ ကြားလိုက်ရသဖြင့် အလွန်အံ့ဩသွားဟန်ရှိ၏။ သွေးရောင်သန်းနေသော သူ့မျက်နှာလေးမှာ ရုတ်ခြည်း မည်းသွာသလိုရှိပြီး တွေဝေသွားသည့်ဟန်လည်း အထင်အရှား ပေါ်၍နေ၏။

"ကိုယ် မင်းဆီ တစ်လလောက် ဖုန်းမဆက်တော့ဘူး"

"ဘာပြုလို့ . . . "

"ခုပြန်ရောက်ရောက်ချင်း ဆက်မှာမို့ပါ"

"အရှုးကြီး . . . သွားတော့၊ စိတ်ဆိုးတယ်။ တို့ စောင့်မနေဘူး"

သူမသည် ဝုန်းခနဲ ကျွန်တော်ဖိထားသောတံခါးကို ဆောင့်တွန်းဖွင့်ပြီး အဆောင်တွင်းသို့ ပြေးဝင်သွား၏။

× × ×

# (၅)

မှော်ဘီ ပြန်ရောက်ပြီ။

ည (၇)နာရီထိုးတော့မည်။

လေတပ်အရာရှိရိပ်သာ ကျွန်တော့်အခန်းဝအနီးတွင် လူပျို လေသူရဲများဖြစ်ကြသော မြတ်စိုး၊ အောင်ဒင်နှင့် ကျော်သန်းတို့မှာ 'တရုတ်ဂေါ်လီ' ကစားလျက်ရှိ၏။ သူတို့အနီးတွင် ဘီယာခွံ သုံးလေးလုံးမှာ ပြန့်ကျဲလျက်ရှိ၏။ အရှိန်လည်း တော်တော်ရနေဟန် ရှိပေပြီ။

"ဟော့ . . . တိရစ္ဆာန်တွေ၊ ထမင်းမစားကြသေးဘူးလား"

"ဩော် . . . ဖျံကလေး . . . ပြန်လာပြီလား၊ မင်းခြေမကျိုးလာသေးပါဘူးနော်၊ ဝမ်းနည်းစရာပဲ . . . မင်းလို ကောင်မျိုးဟာ ကျိုးနေမှ ကောင်းမယ်၊ ခြေလှမ်း ဒီလောက်သွက်နေတဲ့ကောင်"

အောင်ဒင်က ကျွန်တော့်ကို မော်မကြည့်ဘဲ လှမ်းပြော လိုက်၏။ မှန်သည်၊ ကျွန်တော့်မှာ အရာရှိရိပ်သာတွင်နေသည် ဟုသာဆိုသော်လည်း ကျွန်တော့်အခန်းတွင် ဘယ်တော့မှ မရှိ။ တာဝန်ပြီးသည်နှင့် အပြင်ထွက်လည်နေသည်သာ ဖြစ်၏။

"ကျိုးတော့ မကျိုးဘူး၊ တော်တော်တော့ ခံလိုက်ရတယ်၊ ဒီမှာကြည့်ကြစမ်း"

ကျွန်တော်က ရေတပ်မှလူများ အကန်ခံထားရ၍ သွေး စို့နေသော ခြေသလုံးနှစ်ဖက်ကို သူတို့မြင်အောင် ခြေအိတ်ကို လှန်ပြလိုက်၏။

"ကျွတ် . . . ကျွတ်၊ ဝမ်းသာစရာကောင်းလိုက်တာ၊ မျက်နှာကို ဒီလိုအကန်ခံခဲ့ရဖို့ ကောင်းတယ်၊ ဒီတော့မှ ဟို ကောင်မလေးလည်း ဘေးကင်းသွားရအောင်"

"ဘယ်က ကောင်မလေးလဲကွ"

မြတ်စိုးက အောင်ဒင်ကို မေးလိုက်ခြင်းဖြစ်၏။

"မင်း မသိဘူးလား၊ အရင်အပတ်က ဖျံကလေး ဒီရိပ် သာကိုတောင် ခေါ်လာသေးတယ်။ ငါ ဒီမှာ တွေ့ရတာပဲ နှစ်ခါ သုံးခါရှိပြီ"

"အင်း . . . ဖျံစုတ်လက်ထဲရောက်နေမှ ဒီကောင် မလေး ချမ်းသာရဖို့ မလွယ်ပါဘူး"

"သြော် . . . မင်းနှယ်၊ ဖျံကလေးပါ ဆိုနေမှ"

သုံးယောက်စလုံး နှစ်ခြိုက်စွာရယ်လိုက်ကြ၏။ မှန် သည်၊ သူတို့အားလုံး သိပါသည်။ ကျွန်တော့်ရင်ခွင်ထဲ ရောက်ခဲ့

သည့် ဘယ်မိန်းကလေးကိုမှ ကျွန်တော် ချမ်းသာမပေးဖူးပါ။ ကျွန်တော့်တွင် အစွဲအလမ်း ယုံကြည်ချက်တစ်ခုရှိသည်။ ကိုယ့်လက်ထဲ ရောက်လာသည့်မိန်းကလေးကို ချမ်းသာပေးလိုက်လျှင် အချစ်နှင့်ပတ်သက်ပြီး နောင်လာမည့် လာဘ်လာဘများ ပိတ်သွားမည်။ အ,သွားမည်ဟု သတ်မှတ်ထား၏။

ခက်ပါသည်၊ ကိုယ့်အကြောင်း ကိုယ်သာသိပါသည်။ မိသင်းနှင့်တွဲနေသည်မှာ လပိုင်း ကူးခဲ့ပြီဖြစ်သော်လည်း သူမ၏ ပါးမို့မို့လေးကိုပင် တစ်ခါမှ မနမ်းဖူးသေး။ တွေ့တိုင်းလည်း နမ်းရန် သတိမရ။ ခက်ပါသည်။ ဘယ်သူ့ကိုမှ ပြော၍ ယုံကြည်မည်မဟုတ်။ ချစ်စကားကိုပင် သူမကို မပြောမိသေးပါ။

အို . . . ဒီည ဖုန်းဆက်ရင်တော့ ဒီစကားလေးတစ်ခွန်းတော့ ထည့်ပြောလိုက်ရဦးမည်။ တကယ်တော့လည်း ပြောစရာပင်မလိုပါ။ ဖျံကလေးနာမည်ရထားသော ကျွန်တော်မှာ သူမကို မြင်စကပင် ကျွန်တော် မတိမ်းဘဲ ယိမ်းနေပြီ အဖြစ်ကို သိထားပြီးပြီ မဟုတ်လား။

"ဟော့ . . . မိသင်း"

"ဘာလဲ"

"တို့ မေ့နေတဲ့စကားတစ်ခု ပြောရဦးမယ်"

ရေချိုးပြီးစတွင် ဖြစ်၏။ ကျွန်တော်သည် ဘားခန်းတွင် ဘီယာတစ်လုံးမှာပြီး သောက်မည်လုပ်ပြီးမှ မသောက်ဘဲ ချထားခဲ့ပြီး ဧည့်ခန်းမှတယ်လီဖုန်းဖြင့် မိသင်းဆီ ဆက်နေမိ၏။

"ဘာပြောမလို့လဲ . . . ပြောလေ"

“ပြောမယ် . . . တိုးတိုးပြောမှ ဖြစ်မယ်၊ သေသေချာချာ နားထောင်”

“ဟင်”

“ကိုယ် မင်းကိုချစ်နေသလား မသိဘူး”

“ဘာ . . .”

“ကိုယ် မင်းကိုချစ်နေသလား မသိဘူး”

“ဂျောက်”

သူမ ရုတ်တရက် ချပစ်လိုက်သောဖုန်းသံဖြစ်၏။ ကျွန်တော်သည် နှစ်ခြိုက်စွာ တစ်ဦးတည်း ပြုံးနေမိပါသည်။ တစ်ဖက်တွင် မိသင်းလည်း ပြုံးနေမည်မှာ မလွဲ။

× × ×

(၆)

နောက်တစ်နေ့ညနေပိုင်းတွင် အဖေ ကျွန်တော့်ရိပ်သာသို့ ရောက်လာသည်။ အဖေရောက်ချိန်၌ ကျွန်တော့်ခြေတစ်ဖက်မှာ ပတ်တီးကြီးနှင့်ဖြစ်၏။ မှန်သည်။ မနေ့က ဘောလုံးပွဲမှ ရခဲ့သော ခြေမျက်စိမှ ဒဏ်ရာမှာ ပွဲပြီးစက အနာပျောက်သည့်ဆေးများထိုးထားသဖြင့် နာ၍နာမှန်း မသိခဲ့။ နောက်တစ်နေ့မနက်တွင် ကျွန်တော့်ခြေမျက်စိမှာ ကြောက်စရာကောင်းအောင် ရောင်နေပြီး လမ်းကောင်းစွာ လျှောက်မရတော့။

"မင်း မနေ့ကပွဲမှာ ကစားတာ တော်တော်ကောင်းတာပဲ"

အဖေနှင့်အတူ အမေလည်း ပါလာခဲ့၏။ အမေက ကျွန်တော့်ကို တွေ့တွေ့ချင်း ဘာမှမပြော။ ပြုံး၍သာ နှုတ်ဆက်လိုက်၏။

"အဖေ လာကြည့်သေးလား"

ကျွန်တော့်အဖေမှာ အားကစားကို အလွန်ဝါသနာပါသူ

ဖြစ်၏။ ကိုယ်တိုင်လည်း ကစားတတ်သူဖြစ်၏။ သူ့ခေတ် သူ တက္ကသိုလ်ကျောင်းသားဘဝတွင် ထိပ်တန်း အားကစားသမား ဖြစ်ခဲ့ဖူး၏။ တက္ကသိုလ်လှေလှော်အသင်းတွင် ထိုအချိန်က ထူးချွန်ဆုတံဆိပ် ရခဲ့ဖူးသော အဖေ့ဓာတ်ပုံမှာ ယနေ့တိုင်ပင် ဝင့်ကြွားစွာ ချိတ်ဆွဲထားသည်ကို မြင်တွေ့နိုင်ပေသေး၏။ အဖေနှင့်ပတ်သက်ပြီး ချီးမွမ်းနေမည်ဆိုလျှင် ချီးမွမ်းစရာအချက် အများအပြားရှိပါသည်။

သို့သော် ကျွန်တော်သည် အဖေ့ကို မကြိုက်။ မချစ်။ ဂုဏ်မယူ။ ကျွန်တော့်စိတ်တွင် ကျွန်တော့်အဖေသည် ကျွန်တော့်အပေါ်တွင် အမြဲ တစ်ကွက်အသာယူသည်ဟု ထင်၏။

သူသည် ကျွန်တော့်အပေါ်၌ အမြဲ အလိုလိုက်သော်လည်း ကျွန်တော် လူမှန်းသိစ၊ တစ်နည်းအားဖြင့် အရွယ်ရောက်သည့်အချိန်မှစ၍ သူ့အပေါ်တွင် ကျွန်တော် ဘယ်အခါမှ အကူအညီ မတောင်းခဲ့။ တောင်းလည်း မတောင်းချင်။ တောင်းရမှာလည်း ကျွန်တော့်ဂုဏ်ကို ထိခိုက်သည်၊ ဝန်လေးသည်ဟု ထင်၏။

ဖခင်အပေါ်တွင် ဤစိတ်မျိုး ပေါက်နေသည်ကို အခြားသူများအနေနှင့် အံ့သြမည်။ အပြစ်တင်မည်။ အတွေးရခက်နေမည်ဖြစ်၏။

မှန်သည်။

လူတိုင်း အတွေးရခက်နေမည်ဖြစ်သလို ကျွန်တော့်ကိုယ် ကျွန်တော်လည်း တစ်ခါတစ်ရံ အတွေးရခက်နေခဲ့၏။

ခက်ပါသည်။ ကျွန်တော်တို့ လင်းမျိုးနွယ်မှာ အလွန်မာနကြီး သူများဖြစ်၏။

မြန်မာနိုင်ငံတွင် ကျွန်တော်တို့ အမျိုးလောက် မာနကြီးသော အမျိုးမရှိဟု တချို့က ဆိုကြသည်။

ဖြစ်နိုင်သည်။

ကျွန်တော့်ဖခင်သည် သူ့ဖခင်အပေါ်၌ပင် ဘယ်အခါကမှ အောက်ကျမခံခဲ့ဟု ကျွန်တော့်မိခင်ကို ပြောသည်ကို ကျွန်တော် ငယ်စဉ်ကပင် မကြာခဏ ကြားခဲ့ဖူး၏။

ယခု ကျွန်တော် ကျွန်တော့်ဖခင်အပေါ် ဤစိတ်မျိုး ပေါက်နေရခြင်းမှာလည်း ထိုစကား၏စိုးမိုးမှုကိုပင် ခံနေ၍လား၊ ဒါမှမဟုတ် အမျိုးလိုက်သည့် ဗီဇကြောင့်ဟုပင် ဆိုရမလား၊ ကျွန်တော်မတွေးတတ်။ မစဉ်းစားတတ်။

ကျွန်တော့်ဖခင်ကို အမြဲ ပြိုင်နေသည်။ အောက်ကျမခံဖြစ်နေမိသည်ကတော့ အမှန်ပင်ဖြစ်၏။ ထို့ကြောင့် ကျွန်တော့်ဖခင်ကို ကျွန်တော် စကားပြောရလျှင် ရင်မှာ ဘယ်အခါမှ မရှင်း။ သက်တောင့်သက်သာ ဘယ်အခါမှမရှိ။

"ကျွန်တော်က အဖေ လာကြည့်လိမ့်မယ် မထင်ခဲ့ဘူး"

"လာပါတယ် သားရဲ့ . . . . အဖေ ဘောလုံးပွဲ မကြာခဏ သွားကြည့်တတ်ပါတယ်။ ခုပွဲက သားပါတဲ့ပွဲပဲ . . . အဖေ မကြည့်ဘဲ ရှိပါ့မလား"

"အဖေ ကျွန်တော်ပါတယ်ဆိုတာ ဘယ်လိုလုပ်သိလဲ"

"ဩော် . . . ခက်လွန်းလို့သားရယ် . . . အဖေ့မိတ်

ဆွေတွေက သားတို့လေတပ်ထဲမှာလည်း အများကြီးရှိတာပဲ”

မှန်သည်။

အဖေ့မိတ်ဆွေများ၊ အဖေ့ဩဇာခံများသည် နေရာတိုင်း လိုလိုတွင် ရှိ၏။ အဖေသည် သူ့မိတ်ဆွေများ အကူအညီဖြင့် သူ့ဩဇာကိုသုံး၍ ကျွန်တော့်ဘဝကို ခြယ်လှယ်မည်ကို ကျွန်တော် ကြောက်၏။ ကျွန်တော် လေတပ်ကိုမှ ရွေး၍ ဝင်ခဲ့ခြင်း မှာလည်း အဖေ့လက်လှမ်းမှီရာ အရပ်များမှ လွတ်အောင် ထွက် ခဲ့ခြင်းဖြစ်၏။

ယခု ကျွန်တော် ဘောလုံးဝင်ကစားမည့်ပွဲကိုပင် သူ ကြို၍ သိနေသည်ဟု ဆိုသဖြင့် သူ့အရှိန်အဝါမှာ ကျွန်တော့် ပတ်ဝန်းကျင်တွင် အဘယ်မျှ စူးရှမှုရှိနေပြီနည်း။

ကျွန်တော်သည် ကျွန်တော့်ရဲဘော် လေသူရဲများနှင့် ပို၍ ဘာမျှ အခွင့်အထူး မခံလိုပါ။ သာမန် လေသူရဲထဲမှ လေသူရဲတစ်ဦးသာ ဖြစ်လို၏။ ကျွန်တော့်အမျိုးအနွယ်၏ အရှိန်အဝါကို ကျွန်တော့်ပတ်ဝန်းကျင်တွင် အနည်းငယ်မျှ မပေါ်လွင်စေချင်ပါ။

“သား . . . ခြေတော်တော်နာနေလား”

ကျွန်တော့်မိခင်၏ လှမ်းမေးလိုက်သောအသံ ဖြစ်၏။

“သိပ်အနာကြီးတော့ မဟုတ်ပါဘူး အမေ”

“နာတော့နာတယ်ဆိုပါတော့”

“ဟုတ်ကဲ့”

“အဆစ်များ လွဲသွားလား”

ကျွန်တော့်မိခင်က စက္ကန့်အနည်းငယ်ခန့် စဉ်းစားပြီး ပြောလိုက်ခြင်းဖြစ်၏။

"မသိဘူးအမေ . . . တပ်က ဆေးမှူးကတော့ တစ်ရက်လောက် စောင့်ကြည့်ပြီး ဆက်နာနေရင် မင်္ဂလာဒုံစစ်ဆေးရုံမှာ ဓာတ်မှန်သွားရိုက်ကြည့်ဖို့ ပြောတယ်"

"သား . . . ရွှေဘုံသာလမ်းက ဒေါက်တာအောင်မြင့်ကို သွားပြပါလား၊ သူက အဖေတို့နိုင်ငံမှာ အကောင်းဆုံး အရိုးကုဆရာဝန်ပဲ၊ သား သွားပြမယ်ဆိုရင် အဖေ ကြိုဖုန်းဆက်ထားလိုက်မယ်။ သူက အဖေ့မိတ်ဆွေပါ၊ သား သွားနိုင်မယ့်အချိန် သူ စောင့်နေလိမ့်မယ်"

"ကိစ္စမရှိပါဘူး အဖေ . . . တပ်ကဆေးမှူးနဲ့ပဲ ဆက်ကုပါရစေဦး၊ ကျွန်တော်တို့တပ်မှာ တိုက်ပွဲမှာ ဒဏ်ရာရလာတဲ့ လေသူရဲတွေကိုတောင် ဒီဆေးမှူးနဲ့ပဲ အရင်ကုပါတယ်"

"ကောင်းပြီလေ . . . သား သဘောပေါ့၊ တခြား အဖေတို့ ဘာကူညီနိုင်တာ ရှိသေးလဲ"

"မရှိပါဘူးအဖေ၊ ကျေးဇူးတင်ပါတယ်"

ကျွန်တော်သည် အမေ့ကို လက်တွဲ၍ အရာရှိရိပ်သာမှ ဧည့်ခန်းသို့ ခေါ်သွားပါသည်။ ဧည့်ခန်းတွင် အနားယူနေကြသော လေသူရဲသုံးလေးဦးမှာ ချက်ချင်းထလာ၍ ကျွန်တော့်မိဘများကို နှုတ်ဆက်ကြပါသည်။

ထို့နောက် နာရီဝက်ခန့်တွင် ကျွန်တော်တို့မိသားစုမှာ ဧည့်ခန်းတွင်ပင် စကားပြောကြပါသည်။ ယခု သူတို့ ကျွန်တော့်

ထံလာကြခြင်းမှာ မနေ့က ဘောလုံးပွဲတွင် ဒဏ်ရာရခဲ့သော ကျွန်တော့်ခြေနာကိုကြည့်ရင်း အလည်သက်သက်ဖြစ်၏။ အခြား ဘာမှ အကြောင်းထူးမရှိ။ အဖေသည် ကျွန်တော်နှင့် မိသင်း ကစားကွင်းမှ အတူ ထွက်သွားကြသည်ကို မြင်လိုက်မည်ဖြစ်သော်လည်း ယခုမူ ကျွန်တော့်ကို ဘာမျှမမေး၊ တကယ်တော့ မေးစရာလည်း မလို။ ယခင်ကလည်း ယခုကဲ့သို့ပင် မိန်းကလေးအများအပြားနှင့် တွဲသွားဖူးသည်ကို သူ အသိပင် မဟုတ်လား။

× × ×

(၇)

နောက်တစ်နေ့တွင် မင်္ဂလာဒုံ စစ်ဆေးရုံသွားပြီး ကျွန်တော့်ခြေနာကို ဓာတ်မှန်ရိုက်ရပါသည်။ အရိုးမကျိုး၊ သာမန်ဒဏ်ဖြစ်ရုံလောက်ဟု ဆို၏။

သို့သော် တစ်ပတ်ခန့်ကြာသည်အထိ အနာမပျောက်။ ကျွန်တော် ဘယ်မှမသွားနိုင်။ နှစ်ပတ်ခန့်ကြာမှ လုံးလုံးပျောက်သွားတော့ပါသည်။

"ဟော့ . . . အရဲ"

တစ်ခုသော စနေနေ့ နေ့လယ်ပိုင်းတွင်ဖြစ်၏။

မိသင်းထံမှ မမျှော်လင့်ဘဲ ဖုန်းလာပါသည်။

"ဆို"

"အားတယ်မဟုတ်လား . . . တို့ ဝင်နီတို့အိမ်မှာ စောင့်နေမယ်"

ဝင်နီမှာ မိသင်းနှင့် တစ်ခန်းတည်းနေသူဖြစ်၏။ ရန်

ကုန်တွင် အိမ်ရှိသော်လည်း အိမ်မှ ကျောင်းမတက်။ အဆောင်နေ၍ ကျောင်းတက်ပြီး ကျောင်းပိတ်သည့်နေ့မှ အိမ်ပြန်တတ်၏။ ဝင်နီပြန်လျှင် မိသင်း မကြာခဏ လိုက်သွားတတ်၏။ ကျွန်တော် ရန်ကုန်လာလျှင် ဝင်နီတို့အိမ်မှ သွားခေါ်ရပါသည်။

"အေး . . . စောင့်နေ၊ လာခဲ့ပါမယ်"

ကျွန်တော် ညနေ သုံးနာရီခန့်တွင် ဝင်နီတို့အိမ် ရောက်သွားသည်။ ဝင်နီတို့အိမ်တွင် ထိုနေ့က ဘယ်သူမျှမရှိပါ။ ဧည့်ခန်းတံခါးဖွင့်ထားသဖြင့် ကျွန်တော် လူခေါ်ခေါင်းလောင်း မနှိပ်တော့။ ဧည့်ခန်းသို့ တန်းဝင်သွား၏။

ဧည့်ခန်းတွင် မိသင်းတစ်ယောက်တည်းသာ ရှိပြီး တစ်ဖက်သို့လှည့်၍ တယ်လီဖုန်းပြောနေပါသည်။ သူ့မျက်နှာကို နောက်မှကြည့်ရသည်မှာ အလွန်ရွှင်လန်းလျက်ရှိ၏။ သူ့အသံမှာ မြူးကြွ၍နေသည်။ ကျွန်တော်သည် သူမ၏အနီးသို့ နောက်မှ အသာကပ်သွားခဲ့၏။

"တွတ်တွတ် . . . တို့လည်း သိပ်လွမ်းတယ်ဟယ်"

"တကယ်ပါ . . . ပြန်ခဲ့ရမလား"

"တွတ် လာမယ်ဟုတ်လား . . . ဘယ်တော့လဲ"

တစ်ဖက်မှ ဘာပြောနေသည်ကို မသိပါ။ မိသင်း ပြောနေသံကိုသာ တစ်ဘက်သတ် ကြားနေရခြင်းဖြစ်၏။

"အဲဒီနေ့ ကျောင်းမတက်ဘူးလေ . . . တကယ်လာမလား၊ စောင့်နေမယ်"

"ကောင်းပြီ . . . တာ့တာ"

သူမသည် ဖုန်းချလိုက်ပါသည်။ ကျွန်တော့်ရင်ထဲတွင် အလွန်အောင့်၍သွား၏။ ကျွန်တော် ခြေနာနေ၍ ရန်ကုန် မလာနိုင်သည့် နှစ်ပတ်လောက်အတွင်း သူမ၏ဘဝတွင် ဘာတွေ ပြောင်းကုန်ကြသနည်း။ အပြောင်းအလဲကလည်း မြန်ပဲ မြန်လွန်းသည်။ တွတ်တွတ်ဆိုသည်မှာ ဘယ်သူနည်း။ သူမ၏ ချစ်သူလော။ ကျွန်တော်သည် ကျွန်တော်ကိုယ်တိုင်သာ မဟုတ်တာလုပ်ချင်သည်။ ကျွန်တော်နှင့်ပတ်သက်သော မိန်းကလေး တစ်ယောက် တစ်ခုခု မဟုတ်တာလုပ်သည်ကို လုံးဝမကြိုက်၊ ဖြစ်နိုင်လျှင် ချက်ချင်း ချေမွပစ်လိုက်ချင်၏။ သို့သော် ဟုတ် မဟုတ် ပထမ စုံစမ်းရဦးမည်။

"ဟင် . . . အရဲ ရောက်နေပါလား"

သူမအနီး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်နေသော ကျွန်တော့်ကို လှမ်းကြည့်လိုက်ပြီး မိသင်း လှမ်းမေးလိုက်၏။ ထိုအချိန်၌ ဝင်နီ အခန်းတွင်းမှ ထွက်လာပါသည်။

"ဟေ့ မိသင်း . . . ကိုယ်သွားတော့မယ်။ အို . . . ကိုရဲတောင် ရောက်နေပါလား၊ ဘယ်တုန်းက ရောက်နေတာတုန်း"

"ကိုယ် အခုပဲရောက်တယ် ဝင်နီ"

"ဝင်နီ ပင်စီတို့နဲ့ ရုပ်ရှင်သွားမလို့၊ ကိုရဲတို့ ဒီမှာနေခဲ့ကြမလား"

"မနေဘူး . . . ကိုယ်တို့လည်း အပြင်သွားမှာ"

မိသင်း ဝင်ပြောလိုက်ခြင်းဖြစ်၏။

"ဒါဖြင့်လည်း သဘောပဲလေ"

ဝင်နီတို့အိမ်မှ ငါးမိနစ်ခန့်အတွင်း ပြန်ထွက်ခဲ့ကြသည်။ မိသင်းသည် ကျွန်တော့်ကားတွင်းသို့ ရောက်သည်နှင့် ကျွန်တော့်မျက်နှာကိုကြည့်ပြီး . . .

"မျက်နှာကြီးကလည်း ပုပ်လို့ပါလား . . . ဘယ်လိုဖြစ်နေတာတုန်း၊ မြန်မြန် သကြားလူးပေးလိုက်စမ်း၊ တို့ဆီလာတဲ့အခါ ဒီမျက်နှာမျိုး မမြင်ချင်ဘူး"

ကျွန်တော်သည် ကားကိုစက်နှိုးရင်း . . .

"ပြောစမ်း . . . တွတ်တွတ်ဆိုတာ ဘယ်သူလဲ"

"တို့အဖေပါ"

"ဘာ . . . မင်းအဖေ . . . "

"ဟုတ်တယ်လေ"

မိသင်းမှာ မိတဆိုးလေးဖြစ်၏။ မိသင်းအမေမှာ ငယ်စဉ်ကပင် ကားမှောက်သေဆုံးသွားပြီး မိသင်းမှာ အဖေတစ်ခု၊ သမီးတစ်ခု ကြီးပြင်းလာသူဖြစ်၏။ မိသင်းအဖေမှာ မိသင်းကို အလွန်ချစ်ပြီး မိသင်းအမေဆုံးပြီးကတည်းက အိမ်ထောင်မပြုခဲ့။ မိသင်းကိုသာ အဖော်ပြုပြီး ဒီလောကကြီးတွင် ရပ်တည်နေသည်ဟု မိသင်းပြောဖူး၏။

"မင်းအဖေကို မင်း တွတ်တွတ်လို့ ခေါ်တယ်"

"ဟုတ်တယ်လေ . . . တို့ငယ်ငယ်ကတည်းက ခေါ်တာပဲ၊ ဘယ်လို စခေါ်ခဲ့မိတယ်ဆိုတာ တို့အဖေကလည်း ပြန်မပြောပြဖူးဘူး။ တို့မှတ်မိတဲ့အရွယ်ကစပြီး တွတ်တွတ်လို့ အမြဲ

ခေါ်ခဲ့တာပဲ။ အရဲအဖို့ အဆန်းဖြစ်နေလို့လား . . . အရဲအဖေကို အရဲ ဘယ်လိုခေါ်လဲ”

မိသင်းမှာ သူ့ကိုယ်သူ ‘တို့’ဟု ကျွန်တော်နှင့်စကားပြောတိုင်း ပြောတတ်ပါသည်။ အရင်က ‘တို့’ကို ကျွန်တော်တစ်ဦးတည်းကိုသာ ပြောသည်ဟု ထင်ခဲ့မိသော်လည်း စောစောက ကြားရသောစကားသံအရ သူမ၏အဖေကိုလည်း တို့နှင့်ပင် ပြောဟန်ရှိ၏။

“အဖေလို့ပဲ ခေါ်တာပေါ့”

“အရဲအဖေ မျက်နှာပေါက်က အရဲနဲ့တူလား”

ကျွန်တော်သည် ကားကို စမောင်းထွက်လာခဲ့၏။

“မတူပါဘူး . . . သူ့မျက်နှာက အမြဲတမ်း တစ်ပုံစံတည်းပဲ။ ကျောက်ရုပ်ရဲ့မျက်နှာလိုပဲ ဆိုပါတော့”

“တကယ်”

“တကယ်ပေါ့”

“လူပုံသဏ္ဍာန်ကရော . . . အရဲလို အားကစားသမားပုံမျိုးပဲလား”

“ဟုတ်တယ် . . . သူက နည်းနည်းတောင် ပိုထွားပြီး ပိုသန်သလိုပဲ”

“သဘောရော ကောင်းလား”

“တချို့က ကောင်းတယ်ပြောတယ်၊ တချို့က မကောင်းဘူးပြောတယ်။ ကိုယ်မပြောတတ်ဘူး”

“ကိုယ့်အဖေစိတ်တောင် ကိုယ်မသိဘူးလား”

"မသိဘူး . . . ကိုယ်သိတာပြောရရင်တော့ ကိုယ့်အဖေကို ကိုယ်မကြိုက်ဘူး၊ မချစ်ဘူး"

ယူနီဗာစီတီ အဲဗင်းညူးလမ်းခွသို့ ရောက်လာပြီဖြစ်သဖြင့် ကျွန်တော်သည် ကားမြန်နှုန်းကို လျှော့ချလိုက်ပြီး ညာဘက်သို့ ကွေ့လိုက်၏။

"ဘာကြောင့်"

"အဲဒီ 'ဘာကြောင့်' ဆိုတာကိုလည်း တစ်ခါတစ်ခါ ကိုယ် ပြန်စဉ်းစားကြည့်ရင် သေသေချာချာစဉ်းစားလို့ မရဘူး"

"ထားပါတော့ . . . အရဲမပြောချင်ရင်လည်း မပြောပါနဲ့။ တို့အဖေကတော့ ပဲခူးမှာ တစ်ယောက်တည်းနေရတယ် မဟုတ်လား။ တို့ အပတ်တိုင်း သူ့ဆီ ဖုန်းဆက်ရတယ်။ တို့ကတော့ တို့အဖေအပေါ်မှာ အရဲအဖေပေါ် အရဲထားတဲ့ စိတ်မျိုး မဟုတ်ဘူး။ တို့အဖေကို တို့ သိပ်ချစ်တယ်၊ ကမ္ဘာပေါ်မှာ အချစ်ဆုံးပဲ"

"ကောင်းပါတယ် . . . ကိုယ်ကတော့ ကိုယ့်အဖေကို ချစ်လို့ကို မရဘူး"

"မိဘဆိုတာ ကိုယ့်အပေါ်ရှိတဲ့ မွေးကျေးဇူးတစ်ခုတည်းနဲ့ကို အားလုံးခွင့်လွှတ်ရတယ် အရဲရဲ့"

သူမက ကျွန်တော့်ကို အမယ်ကြီးလေသံမျိုးနှင့် တရားပြလိုက်၏။

"တော်စမ်းပါ မိသင်း . . . မင်း ဘာတွေဆက်ပြောမယ်ဆိုတာ ကိုယ် အကုန်သိပြီးသား၊ ရပ်လိုက်တော့ . . . တို့

မိဘအကြောင်းတွေ မပြောကြစို့နဲ့”

“အဲဒါကိုက အရဲ မပြည့်ဝသေးတာကို ပြတာပဲ”

“ဘာ . . . မပြည့်ဝသေးတာ၊ မင်းကတော့ ပြည့်ဝတယ်ဆိုပါတော့”

“ဘယ် ပြည့်ဝဦးမလဲ အရဲရဲ့ . . . တို့သာ ပြည့်ဝရင် အမိုက်ခံပြီး ခုလို အရဲဆိုတဲ့ ဖျံကလေးနဲ့ တွဲသွားနေပါ့မလား”

ကျွန်တော် သူမ၏ မျက်လုံးလေးများကို စိုက်၍ကြည့်လိုက်မိပါသည်။ ရင်ထဲတွင်လည်း ဝမ်းနည်းသွားသလို ဖြစ်မိ၏။

× × ×

(၈)

သူမ၏ ပါးလေးကို စ,မွှေးမိသည့်နေ့ကို တင်ပြချင်သေးသည်။ ထိုနေ့မှာ တစ်ဘက်စွန်းရောက်သွားသည့်နေ့ဟုလည်း ဆိုနိုင်၏။ မှတ်မိသေးသည်။ ထိုစဉ်က ကျွန်တော်တို့ မကြာခဏ ကိုစိုးဝင်းကြီးအိမ်တွင် တွေ့ဆုံကြသည်။

ကိုစိုးဝင်းအိမ်မှာ ရွှေဘုံသာလမ်းထဲတွင် ရှိ၏။ ငါးထပ်တိုက် အပေါ်ဆုံးအခန်း ဖြစ်၏။ ဒီလူကြီးမှာ ကျောင်းတုန်းက ကျွန်တော့်ထက် တစ်တန်းကြီးပြီး ပြည်ထောင်စုဘဏ်တွင် မန်နေဂျာဖြစ်နေပြီဖြစ်သော်လည်း အိမ်ထောင်မပြုသေး။ သူ့အိမ်တွင် တစ်ယောက်တည်းနေ၍ လူပျိုကြီးလုပ်နေသူ ဖြစ်၏။

မိသင်းနှင့် ကျွန်တော် ရန်ကုန်ထဲ လာလည်လျှင် တစ်ခါတစ်ရံ သွားစရာမရှိက ကိုစိုးဝင်းနေအိမ်တွင်ပင် အချိန်ဖြုန်းတတ်၏။ ကိုစိုးဝင်းမှာလည်း အလွန်သိတတ်သူဖြစ်၏။ သူ့နေအိမ်ကို ကျွန်တော်တို့နှစ်ယောက် ရောက်လာသည်ဆိုလျှင် စားစရာသောက်စရာများ ဝယ်ယူပေးပြီး အကြောင်းတစ်ခုခု

ပြ၍ အမြဲ အပြင်ထွက်သွား၏။ သူ့ကို သူ့အခန်းတွင် ဆက်နေပါဦးဆို၍လည်း နေခိုင်း၍မရ။

ထိုနေ့တွင် ကျွန်တော်တို့ ကိုစိုးဝင်းအိမ်ကို မနက် ၉ နာရီခန့်ကပင် ရောက်နေကြပါသည်။ အချိန်မှာ တပေါင်းလ အတွင်းဖြစ်၏။ မိသင်းမှာ မဟာဝိဇ္ဇာနောက်ဆုံးနှစ်ကို ဖြေရမည့် စားမေးပွဲ နီးနေပြီဖြစ်၍ ကိုစိုးဝင်းအခန်း စရောက်သည့် အချိန်မှစ၍ စာရေးစားပွဲတွင် စာအုပ်တစ်အုပ်နှင့် အလုပ်များနေ၏။ ကျွန်တော်မှာ ကိုစိုးဝင်းထိုင်နေကျ ပက်လက်ကုလားထိုင်ကြီးတွင် ထိုင်ပြီး မဂ္ဂဇင်းတစ်အုပ်ကို လှန်လှောကြည့်နေသည်။

မနက် ၁၁ နာရီ ထိုးလုပေပြီ။ ကျွန်တော်မှာ ထိုနေ့က ဘယ်သို့ဖြစ်နေသည်မသိ။ မဂ္ဂဇင်းစာအုပ်ကို လှန်လှောကြည့်နေရာမှ စာရေးစားပွဲတွင် အလုပ်များနေသော မိသင်းကို လှမ်းကြည့်နေမိသည်။

"ဘာကြည့်တာလဲ"

"ချစ်စရာကောင်းလို့"

"မကြည့်နဲ့"

"ကြည့်တော့ ဘာဖြစ်လဲ"

"မကြည့်နဲ့ဆို"

မိသင်းသည် ကလေးတစ်ဦးကဲ့သို့ သူမ၏မျက်နှာကို ကျွန်တော် မမြင်အောင် စာအုပ်တစ်အုပ်နှင့် ကွယ်ထားလိုက်၏။ ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ်မှ ဖြည်းညှင်း

စွာ ထလိုက်ပြီး သူမစာရေးစားပွဲရှိရာသို့ လျှောက်လာခဲ့၏။

"ဘယ်မှာလဲ . . . ရှက်တယ်ဆိုတဲ့မျက်နှာ၊ ကြည့်ရအောင် . . ."

ကျွန်တော်သည် သူမ၏ မျက်နှာကို အုပ်ထားသော စာအုပ်လေးကို လက်တစ်ဖက်နှင့်ဖယ်ရန် ကြိုးစားလိုက်၏။ သူမက တင်းခံ၍ထား၏။ သို့သော် အားချင်းမမျှ၍ သူ့စာအုပ်လေး ကျွန်တော့်လက်ထဲရောက်လာချိန်တွင် သူမသည် သူမလက်နှစ်ဖက်နှင့် သူမမျက်နှာကို အုပ်ပြီး စာရေးစားပွဲပေါ်တွင် မျက်နှာကို မှောက်ချထားလိုက်၏။

ကျွန်တော်သည် သေးသွယ်သော သူမ၏ခါးလေးကို ကျွန်တော့်လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ပြီး လှပသော သူမ၏ လည်တိုင်လေးကို အပေါ်ပြန်အောက်ပြန် ညင်ညင်သာသာ မွှေးလိုက်၏။ သူမသည် တုတ်တုတ်မျှမလှုပ်။ ရုန်းလည်း မရုန်း၊ ကျွန်တော် တစ်ဆင့်တက်၍ သူမ၏ နားလေးနှစ်ဖက် အောက်နားနှင့် ဆံစပ်လေးများကို ဆက်မွှေးလိုက်ပြန်သည်။ သူမ ငြိမ်မြဲ ငြိမ်၍နေ၏။

"ဖယ်စမ်း . . . ဒီလက်နှစ်ဖက်ကို"

ကျွန်တော်သည် ဆုပ်ထားသော သူမ၏ လက်ဖဝါးလေးနှစ်ဖက်ကို ကျွန်တော့်လက်တစ်ဖက်နှင့် ဆွဲယူ၍ ကျန်လက်တစ်ဖက်နှင့် သူမ၏ မျက်နှာလေးကို ပင့်မ,လိုက်၏။ သူမသည် ကလေးငယ်တစ်ဦးကဲ့သို့ မျက်လုံးလေးများကို စုံမှိတ်၍ထား၏။

သူမ၏ မျက်လုံးလေးများကို လှမ်းကြည့်လိုက်၏။ ပိတ်နေသော မျက်လုံးလေးများ ပွင့်မလာသေး။ ပါးလေးနှစ်ဖက်ကို ညင်ညင်သာသာ တို့ထိလိုက်ပြန်သည်။ ဖြူနေသောအသားမှာ သွေးရောင်သမ်းလာသလိုရှိ၏။ ချိုမြသော သူမ၏ အထက်နှုတ်ခမ်းလေးများကို ဆက်၍ ငုံထားလိုက်သည်။

စောစောက ပိတ်ထားသော သူမ၏ မျက်လုံးလေးများမှာ မပွင့်တပွင့်ဖြစ်လာပြီး သူမ၏ လက်နှစ်ဖက်က ကျွန်တော့်ကျောပြင်ပေါ်သို့ ရောက်၍လာကြ၏။ နောက် နှုတ်ခမ်းကိုကူး၍ နှုတ်ခမ်းချင်း ထိတွေ့မိပြန်သည်။ သူမ၏ ရင်ခုန်သံမှာ ပိုမြန်လာသလိုရှိ၏။

သူမတစ်ကိုယ်လုံးကို သိမ်းကြုံး၍ တစ်ပြိုင်တည်း ပွေ့ဖက်လိုက်သည်။ ကျွန်တော့်ကျောပြင်ရောက်နေသော သူမ၏ လက်နှစ်ဖက်မှာ ကျွန်တော့်ကို တင်းကျပ်စွာ ဖက်၍ထား၏။ ကျွန်တော်သည် သူမ၏ ကိုယ်လေးကို ညင်သာစွာ ပွေ့၍ ကိုစိုးဝင်း၏ ခုတင်ပေါ်သို့ မ,ချီသွားခဲ့၏။ ထိုအချိန်အထိ သူမသည် ကျွန်တော့်ကို စကားတစ်ခွန်းမှ မပြောသေးပါ။

ဖျံကလေး . . .

မှန်သည်။

ကျွန်တော့်မှာ ကျွန်တော့်သူငယ်ချင်းများ မှည့်ခေါ်ထားသော ဖျံကလေးဟူသောနာမည်နှင့်လိုက်အောင်ပင် အချစ်ကိစ္စတွင် ကျွမ်းကျင်လှ၏။ ရန်ကုန်တက္ကသိုလ်တွင်ရှိစဉ်က ကျောင်းသူများ အသိုင်းအဝိုင်းက ကျွန်တော်နှင့်ပတ်သက်၍ ပြောလေ့

ရှိပါသည်။

"နေလင်းဦးနဲ့ မိန်းကလေးတစ်ယောက် တွဲနေပြီ . . . တစ်လပြည့်လို့မှ နေလင်းဦးနဲ့ အတူ မရင်းနှီးရသေးဘူးဆိုရင် ဒီမိန်းကလေးဟာ အာသဝေါကုန်ခန်းနေလို့လည်း ဖြစ်ရမယ်။ နေလင်းဦးကို မဆွဲဆောင်နိုင်လို့လည်း ဖြစ်ရမယ်"

ခက်ပါသည်။

မိသင်းနှင့် ကျွန်တော်က တွဲနေကြသည်မှာ လကျော်၍ နှစ်ပင်ကူးတော့မည် ဖြစ်သော်လည်း ဘာကြောင့်ဟူ၍ မသိ။ သူမ၏ ပါးလေးကိုပင် သေသေချာချာ မမွှေးခဲ့ဖူးသေးပါ။ သူမ ကျွန်တော့်ကို ဆွဲဆောင်နိုင်မှု မရှိ၍လား။ သူမသည် ရိုးရိုးလေးနှင့် ဆွဲဆောင်အားအပြည့်ရှိ၏။ ကျွန်တော်ကိုက စရမျာကိုပင် စိတ်ထဲတွင် မဝံ့မရဲဖြစ်နေသလို ရှိ၏။ တစ်ခါတစ်ရံလည်း နှမြောနေသလိုလို၊ တစ်ခါတစ်ရံလည်း ယခုလို သူမအပေါ် ထိန်းသိမ်းစွာ စောင့်စည်းမှုများကြောင့် သူမထံမှရနေသည့် ချမ်းမြေ့မှုများ ပျောက်သွားမည်ကို စိုးရွံ့နေသလိုလို၊ အို . . . တကယ်တော့ ဘာကြောင့် သူမအပေါ် စောင့်စည်း ထိန်းသိမ်း နေခဲ့မိသည်ကို ကျွန်တော် မသိ၊ မတွေးတတ်။ ချစ်လွန်း၍ပင် လား။ ကျွန်တော် တိတိကျကျ ပြန်မပြောတတ်တော့ပါ။

ယခုပင်ကြည့်။ အံ့သြစရာဖြစ်နေပြန်သည်။ ကျွန်တော် ၏ လှုပ်ရှားမှုများမှာလည်း အလွန်ညင်သာ၍နေ၏။ တွေ့ထိမှု များမှာ နူးညံ့လွန်း၍နေ၏။

"ဟော့ . . . မင်း ဒီကြုတ်လေးဟာ အဆောင်ကြုတ်

လေးမဟုတ်လား . . . ချွတ်ထားရမလား၊ အမြဲဝတ်ထားတော့ ဒီအဆောင်ရဲ့ အာနိသင်တွေက မပျက်ကုန်ဘူးလား”

ကျွန်တော်က နောက်ပြောင်သလိုလိုနှင့် သူမ၏ လှပသော ရင်သားနှစ်ခုအထက်နားတွင် ကပ်နေသော ကြုတ်လေးကို ကိုင်ကြည့်နေမိ၏။ ကြုတ်လေးမှာ မီးခြစ်ဆံခေါင်းသာသာမျှ အလုံးရှိပြီး အလျားမှာ လက်မဝက်ခန့်ရှိ၏။ ကျည်တောင့်ပုံလေးဖြစ်ပြီး ချစ်စရာလေးဖြစ်၏။ သူမ ဤကြုတ်လေး အမြဲဝတ်ထားသည်ကိုပင် ယခင်က ကျွန်တော် သတိမထားမိပါ။ အပေါ်အင်္ကျီဖုံးနေသဖြင့် ကျွန်တော့်မြင်ကွင်းမှ ပျောက်နေခဲ့၏။

“မလိုပါဘူး . . . ဒါ တို့အမေရဲ့ အဆောင်လက်ဖွဲ့ကြုတ်၊ တို့ ယုံလို့ဝတ်ထားတာ မဟုတ်ဘူး။ အမေ့ကို အမှတ်တရအဖြစ် ဝတ်ထားမိတာ”

သူမ၏လည်တိုင်လေးကို ငုံ၍မွှေးလိုက်မိ၏။

“အရဲ . . .”

“ဟင် . . .”

“တို့ အရဲကို ချစ်တယ်လို့ ခုထိ မပြောရသေးဘူးနော်၊ တို့ကို ဘာပြုလို့ ခုထိ ချစ်လားလို့ မမေးသေးတာလဲ”

“မေးရမှာ ခက်နေလို့ . . . ရိုးရိုးသားသားပြောရရင်တော့ မမေးရဲလို့ ဆိုပါတော့”

ကျွန်တော်သည် သူမ၏ ညာဘက်နားအနီးသို့ တိုးကပ်၍ ပြောလိုက်၏။

"ဒါဖြင့် ခုမေးလေ"
"မင်း ကိုယ့်ကို ချစ်တယ်မဟုတ်လား"
ပါးနှစ်ဖက်ကို ကျွန်တော် ကပ်ထားလိုက်၏။
"အရဲ ဘယ်လိုထင်လဲ"
"ချစ်လိမ့်မယ်ထင်တာပဲ"
"အရဲ . . ."
"ဟင် . . ."
"အရဲကို တို့ ချစ်တာမဟုတ်ဘူး သိလား"
"ဟင် . . . ဒါဖြင့် ဘာဖြစ်လဲ"
"သိပ်ချစ်တယ်"

× × ×

# (၉)

မိတ္ထီလာ လေယာဉ်မောင်းသင်တန်းကျောင်းမှ ကျောင်းသား လေသူရဲသစ်များ မှော်ဘီတိုက်လေယာဉ်စခန်းတွင် တိုးလာသဖြင့် ကျွန်တော်တို့ အရာရှိရိပ်သာတွင် လူပျိုအရာရှိများ များလာပါသည်။ ယခင်က ကျွန်တော်တို့ တစ်ယောက်တစ်ခန်း နေကြသော်လည်း ယခု မနေနိုင်ကြတော့။ နှစ်ယောက်တစ်ခန်း နေကြရပါသည်။

ကျွန်တော်သည် ဗိုလ်မြင့်ဦးနှင့် တစ်ခန်းတည်း နေရ၏။ ဗိုလ်မြင့်ဦးမှာ ရန်ကုန်တက္ကသိုလ်တွင် ကျွန်တော်ရှိစဉ်က ရွှေဘိုဆောင်တွင် အတူနေဖူး၏။ မြင့်ဦးမှာ ကျွန်တော်ကဲ့သို့ အားကစားသမား မဟုတ်ပါ။ ဘောလုံးကန် မကောင်းပါ။ လူပုံသဏ္ဍာန်မှာ ပုအိုက်အိုက်ရုပ်မျိုး၊ သူ့အသားမှာ ညိုပြီး၊ သူ့နှာခေါင်းမှာ ပြားနေ၏။ သို့သော် မြင့်ဦးမှာ ပေါင်း၍သင်း၍ အလွန်ကောင်းသော သူငယ်ချင်းဖြစ်၏။ သူနှင့် ကျွန်တော် တစ်ခန်းတည်းနေရသော်လည်း ဘယ်အခါကမှ ပြဿနာ

မတက်ဖူး။

မိသင်းသည် ကျွန်တော့်ရိပ်သာသို့ မကြာခဏ လိုက်လာတတ်ပြီး တစ်ခါတစ်ရံ ရုံးပိတ်ရက်များတွင် တစ်နေ့လုံးပင် ကျွန်တော့်အခန်း၌ အချိန်ဖြုန်းတတ်၏။ ထိုအချိန်မျိုး၌ မြင့်ဦးမှာ အလွန်အလိုက်သိသူ၊ အလွန် သည်းခံသူဖြစ်၏။ တစ်နေ့လုံး မိသင်း ကျွန်တော့်အခန်း၌ရှိစဉ် သူ ဘယ်ရှောင်နေသည်ကို မပြောတတ်။ မိုးချုပ်ပြီး မိသင်းပြန်သည့် အချိန်ကျမှ သူပြန်ရောက်လာတတ်၏။

"ဖျံကလေး . . . မင်း ဒီနေ့ ဘယ်ကွဲဦးမလို့လဲ"

စနေနေ့ညနေဘက်ဖြစ်၏။ မြို့ထဲ ထွက်လည်ရန် အဝတ်အစားဝတ်ပြီး၍ ခုတင်ခြေရင်းတွင် ဖိနပ်ထိုင်စီးနေသော ကျွန်တော့်ကို တင်းနစ်ရိုက်ပြီး၍ ပြန်လာဟန်ရှိသော မြင့်ဦးက လှမ်းမေးလိုက်ခြင်းဖြစ်၏။

"ထုံးစံအတိုင်း မြို့ထဲပေါ့ သူငယ်ချင်းရဲ့"

"မိသင်းသီဆိုပါတော့"

"ဒါပေါ့"

မြင့်ဦးသည် စာရေးစားပွဲအနီးမှ ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ပါသည်။

"ဒီတစ်ခါ မင်း နည်းနည်း မလွန်ဘူးလား ဖျံကလေး"

"မလွန်ပါဘူး၊ ဘာဖြစ်လို့လဲ . . . စိတ်ညစ်နေပြီလား"

"မဟုတ်ပါဘူး . . . မင်းဟာက ရုံးအားရက်လည်း မရှောင်၊ ရုံးတက်ရက်လည်း မရှောင်။ ငါထင်တယ် မင်း အရင်

အပတ်က ခြောက်ရက်ရှိတာ ငါးရက်လောက် မိသင်းနဲ့ သွား လျှောက်လည်နေတယ်ထင်တယ်”

“ဒါ . . . ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲ . . . မင်းကျန်းမာရေး ထိခိုက်လာမှာ ပေါ့ သူငယ်ချင်း၊ လေသူရဲအလုပ်ဆိုတာ အိပ်ပျက်လို့၊ မိန်းမ တွေနဲ့ အလေလိုက်နေလို့ ကောင်းတာမှမဟုတ်ဘဲ။ မင်း နောက် နှစ် ဘောလုံးမကစားတော့ဘူးလား”

“မကစားတော့ဘူး”

ဖိနပ်စီးပြီးသွားလေပြီ။ ကျွန်တော်သည် မှန်တင်ခုံရှေ့ သို့ သွား၍ နဖူးရှေ့သို့ ကျနေသော ဆံစအချို့ကို ဘီးတစ် ချောင်းနှင့် အသာ သိမ်းတင်လိုက်၏။

“ငါ့ဘဝမှာ မိန်းမဆိုတာ အဆန်းမှ မဟုတ်ဘဲ . . . မင်း ရှေ့ဘိုဆောင်မှာ ငါနေတုန်းကလည်း အမြဲ ပွေနေတာပဲ မဟုတ်လား”

“ဟုတ်ပါတယ် . . . ခွေးမသား ကြွားမနေပါနဲ့၊ ခု ဒီကောင်မလေးနဲ့ကျမှ အမြီးတန့်နှံ့ ဖြစ်နေလို့”

“ဒါက တူမှ မတူဘဲကိုး . . . ချစ်တာကိုး”

“ဘာ . . . ချစ်တာကိုး၊ မင်းလိုကောင်မျိုးမှာ ဒီလို ချစ်တယ်ဆိုတဲ့စကားများ ရှိသေးလား”

“တော်စမ်းပါ မြင့်ဦး . . . မင်း ဒီအကြောင်း ငါ့ကို လာမဆွေးနွေးနဲ့ . . . မင်း နားမလည်ပါဘူး၊ ငါ သွားမယ်”

ကျွန်တော်သည် ဝုန်းခနဲ တံခါးမကြီးကို ဆောင့်ပိတ်၍

ပေ့ါပါးစွာ အခန်းပြင်သို့ ထွက်လာခဲ့၏။

ယနေ့ ကျွန်တော် မိသင်းနှင့် ချိန်းထားသည်မှာ တက္က သိုလ်အနုပညာအသင်းမှ မိတ်ဆုံပွဲတစ်ခုကို လိုက်ပို့ရန်အတွက် ဖြစ်၏။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမှာ အလွန်စည်းလုံးသောအသင်းတစ်ခုဖြစ်၏။ တက္ကသိုလ်တွင် မကြာခဏ ထိုအသင်း၏ လှုပ်ရှားမှုများ ရှိပါသည်။ မိသင်းမှာ ထိုအသင်းမှ အမျိုးသမီး ပြန်ကြားရေးမှူးဖြစ်၏။

ကျွန်တော် မိသင်း၏ အဆောင်ရှေ့သို့ ရောက်သော အချိန်၌ ညနေ ၅ နာရီခွဲလုပေပြီ။ မိသင်းမှာ အဆောင်ရှေ့ တွင် အသင့်စောင့်၍ နေ၏။

"အရဲကလည်း နောက်ကျလိုက်တာကွယ်"

"နောက်မကျပါဘူး . . . ၅ နာရီခွဲ တက္ကသိုလ်ရိပ်သာ ရောက်ရင် ပြီးတာပဲမဟုတ်လား . . . ၂ မိနစ်လောက် လိုပါ သေးတယ်၊ မြန်မြန်တက် . . . ကိုယ် မီအောင် မောင်းပေး မယ်"

မိသင်းသည် ပေ့ါပါးစွာ ကားပေါ် လှမ်းတက်လိုက်၏။ သူမ၏အသွင်မှာ ငှက်မလေးနှင့် တူလှ၏။ သူမတစ်ကိုယ်လုံး မှာ ထိုညနေက ပန်းရောင်ဖျော့ဖျော့ အဝတ်အစားများကို ဝတ် ဆင်ထား၏။

တက္ကသိုလ်ရိပ်သာရှေ့သို့ ၂ မိနစ်အတွင်းမှာပင် ရောက် သွားပါသည်။

"အရဲ . . . တို့ ဒီနေ့ စန္ဒရားတီးရမယ်"

"ဟင် . . . ဟုတ်လား"

"ခါတိုင်းတီးနေကျ မာလာဆောင်က ကောင်မလေးက နေမကောင်းဘူး . . . သူ့နေရာကို တို့ ဝင်တီးပေးရမယ်"

"ကိုယ်က ပရိသတ်ထဲက ထိုင်ကြည့်ရမယ် ဆိုပါတော့"

"ဟုတ်တယ်"

"ကိုယ် မင်းအနားမှာ လိုက်ထိုင်လို့ မရဘူးလားကွ"

"ထိုင်ချင်လို့လား . . . ရတယ်လေ၊ လိုက်ခဲ့"

ထိုညက သူမ စန္ဒရားတီးချိန်တွင် ပရိသတ်မှာ ထူးထူးခြားခြား ငြိမ်၍ နားထောင်ကြပါသည်။ ကျွန်တော်သည် ယခင်က သူမ စန္ဒရားတီးသည်ကို မမြင်ဖူးပါ။ သူမ တီးတတ်ကြောင်းကိုတော့ တစ်ခါတစ်ရံ သူမ ပြောသဖြင့် ကြားမိသလိုရှိ၏။ ဝင်နီတို့အိမ်တွင် မကြာခဏ ကျောင်းပိတ်ရက်များတွင် သွားတီးတတ်သည်ဟု ဆိုသော်လည်း ကျွန်တော်နှင့် တစ်ကြိမ်တစ်ခါမှ မဆုံ။

တကယ်တော့ ကျွန်တော်ကလည်း ဂီတကို လုံးဝ နားလည်သူမဟုတ်ပါ။ စန္ဒရားကို မှော်ဘီ လေတပ်အရာရှိရိပ်သာတွင်ပင် နေ့စဉ် မြင်တွေ့နေကျဖြစ်သော်လည်း တစ်ခါမှ ခလုတ်ဖြူဖြူလေးများကိုလည်း လက်ဖျားနှင့် မထိဖူး။

ယနေ့မူ မိသင်း၏ လက်ချောင်းလှလှလေးများ စန္ဒရားခလုတ်ဖြူဖြူလေးများပေါ်တွင် ပြေးသွားနေကြသည်ကို ငေးကြည့်နေမိ၏။ သူမ စန္ဒရားသံမှာ တိုးသည့်အခါ တိုး၍ ကျယ်သည့်အခါ ကျယ်လာသည်။ ဘာသီချင်းသံ ထွက်နေသည်ကိုမူ

ကျွန်တော် မသိ။ ကျွန်တော့်နားတွင် ပေါ်နေသည့်အသံမှာ တစ်ခါတစ်ရံ သစ်ရွက်များ နွေအခါ လေခသည့်အခါ ပေါ်သည့်အသံနှင့်တူ၍ တစ်ခါတစ်ရံ စမ်းရေကျသံနှင့်တူ၏။ တစ်ခါတစ်ရံ ကြောက်စရာ မိုးချုန်းသံများနှင့် တူသည်ဟုလည်း ထင်သည်။ တစ်ခါတစ်ရံမှု ကျွန်တော် ဆီးဖြူရိ တိုက်လေယာဉ်ကိုမောင်းစဉ် တံခါးရွက် ဟ,နေသည့်အခါ၌ လေတိုးသည့်အသံနှင့် တူသည်ဟုလည်း ထင်မိ၏။

“မင်း လက်ချောင်းလေးတွေဟာ တယ်လှပါလား”

“ဘာလဲ . . . သရော်တာလား”

“မဟုတ်ပါဘူး . . . တကယ်လှလို့ လှတယ် ပြောတာပါ”

“ဘာပြုလို့ တို့လက်တွေ လှနေတာလဲ သိလား”

“မသိပါဘူး . . . ဘာကြောင့်လဲ ဆိုပါဦး”

“နောက်တော့ သိလိမ့်မယ်”

ကျွန်တော်နှင့်မိသင်း တွေ့စက ပြောခဲ့သောစကားများ ဖြစ်၏။ သူမ၏ လက်ချောင်းလေးများ ဘာကြောင့် ခုလိုလှနေသည်ကို ကျွန်တော် ဒီနေ့ သိလေပြီ။

မိသင်း စန္ဒရားသံရပ်သွားလျှင် ပရိသတ်သည် ဆူညံစွာ ဩဘာပေးကြ၏။

“မင်း ဒီလောက် စန္ဒရားအတီးကောင်းမှန်း ခုမှ ကိုယ်သိတယ်”

“အရဲက ဂီတအကြောင်း ဘာနားလည်လို့တုန်း”

"နားလည်တာပေါ့ကွ၊ နားပါတာပဲ။ ကောင်း မကောင်း ဆိုတာလောက်တော့ ခွဲခြားတတ်ပါသေးတယ်"

"ခွဲတတ်လိမ့်မယ် အားကြီး . . . ခွဲတတ်လိမ့်မယ်၊ ဂီတ ဆိုတာ ဘောလုံးကန်သလို လွယ်လွယ်ကူကူ ခံစားကြည့်လို့ ရတာမဟုတ်ဘူး"

မိတ်ဆုံပွဲ ပြီးသည်နှင့် သူမနှင့် ကျွန်တော် အဓိပတိ လမ်းအတိုင်း ဖြတ်၍ အင်းယားဘက်နား ကားမောင်းထွက်လာ ကြသည်။ ကားလမ်းဘေး ပလက်ဖောင်းပေါ်တွင် စောစောက မိတ်ဆုံပွဲလာဟန်ရှိသော ကျောင်းသူတစ်သိုက်မှာ ခပ်သုတ် သုတ် လျှောက်သွားလျက်ရှိကြ၏။

ဂျပ်ဆင်ဘုရားရှိခိုးကျောင်းအနီးရှိလမ်းသို့ ရောက်လေ ပြီ။

"တို့ ဂီတကို သိပ်ဝါသနာပါတယ် အရဲရဲ့ . . . ဂီတ ဟာ တကယ်တော့ တို့ဘဝပဲ"

"ကောင်းပါတယ် . . . ကိုယ်ကလည်း ကိုယ်သာ ဂီတ ကို ဘာမှန်းနားမလည်ပေမယ့် မင်းဘဝကို ခုလိုပဲ အမြဲတမ်း ဂီတနဲ့ပဲ နေစေချင်တယ်"

"ဒါကိုတော့ စိတ်မပူနဲ့၊ တွဲနေမှာပါ။ ဂီတနဲ့ ဘဝဟာ ခွဲလို့မရပါဘူး။ တစ်နေ့ တို့ကိုယူမယ့်ယောက်ျားဟာလည်း တို့ ကိုယူရင် တို့ဂီတကိုလည်း ယူရမှာပဲ"

အင်းလျားဘေးမှလမ်းကို ရောက်လာလေပြီ။ လပြည့် နေ့ညမို့ အင်းလျားရေပြင်မှာ ငွေရည်သုတ်ထားသလို ရှိ၏။

“တို့ တစ်ခုပြောရဦးမယ်အရဲ . . . တို့ ပြင်သစ်သွား ရတော့မယ်”

“ဘာ . . . ပြင်သစ်သွားရမယ်”

ကျွန်တော်သည် သူမစကားကို ယုံတစ်ဝက် မယုံ တစ်ဝက်နှင့် ပြန်မေးလိုက်၏။

“ဟုတ်တယ်အရဲ . . . ပြင်သစ်က ပဲရစ်မြို့သွားရမယ်၊ တို့ ပညာတော်သင် လျှောက်ထားတာ ရပြီ။ မနေ့က ပညာရေး ဝန်ကြီးဌာနက အကြောင်းကြားစာလာတယ်”

“ဘာလဲ . . . မင်း အနုစာပေပဲ သွားဆက်သင်ဦးမလို့ လား . . . ဒီမှာ မဟာဝိဇ္ဇာတန်းလည်း ပြီးတောင်မပြီးသေးဘူး မဟုတ်လား”

“မဟုတ်ဘူး . . . ဂီတနဲ့ပတ်သက်ပြီး ပဲရစ်အနုပညာ တက္ကသိုလ်မှာ မဟာဝိဇ္ဇာဘွဲ့ရတဲ့အထိ ဆက်သင်မလို့၊ ပဲရစ် အနုပညာတက္ကသိုလ်ဟာ တို့ အာရှသားတွေအတွက် အင် မတန် တက်ခွင့်ရခဲတယ်။ မြန်မာလူမျိုးထဲမှာဆိုရင် ဒီကျောင်း က ဘွဲ့ရဖူးတာ ဒေါ်ထားထားခိုင်တစ်ယောက်တည်း ရှိသေး တယ်”

“မင်း တကယ်သွားမလို့လား”

“ဟုတ်တယ် . . . တကယ်သွားမလို့ပေါ့၊ ပဲရစ်မြို့ဟာ တို့ အနုပညာသမားတွေအတွက် အနုပညာမြို့တော်ပဲ။ ပဲရစ် မြို့ကိုသွားဖို့ အခွင့်အရေးမျှော်နေတာ ကြာလှပြီ”

“မိသင်း”

ကျွန်တော်သည် ကားကို ရုတ်တရက် ရပ်ပစ်လိုက်သည်။ သူမသည် ကျွန်တော့်ကို လှမ်းမကြည့်။ အင်းလျား ရေပြင်ဘက်ကို ငေးကြည့်နေသည်။

"မင်း မသွားရဘူး"

"ဘာပြုလို့"

သူမသည် တည်ငြိမ်အေးချမ်းစွာဖြင့် ကျွန်တော့်ကို ပြန်မေးလိုက်ပါသည်။

"မင်းကို လက်ထပ်ချင်လို့"

စောစောက အင်းလျားရေပြင်ဘက်ကို ငေးကြည့်နေသော သူမ၏ မျက်နှာလေးမှာ ဖျတ်ခနဲ ကျွန်တော့်ဘက်ကို ပြန်လှည့်လိုက်ပါသည်။

"ဘာ . . . လက်ထပ်ချင်လို့၊ အပိုစကားတွေ လာမပြောပါနဲ့ အရဲရယ် . . . တို့ကလည်း အရဲနဲ့ ဒီဇာတ်လမ်းကို စကတည်းက တစ်နေ့ ဘယ်လို အဆုံးသတ်ရမယ်ဆိုတာ အပြတ် သိထားပြီးသားပါ။ အရဲလို ယောကျ်ားမျိုးဟာ တို့လို မိန်းကလေးမျိုးကို ဘယ်တော့မှ လက်မထပ်ပါဘူး။ ရန်ကုန် တက္ကသိုလ်နယ်မြေဆိုတာ တစ်ခါတစ်ခါ တို့ တွေးကြည့်တယ်။ လမ်းဆုံလမ်းခွနဲ့ တူပါတယ်။ လူတွေဟာ အရပ်ရပ်က လာပြီး ဒီမှာ ခဏဆုံကြပြီးရင် ကိုယ့်လမ်းကိုယ် ဆက်သွားကြရတာပဲ"

သူမက အဘိဓမ္မာဆရာမလေးအသွင် သူမ၏ လောကအမြင်များကို ကျွန်တော့်ကို တင်ပြနေပြန်သည်။

"ဘာလဲ . . . မင်းက မင်းအဖေ တွတ်တွတ်ကြီးဆီပဲ

ပြန်ချင်တယ် ဆိုပါတော့ . . . ဟဲ ဟဲ”

“တို့အဖေကို မသရော်ပါနဲ့ . . . တို့အဖေကို သရော်တာ နည်းနည်းမှ မကြိုက်ဘူး”

ကျွန်တော်က အရွှန်းဖောက်လိုက်သော်လည်း သူမ၏ မျက်နှာလေးမှာ ရွှင်မလာပါ။ သူမ၏ မျက်နှာလေးကို တည်တည်ထားပြီး ကျွန်တော့်စကားကို ပြန်ဖြေလိုက်၏။

“ကိုယ် တကယ်လက်ထပ်ချင်လို့ပါ မိသင်းရယ် . . . မင်းမကြိုက်တာကို ပြောမိသွားတယ်ဆိုရင်လည်း ကိုယ် တောင်းပန်ပါတယ်၊ မင်း ပဲရစ်မြို့ကိုသွားမယ့် အစီအစဉ်ကို ဖျက်လိုက်ပါ၊ ကိုယ် ဘယ်မိန်းမကိုမှ ဒီစကားမျိုး မပြောဖူးပါဘူး”

ကျွန်တော်သည် ထိုသို့ပြောရန် စောစောက ပြင်ဆင်ထားခြင်း လုံးဝမရှိပါ။ ဤစကားများ ကျွန်တော့်ရင်တွင်းမှ ပေါ်လာလျက်ရှိသည်ကိုလည်း ကိုယ့်ကိုကိုယ် အံ့သြနေမိ၏။ သူမသည် ကျွန်တော့်မျက်လုံးများကို ရုတ်တရက် တည့်တည့် စိုက်ကြည့်လိုက်၏။

ကျွန်တော့်ရင်ခုန်သံမှာ နည်းနည်း မြန်နေပါသည်။ ကျွန်တော် ထိုသို့ တစ်ခါမှ မဖြစ်ဖူးပါ။

“ကောင်းပြီ . . . တို့ မသွားတော့ဘူး၊ မနက်ဖြန် ပညာရေးဝန်ကြီးဌာနကို စာပြန်ရေးလိုက်မယ်”

ကျွန်တော်သည် သူမ၏ ကိုယ်လေးကို ရုတ်တရက် ကျွန်တော့်ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်ပါသည်။

× × ×

(၁၀)

မိသင်းကိုခေါ်၍ အင်းလျားဆောင်မှ ထွက်လာသော အချိန်တွင် နေ့လယ် ၁၁ နာရီထိုးလုပေပြီ။ ကျွန်တော်သည် အဖေ့အိမ်သို့ နေ့လယ် ၁၁ နာရီ အရောက်လာခဲ့မည်ဟု မနေ့ကပင် ကြို၍ ဖုန်းဆက် ချိန်းထားပြီးဖြစ်၏။ ကျွန်တော်သည် ကားကို တစ်ချိန်လုံး တစ်နာရီ မိုင် ၆၀ နှုန်းထက် မအောက်အောင် တောက်လျှောက် မောင်းလာခဲ့၏။

ရှစ်မိုင်လမ်းဆုံသို့ ရောက်လေပြီ။

မီးနီပြနေသဖြင့် ကားကိုရုတ်တရက် ထိုးရပ်လိုက်ရ၏။

"အရဲ . . . ကားမောင်းတာ မြန်လိုက်တာ"

"မင်္ဂလာဒုံလမ်းပဲ . . . ဒီလမ်းပေါ်မှာ လူတိုင်း အမြန် မောင်းနေကြတာပဲ"

"ဟုတ်ပါတယ် . . . ဒီအတိုင်းဆိုရင်တော့ အရဲအဖေ သတ်တာမခံရခင် ကားတိုက်ခံရလို့ အရင်သေလိမ့်မယ်ထင်တယ်"

"အဘိုးကြီးက ဒီလောက်မဆိုးပါဘူးကွ . . . မင်းကို မသတ်ပါဘူး"

"အရဲပြောတော့ သူ့မျက်နှာဟာ ကျောက်တုံးကြီးလိုပဲ ဆို . . တို့ ကြောက်လိုက်တာ"

သူမက သူမ၏ပခုံးလေးကို တွန့်ပြလိုက်၏။

"မကြောက်ပါနဲ့ . . . ဒါက ကိုယ့်အမြင်ပါ၊ သူ့အမူသည်တွေကတော့ သူ့ကို သိပ်သဘောကျကြပါတယ်"

မှန်သည်၊ ကျွန်တော့်အဖေမှာ သူ့အမူသည်များကို အလွန် ပြေပြစ်စွာ ဆက်ဆံတတ်သူဖြစ်၏။

မီးစိမ်းပြလေပြီ။

ကျွန်တော်သည် ကားကို ညာဘက်သို့ ချိုးကွေ့လိုက်၏။ စက္ကန့်ပိုင်းအတွင်းမှာပင် စိတ်ရောဂါကု ဆေးရုံထိပ်သို့ ရောက်လာသည်။ ကျွန်တော့်ဖခင်အိမ်မှာ ဤလမ်းမကြီးတွင်ပင် ရှိပါသည်။ သို့သော် လမ်းမကြီးပေါ်တွင် မဟုတ်။ လမ်းချိုးလေးမှ အတွင်းသို့ ၃ ဖာလုံလောက် ဝင်ရပါသေးသည်။

လမ်းချိုးလေးသို့ ရောက်လေပြီ။

ကျွန်တော်သည် အတွင်းသို့ အသာချိုးဝင်လိုက်သည်။ လမ်းမှာ ကွန်ကရစ်ခင်းလမ်းဖြစ်သည်။ လမ်းဘေးတွင် မည်သည့်အိမ်မျှမရှိ။ အုန်းပင်ပုလေးများကို အစီအရီ စိုက်ထားသည်။ ကျွန်တော့်ဖခင်အိမ်သို့သွားရန် သီးသန့် ဖောက်ထားသော လမ်းဖြစ်၏။

"အရဲ . . . အိမ်လည်း တစ်လုံးမှ မတွေ့ပါလား"

"ဟုတ်တယ် . . . လမ်းဆုံးမှ ခြံထိပ်ကိုရောက်မယ်၊ ဒါ အဘိုးကြီးခြံကိုသွားဖို့ သီးသန့်ဖောက်ထားတဲ့လမ်း"

ကျွန်တော်သည် ကားကို မင်္ဂလာဒုံလမ်းတွင် မောင်းစဉ် ကကဲ့သို့ပင် ၄-ဂီယာကို ပြောင်း၍ အမြန်မောင်းလိုက်၏။ တစ်မိနစ်ခန့်အတွင်းပင် ခြံထိပ်သို့ ရောက်လာကြပါသည်။

ကျွန်တော်သည် ကားတံခါးကိုဖွင့်ပြီး အောက်ဆင်းလိုက်ပါသည်။

ထို့နောက် ခြံတံခါးထိပ်မှ လူခေါ်ခေါင်းလောင်း အဖြူလေးကို နှိပ်လိုက်ပါသည်။

"အရဲ . . . "

"ဘာလဲ"

"မဖြစ်ပါဘူးထင်တယ် . . . ပြေးကြစို့"

သူမ ကျွန်တော့်ကို ပြုံးပြီး နောက်ပြောင်သလိုနှင့် ကားပေါ်မှ လှမ်းမေးလိုက်၏။

"မပြေးပါနဲ့ . . . မြန်မာစကားရှိတယ်မဟုတ်လား၊ လာမယ့်ဘေး ပြေးတွေ့ဆိုတာ အဘိုးကြီး အဘွားကြီးနဲ့ ရှောင်လို့မှ မရဘဲ။ လက်ထပ်ဖို့ကိစ္စဟာ သူတို့နဲ့တွေ့ပြီးပြောမှ ဖြစ်မယ်မဟုတ်လား"

မှန်သည် ကျွန်တော်သည် မနေ့ညကပင် အဖေ့ထံသို့ ဖုန်းဆက်၍ မိသင်းကိစ္စကို အကြောင်းကြားထားပြီး ဖြစ်၏။ အဖေက သူ့ဆန္ဒကို ဘာမှမပြောသေးပါ။ မိသင်းကို ဒီနေ့ နေ့လည် အိမ်ခေါ်ခဲ့ရန် ပြော၏။

ခြံစောင့် ဦးထွန်းဖေကြီး ထွက်လာပါသည်။ ဦးထွန်းဖေကြီးသည် ကျွန်တော့်ကိုမြင်သည်နှင့် နှစ်ခြိုက်စွာ ပြုံး၍ နှုတ်ဆက်လိုက်၏။ နှုတ်ကတော့ သူ ဘာမှမပြော။ ဦးထွန်းဖေမှာ အလွန်စကားနည်းသူဖြစ်၏။ ကျွန်တော့်ဖခင်ကို အလွန်လေးစားပြီး ကျွန်တော့်ဖခင်၏ ကျွန်ယုံကြီးဟုဆိုလျှင် မမှား။ ကျွန်တော့်ဖခင်ထံတွင် ဦးထွန်းဖေ အမှုထမ်းနေသည်မှာ နှစ်သုံးဆယ်ကျော်ပြီ။

ဦးထွန်းဖေသည် ခြံတံခါးကို ညင်ညင်သာသာ ဖွင့်ပေးလိုက်၏။ ကျွန်တော်သည် ကားကို ခြံတွင်းသို့ ညင်သာစွာ မောင်းသွင်းလာပါသည်။ ခြံအတွင်းမှ ခရေပန်းနံ့များမှာ ကျွန်တော်တို့ကို ဆီးကြိုနှုတ်ဆက်လိုက်ကြ၏။

အိမ်ရှေ့တွင် ကားရပ်မိသည်နှင့် ကျွန်တော်သည် မိသင်းဘက်မှ တံခါးကို သွက်လက်စွာ ဖွင့်ပေးလိုက်၏။ မိသင်းသည် ကားပေါ်မှ ညင်သာစွာ ဆင်းလိုက်ပါသည်။

"လာ"

မိသင်းနှင့် ကျွန်တော် အိမ်ရှေ့ ကျောက်လှေကားမှ ယှဉ်တွဲတက်သွားကြ၏။ အိမ်ရှေ့ ဧည့်ခန်းတွင် မည်သူမျှ မရှိပါ။ နံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံများမှာ ကျွန်တော်တို့ကို ခြောက်လှန့်နေကြသလို ရှိ၏။

"အရဲ ဆွေမျိုးတွေ"

သူမသည် ဓာတ်ပုံများကို ထိုးပြပြီး ကျွန်တော့်ကို မေးလိုက်၏။

"ဟုတ်တယ်"

ထိုပုံများထဲမှ အများစုကို မိသင်း ယခင်ကပင် မြင်ဖူးနေမည်ဖြစ်၏။

ကျွန်တော်တို့သည် ဧည့်ခန်းမှ ဖြတ်လျှောက်လာပါသည်။ အဖေသည် ဧည့်ခန်းတွင် မရှိလျှင် စာကြည့်ခန်းတွင် ရှိမည်ကို ကျွန်တော် တွေးထားမိပြီး ဖြစ်၏။

ဧည့်ခန်းကျော်လျှင် မိသားစု အနားယူခန်းကို ကျွန်တော် ဖြတ်ဝင်ခဲ့ရပါသည်။ ထိုအခန်းတွင် ဖခင်၏ ဆုတံဆိပ်အမျိုးမျိုးမှာ စားပွဲပေါ်တွင် အစီအရီ ချထားကြ၏။

"ဟင် . . . ဆုတံဆိပ်တွေ ဒီလောက်များတာ၊ ဘယ်သူ့ဟာတွေလဲ၊ အရဲ ဘောလုံးပွဲက ရထားတာတွေလား"

"မဟုတ်ဘူး . . . ကိုယ့်အဖေဟာတွေ"

"ဟင် . . . အရဲအဖေကလည်း နာမည်ကြီး အားကစားသမားပဲလား . . . ဒီဆုတွေ သူ ဘယ်တုန်းက ရထားတာလဲ"

"ကိုယ် မသိဘူး၊ မေးလည်း မမေးဖူးဘူး . . . ကျောင်းသားတုန်းက ရထားတာထင်တာပဲ"

"ရွှေအစစ်၊ ငွေအစစ်တွေများလား . . . တောက်နေတာပဲ"

သူမသည် ဖလားတစ်ခုလုံးကို ကိုင်ကြည့်ပြီး ကျွန်တော့်ကို မေးလိုက်၏။

"မဟုတ်ပါဘူး . . . ပြုပြင်ထားလို့ပါ"

"အရဲ ရထားတဲ့ ဆုတံဆိပ်တွေရော ဘယ်မှာထားလဲ"

"ကိုယ့်အိပ်ခန်းထဲမှာ"

"ဒီလိုပဲ အလှတင်ထားကြလား"

"မထားဘူး . . . ခုတင်အောက်က သေတ္တာတစ်လုံးထဲ စုထည့်ထားတယ်"

"သွားကြည့်ရအောင်"

"အေးလေ . . . နောက်ကြည့်ကြတာပေါ့"

ကျွန်တော်တို့ စာကြည့်ခန်းအဝကို ရောက်လာကြလေပြီ။

"ဟော့ . . . သား"

အဖေသည် အခန်းတွင်းမှ ရုတ်တရက် ကျွန်တော့်ကို နှုတ်ဆက်လိုက်၏။

"ဒါ . . . မေလွင်သင်းဆိုတာပဲ အဖေ"

အဖေသည် မိသင်းကို တစ်ချက်စိုက်ကြည့်လိုက်၏။ ထို့နောက် မိသင်းနှင့် အဖေသည် တစ်ဦးကိုတစ်ဦး ပြုံး၍ နှုတ်ဆက်လိုက်ကြသည်။ အဖေ ပြုံး၍နှုတ်ဆက်ပုံမှာ ရုတ်တရက်တွေ့လိုက်လျှင် အလွန်နှစ်မြို့ဖွယ်ရာ ဖြစ်ပါသည်။ သို့သော် အဖေမှာ နာမည်ကြီးဝတ်လုံပီပီ သူ့မျက်နှာကို ကြည့်ပြီး သူ့ရင်ထဲမှာရှိသည်ကို ဘယ်အခါမှ အကဲခတ်၍မရ။ သူ့အပြုံးမှာ လျှို့ဝှက်သောအပြုံး ဖြစ်သည်ကို ကျွန်တော် ကောင်းစွာသိပါသည်။

"ကဲ . . . လာကြ၊ မင်းအမေ အပေါ်ထပ်က ဧည့်ခန်း

မှာ စောင့်နေတယ်”

ကျွန်တော်နှင့် မိသင်းသည် အဖေ့နောက်မှ အသာ လိုက်သွားကြပါသည်။ အဖေသည် ထိုနေ့တွင် အားကစား စပို့ ရှပ်အဖြူနှင့် ထားဝယ်ပုဆိုး အနီကွက်ကို ဝတ်ဆင်ထား၏။ သူ့အသွင်ကို ကြည့်ရသည်မှာ သူ့အသက်ထက် များစွာငယ်၍ နေသည်။

အပေါ်ထပ် ဧည့်ခန်းသို့ ဝင်သွားလျှင် အမေသည် ကျွန်တော်တို့အားလုံးကို ပြုံး၍ နှုတ်ဆက်လိုက်၏။ အမေ၏ ပြုံးဟန်မှာလည်း ရင်ထဲက ဘယ်သို့ရှိသည် မသိပါ။ လန်းဆန်း၍နေပါသည်။

‘ယဉ်ယဉ် . . . ဒါ မင်းသားပြောတဲ့ မေလွင် . . . ”

“မေလွင်သင်းပါ”

မိသင်းက အဖေ့စကားကို ဖြတ်၍ ထောက်ပေးလိုက်၏။

“အေး . . . မေလွင်သင်းပါ၊ မိန်းကလေး . . . ဒါ ဦး ဇနီးပါ”

မိသင်းသည် နှစ်ခြိုက်စွာပြုံး၍ အမေ့ကို နှုတ်ဆက်၏။

“မိန်းကလေး ထိုင်ထိုင်”

အမေက မိသင်းကို ဘေးမှထိုင်ခုံတွင် ထိုင်ရန် ညွှန်ပြလိုက်ပါသည်။ မိသင်းသည် တည်ငြိမ်စွာ ဝင်ထိုင်လိုက်၏။

“မိန်းကလေး ဘယ်မြို့ကလဲ”

“ပဲခူးကပါ”

အမေသည် မိသင်းကို အကဲခတ်နေဟန်ရှိသည်။ မိသင်း၏ ချစ်စရာ ပါးဖောင်းဖောင်းလေးများကိုလည်း ဘာကြောင့် ဤမျှချစ်စရာကောင်းနေရသည်ကိုလည်း အမေ တွေးနေမည် အမှန်ဖြစ်၏။ အမေမှာ ပညာတတ်သူ မဟုတ်ပါ။ ရုပ်အလွန်ချောပြီး မိဘ အလွန်ချမ်းသာသဖြင့် အဖေ့လို ယောကျ်ားမျိုးကို ရထားခြင်းဖြစ်၏။ သို့သော် ပညာတတ်များနှင့်သာ အနေများ၊ အဆက်ဆံများသဖြင့် သူမ၏ ဟန်ပန်မှာ ပညာတတ်တစ်ဦး၏ ဟန်ပန်များအပြည့် ပါနေပါသည်။

"သား . . . မှော်ဘီကနေ ရန်ကုန်ရောက်အောင် ခုဘယ်လောက်ကြာကြာ ကားမောင်းခဲ့ရလဲ"

"ထုံးစံအတိုင်းပေ့ါ အမေ . . . မိနစ်ငါးဆယ်လောက် အတွင်း ဆိုပါတော့"

"မိန်းကလေး . . . မင်း အရဲကားဘေးမှာ လိုက်စီးတာ မကြောက်ဘူးလား"

အဖေက ဝင်ပြောလိုက်ခြင်းဖြစ်၏။ မိသင်းက ဘာမှ ပြန်မပြော၊ ပြုံး၍သာနေပါသည်။

"သားက သိပ်ကားမောင်းမြန်တယ် မိန်းကလေးရဲ့"

အမေက မိသင်းကိုပြောလိုက်ခြင်းဖြစ်သည်။

"အဖေ့လောက် မမြန်သေးပါဘူး အမေရဲ့"

မှန်သည်၊ ကျွန်တော့်ဖခင်မှာလည်း အလွန် ကားမောင်းရမ်းသူတစ်ဦးဖြစ်၏။ သို့သော် ယခု သူမမောင်းသည်မှာ ကြာလေပြီ။ ထို့နောက် သာကြောင်း မာကြောင်း အထွေထွေ

စကားများကိုပြောပြီး စကားပြတ်၍ သွားကြပြန်သည်။ အဖေ ရော အမေပါ မိသင်းနှင့် ကျွန်တော် လက်ထပ်မည့်ကိစ္စကို ဘာမှ မမေးပါ။ မဆွေးနွေးပါ။ ကျွန်တော် ကြိုတင် မပြောထား သကဲ့သို့ပင် သာမန် ကျွန်တော့်ဧည့်သည်တစ်ဦးကို ဆက်ဆံ သကဲ့သို့ပင် ဆက်ဆံနေကြပါသည်။

အပြင်ဘက်တွင် နေဦး၏လေပွေ တိုက်ခိုက်မှုကြောင့် သစ်ရွက်လှုပ်သံများကို အတိုင်းသား ကြားနေရ၏။ ကျွန်တော် တို့ ဧည့်ခန်းမှာ ခေတ္တ စကားပြတ်ပြီး အသံတိတ်၍ နေကြပါ သည်။ ထိုသို့ အသံတိတ်နေလျှင် မိသင်း နေရခက်နေမည်ကို ကျွန်တော့်စိတ်ထဲက တွေးပူနေမိ၏။ ထို့ကြောင့်ပင် နေ့လည်စာ ထမင်းအတူစားကြမည့် အစီအစဉ်ကို စိတ်ထဲက ချက်ချင်း ဖြတ်ပစ်လိုက်ပြီး . . .

"ကျွန်တော်တို့ ပြန်တော့မယ်အဖေ"

"ဟေ . . . မင်းတို့ နေ့လည်စာ စားကြဦးမယ်ဆို"

"စောစောကတော့ ဒီလိုပဲ စိတ်ကူးထားပါတယ်။ မနက် ကမှ အရေးကြီးကိစ္စတစ်ခု ပေါ်လာလို့ အချိန်မရလို့ပါ"

"မင်းတို့ စားပြီးမှသွားကြပါ"

"အချိန်မရှိတော့လို့ပါ အဖေ"

"ဟုတ်တယ်ဦး . . . နောက်တစ်ခေါက်မှပဲ ကျွန်မ စားပါရစေ၊ ကျေးဇူးတင်ပါတယ်"

အဖေသည် အမေ့ကို လှမ်းကြည့်လိုက်၏။ အမေက ဘာမှမပြော။ ကျွန်တော်သည် အေးစက်စက်လုပ်နေသော

ကျွန်တော့်မိဘများပတ်ဝန်းကျင်မှ မိသင်းကို ခေါ်သွားချင်လှလေပြီ။ မိသင်းကလည်း ပြန်လစ်ချင်လှလေပြီ။

"မသွားကြနဲ့ဦး . . . စားသောက်ပြီးမှ သွားကြ၊ စစ်တပ်စကားနဲ့ပြောရင်တော့ ဒါ အမိန့်ပဲ . . ."

ကျွန်တော်သည် ကျွန်တော့်ဖခင်မျက်နှာကို စိုက်ကြည့်လိုက်ပါသည်။ စိတ်ထဲကလည်း မိသင်းကို အလွန်အားနာနေ၏။ မိသင်းရှေ့တွင် အဖေနှင့်လည်း အချီအချ ဆန့်ကျင်မပြောလိုပါ။

"အဖေ . . . ကျွန်တော် တကယ်ပြောတာပါ၊ ချိန်းထားပြီးသား ရှိနေလို့"

"အရဲ . . . တို့ စားပြီးမှ သွားကြစို့"

မိသင်းက ကျွန်တော့်ကို ရုတ်တရက် လှမ်းပြောလိုက်သံ ဖြစ်၏။ ကျွန်တော်သည် မိသင်း အပြောင်းအလဲကို ရုတ်တရက် တွေးမရ။ အံ့သြ၍လည်း နေပါသည်။

"ဘာ . . . မိသင်း စားသွားမယ်"

"ဟုတ်တယ် . . . တို့ ဆာနေပြီ"

ကျွန်တော် ဘာမှ ပြန်မပြောတော့ပါ။ ကျွန်တော့်ဖခင်အနောက်မှ အသာလိုက်၍ ထမင်းစားခန်းဘက်သို့ ကူးသွားခဲ့ပါသည်။

× × ×

(၁၁)

နောက်တစ်နေ့ မနက်တွင်ပင် အဖေ့ထံသို့ မှော်ဘီမှ ကျွန်တော် ဖုန်းဆက်ပြီး မိသင်းနှင့် ကျွန်တော့်ကိစ္စကို မေးပါသည်။ အဖေ့ကို မမေးမီကပင် အဖေ ဘာအဖြေပေးမည်ကို ကျွန်တော်တွေး၍ ရထားလေပြီ။ သို့သော် မတတ်နိုင်။ ကျွန်တော် စပြောထားမိပြီဖြစ်၍ အဖေ့ဆန္ဒကို ပွင့်ပွင့်လင်းလင်း သိရန် မေးရဦးမည်မဟုတ်လား။

"အဖေ . . . ကျွန်တော် အရဲပါ၊ မနေ့က ကျွန်တော် ခေါ်လာတဲ့ မေလွင်သင်းအပေါ် အဖေ ဘယ်လိုသဘောထားလဲ"

"မိန်းကလေးက မဆိုးပါဘူး၊ ဒါပေမဲ့ . . . "

"ဒါပေမဲ့ ဘာဖြစ်သလဲ အဖေ"

"သား စဉ်းစားကြည့်ပါလား . . . အဖေတို့ ပတ်ဝန်းကျင်၊ အဖေတို့ အခြေအနေမှာ မေလွင်သင်းရဲ့ အခြေအနေကို

ရောယှက်ပေးရင် သင့်တော်မလားလို့”

“အဖေဆိုလိုတဲ့ အဓိပ္ပါယ်ကို ပွင့်ပွင့်လင်းလင်း ပြောပါ။ ကျွန်တော် နားမလည်ဘူး၊ မေလွင်သင်းကို ကျွန်တော် လက်ထပ်ချင်တယ်။ အဖေ့သဘော ဘယ်လိုလဲ၊ မေလွင်သင်းကို ဘယ်လိုမြင်သလဲ”

“မေလွင်သင်းကို ဘယ်လိုမြင်လဲဆိုတာတော့ အဖေ ဘာမှ မပြောချင်ပါဘူး၊ မင်းကို ဘယ်လိုမြင်တယ်ဆိုတာပဲ အဖေ ပြောချင်တယ်”

ကျွန်တော် ဘာမှ ပြန်မပြောပါ။ ဖုန်းကိုကိုင်ပြီး ငြိမ်၍ နားထောင်နေပါသည်။

“မင်းဟာ တို့ ဆွေမျိုးပတ်ဝန်းကျင်မှာတော့ သိုးမည်းလေးပဲသားရဲ့”

“မေလွင်သင်းကို လက်ထပ်ချင်တာနဲ့ သိုးမည်းလေးဖြစ်ရောလား အဖေ . . . ကျွန်တော် ရွေးထားတဲ့ မေလွင်သင်းဟာ အဖေမြင်တဲ့အတိုင်းပဲ ပျံတန်တန် နန့်တန့်တန့်လည်း မဟုတ်ဘူး၊ ဟစ်ပီလည်း မဟုတ်ဘူး၊ ပညာတတ်၊ ဘဝကို ရဲရဲရင်ဆိုင်ရဲတဲ့ မိန်းကလေး”

“အဖေ ပြောပြီးပြီမဟုတ်လား . . . မေလွင်သင်းကို ဘာမှလည်း ပြောနေစရာမလိုဘူးလို့ . . . ဒီမှာသား . . . အဖေ မေးပါရစေ၊ မေလွင်သင်းမှာ မင်း ဘာကို ဒါလောက်ထိ စွဲမက်နေတာလဲ၊ ပြောစမ်းပါ . . . အဖေ သိပါရစေ”

ကျွန်တော် ရုတ်တရက် ဤမေးခွန်းကို မဖြေတတ်ပါ။

ဘာ အဖြေပေးရမှန်းလည်း မသိပါ။ မိသင်းကို ဘာကြောင့် ကျွန်တော် ချစ်နေရသည်ကို ကျွန်တော် သိပါသည်။ ကျွန်တော့် ရင်ထဲမှာ သိပါသည်။

သို့သော် အဖေ နားလည်မည်မထင်။ အဖေ နားလည် အောင် ဘယ်သို့မှ ပြန်မပြောတတ်။ ကျွန်တော် ပြန်ပြောတတ် လျှင်လည်း အဖေ နားလည်မည်မထင်။ အဖေကိုယ်တိုင်က လည်း ဒီမေးခွန်းကို မမေးသင့်။ ကျွန်တော့်နှလုံးသားအရေးကို မလိုအပ်ဘဲ ထိပါးသည်ဟု ကျွန်တော် ထင်ပါသည်။

"ကျွန်တော် မပြောချင်ဘူးအဖေ၊ တော်ပါပြီ . . . အဖေ ဒါပဲပြောချင်တယ်မဟုတ်လား"

ကျွန်တော် တယ်လီဖုန်းချရန် ဟန်ပြင်လိုက်ပါသည်။

"ဟေ့ သား . . . မင်း ကလေးလိုမလုပ်နဲ့၊ လူကြီး တစ်ယောက်လို အဖေနဲ့ ရဲရဲရင်ဆိုင်ပြီး ပြောစမ်းပါ . . . အဖေ တစ်ခုပဲ မင်းကို နောက်ဆုံးပြောချင်တယ်။ မင်း အချိန်နည်း နည်းစောင့်ပါ၊ စောင့်ပြီးတော့ မင်း လုပ်ချင်ရာလုပ်"

ကျွန်တော့်စိတ်တွင် တွေဝေသွားပါသည်။

"ဘယ်လောက် စောင့်ရမှာလဲ"

"သုံးနှစ်လောက်ပါ . . . နောက် သုံးနှစ်ကြာလို့မှ မင်း ဒီမိန်းကလေးကို စွဲမက်နေသေးတယ်ဆိုရင် မင်းသဘောပဲ၊ သုံးနှစ်ဆိုတာ ဘာမှမကြာပါဘူး သားရယ် . . . မင်း သဘော တူတယ်မဟုတ်လား"

ကျွန်တော် ရုတ်တရက် ဘာမှ မဆုံးဖြတ်တတ်သေး

ပါ။ အဖေသည် နာမည်ကြီးဝတ်လုံဖြစ်၏။ အဖေသည် သူလိုချင်သည့်ဘက်ကို တစ်ဘက်သားကျအောင် ပြောတတ်သည်ကို ဝတ်လုံလောကတွင် လူတိုင်းသိပါသည်။ အဖေ ကျွန်တော့်ကို သုံးနှစ်စောင့်ခိုင်းသည်မှာ ဘာရည်ရွယ်ချက် ရှိသနည်း။ အဖေ့တွင် လျှို့ဝှက်ချက်တစ်ခုခု သူ့စကား၏နောက်ကွယ်တွင် ရှိရမည်ကို ကျွန်တော် ရုတ်ခြည်း ခံစား၍ရ၏။ သို့သော် ဖော်လည်း မဖော်ထုတ်ပြတတ်။ ကျွန်တော်မသိ။

"ကျွန်တော် စဉ်းစားဦးမယ်"

"စဉ်းစားပါ . . အဖေ ခု သုံးနှစ်စောင့်ဖို့ဆိုတာ အကြံပေးတာနော် . . . အမိန့်ပေးတာ မဟုတ်ဘူး၊ ဒီကိစ္စမှာ နောက်ဆုံးတော့ သားဆုံးဖြတ်ချက်ဟာ အဓိကပဲ"

ကျွန်တော် ဖုန်းချလိုက်ပါသည်။ ဖုန်းချပြီးနောက်လည်း ရုတ်တရက် ဖုန်းနားက မခွာနိုင်။ ငေးငိုင်နေမိပါသည်။ မိသင်းကို ခု လက်ထပ်ရမလား။ သုံးနှစ်စောင့်ရမလား။ ကျွန်တော့်ခေါင်းထဲတွင် အတွေးမျိုးစုံနှင့် လုံးထွေး၍နေ၏။ သို့သော် ကြာကြာ မလုံးထွေးပါ။ မိနစ်ပိုင်းအတွင်းပင် ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် ချလိုက်ပါသည်။

မိသင်းကို ယခုပင် လက်ထပ်မည်။

မှန်သည်၊ တိုက်လေယာဉ်မောင်း လေသူရဲဘဝမှာ နေ့သေမလား၊ ညသေမလား ပြောရသောဘဝမဟုတ်။ နေ့စဉ် လေယာဉ်မောင်းနေစဉ် အချိန်မရွေး ပျက်ကျသေနိုင်သည်။ သုံးနှစ်ဟူသောအချိန်မှာ တိုက်လေယာဉ်မောင်း လေသူရဲတစ်ယောက်

အဖို့ လုံးဝစိုးမိုး၍ရသော အချိန်မဟုတ်။ ယခု လက်ထပ်ရမည်။ ဖြစ်နိုင်လျှင် ယနေ့ပင် လက်ထပ်ရမည်။

ထိုအပတ်အတွင်းမှာပင် မိသင်းနှင့်ကျွန်တော် မိသင်းအဖေ တွတ်တွတ်ရှိရာ ပဲခူးမြို့သို့ ကားဖြင့်သွားကြပါသည်။ မိသင်းမှာ ကျွန်တော်နှင့် လက်ထပ်လိုသည့်ကိစ္စကို ကြိုပြီး သူ့အဖေသို့ စာရေးထားပြီးဖြစ်၏။ သို့သော် မိသင်းအဖေက ကျွန်တော့်ကို ကိုယ်တိုင်မြင်ချင်သေးသည်ဆို၍ ယခုလို ထွက်လာခဲ့ကြရခြင်းဖြစ်၏။

မိသင်းအဖေမှာ အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ်ဖြစ်၏။ အသက် ၄၈နှစ်ခန့်သာ ရှိဦးမည်ဟု ထင်ရ၏။ သူသည် စကားကို ညင်ညင်သာသာနှင့် အေးအေးဆေးဆေး ပြောတတ်ပါသည်။ သူသည် ကျွန်တော့်ကိုမြင်လျှင် ဘာမျှ အထူးအထွေ မပြော။ ဘာမျှ မမေး။ ကျွန်တော်တို့ ကားပေါ်တက်၍ ပြန်လည်ထွက်ခွာလာသောအခါ၌လည်း ပြုံး၍ နှုတ်ဆက်ပြီး ကျန်ရစ်နေခဲ့ပါသည်။ ကျွန်တော်သည် မိသင်းအဖေမျက်နှာကို ကြည့်ရသည်မှာ စိတ်မကောင်းပါ။

သူ၏ တစ်ဦးတည်းသောသမီး၊ သူ့ဘဝနှင့်တူသော မိသင်းကို ကျွန်တော့်လက်ထဲ အပ်လိုက်ရသဖြင့် ဝမ်းနည်းသည့် အရိပ်အယောင်များ သူ့မျက်လုံးထောင့်များတွင် အထင်းသား ပေါ်နေကြပါသည်။

နောက်တစ်နေ့တွင် မိသင်းနှင့် ကျွန်တော် တရားရုံးတစ်ခုတွင် လက်ထပ်လိုက်ကြပါသည်။ ကျွန်တော့်ဘက်မှ

မြင့်ဦးက သက်သေလိုက်၍ မိသင်းဘက်မှ ဝင်နီက သက်သေလိုက်ပါသည်။ ကျွန်တော့်ဖခင်ကို ကျွန်တော် လက်ထပ်လိုက်ပြီဖြစ်ကြောင်း စာရေး၍ အကြောင်းကြားလိုက်ပါသည်။ ဖုန်းဆက်မပြောမိခဲ့ပါ။

× × ×

(၁၂)

လက်ထပ်ပြီးနောက် တစ်လအကြာတွင် မိသင်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် နည်းပြဆရာမ ဝင်လုပ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့သည် မင်္ဂလာဒုံတွင် အိမ်လေးတစ်လုံး ငှား၍နေကြပါသည်။

မင်္ဂလာဒုံတွင်နေရန် အိမ်ငှားခြင်းမှာ ကျွန်တော်တို့တွင် ရည်ရွယ်ချက်ရှိ၏။ မင်္ဂလာဒုံမှာ နေ့စဉ်မှော်ဘီသွား၍ လေယာဉ်ပျံမောင်းရမည့် ကျွန်တော့်အတွက်ရော ရန်ကုန်တက္ကသိုလ်တွင် စာပြရမည့် မိသင်းအတွက်ပါ ဗဟိုကျ၍ဖြစ်ပါသည်။ နေ့စဉ် မိသင်းသည် တောင်ဘက်သို့ ရုံးသွားရ၏။ ကျွန်တော်သည် မြောက်ဘက်သို့ ရုံးသွားရပါသည်။

ကျွန်တော်တို့ အိမ်ထောင်ရေးမှာ စ,စချင်း အခြေအနေ မကောင်းပါ။ ရုန်းကန်နေရပါသည်။ ဘာကြောင့်နည်း။ အခြား မဟုတ်၊ ငွေမရှိသည့်အတွက်ဖြစ်၏။ ကျွန်တော့်တွင် စုငွေမရှိပါ။ ကျွန်တော်မှာ ထိုစဉ်က ဒုဗိုလ်မှ ဗိုလ်ဖြစ်ခါစဖြစ်၍ တစ်လ

လေးရာပြည့်ရုံမျှ ရ၏။ လက်ထပ်စက ကျွန်တော့်ဘဏ်စာရင်းတွင် ငွေ လေးထောင်ကျော်မျှ ရှိသော်လည်း ငွေနှစ်ထောင်ခန့်မှာ အိမ်ထောင်ပစ္စည်းများ ဝယ်စရိတ်အဖြစ် ကုန်သွားသည်။ ကျန်ငွေ နှစ်ထောင့်နှစ်ရာဖြင့် မိသင်းအတွက် ဂျာမနီလုပ် စန္ဒရားတစ်လုံး ကျွန်တော် ဝယ်ပေးလိုက်၏။ စန္ဒရားမှာ ကျွန်တော်တို့အိမ်ထောင်တွင် မဝယ်၍မဖြစ်။ ဂီတမှာ မိသင်းဘဝ မဟုတ်လား။

မိသင်း မြန်မာစာဌာနတွင် နည်းပြဆရာမ ဝင်လုပ်နေချိန်တွင် ကျွန်တော်တို့အိမ်ထောင်ရေးမှာ ချောင်လည်လာမည်ဟု ထင်ရသော်လည်း မချောင်လှပါ။ မိသင်း နည်းပြဆရာမလုပ်ခမှာ သုံးရာပြည့်ရုံမျှ ရ၏။ ကျွန်တော့်လခနှင့် ပေါင်းလျှင် ကျွန်တော်တို့ အိမ်ထောင်မှာ ခုနစ်ရာခန့် ဝင်ငွေရှိ၏။ သို့သော် နေ့စဉ် ကျွန်တော် မှော်ဘီလေတပ်သွားရာတွင် သုံးနေသော အမ်ဂျီကားအတွက် ကုန်ကျစရိတ်မှာ တစ်လ သုံးရာခန့် ကုန်နေသဖြင့် ကျွန်တော်တို့မှာ ကျန်ငွေလေးရာခန့်နှင့် ချွေချွေတာတာ သုံးနေကြရ၏။

ကျွန်တော် လက်မထပ်ခင်ကမူ ကျွန်တော့်ဖခင်သည် ကျွန်တော့်ဘဏ်စာရင်းတွင် တစ်လ ငွေငါးရာ မှန်မှန်သွင်းပေး၏။ လက်ထပ်ပြီးနောက် သူ မသွင်းပေးတော့။ ကျွန်တော်ကလည်း မတောင်း။ ကိုယ့်အိမ်ထောင်အတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားရမည်မဟုတ်လား။

× × ×

(၁၃)

*သစ်ရိပ်သာဝယ်*
*ကဗျာလက်ာ၊ ဖတ်စရာနှင့်*
*အစာအတွက်၊ ပေါင်မုန့်တစ်ယှက်နှင့်*
*တစ်ခွက်သောက်လို၊ ဝိုင်ချိုချိုနှင့်*
*နှစ်ကိုယ်ကြည်ဖြူ၊ မောင့်ချစ်သူနှင့်*
*အတူယှဉ်ကာ၊ နေရပါသော်*
*ကန္တာရပင်၊ ဖြတ်ပါလျှင်လည်း*
*မြူးရွှင်ခိုလှုံ၊ နိဗ္ဗာန်ဘုံဟု*
*ကြည်ယုံမှတ်ထင်နိုင်သည်တကား ။ ။*

ပါရှား ကဗျာဆရာကြီး အိုမာခယမ်၏ ကဗျာလေးဖြစ်၏။ အိုမာခယမ်သည် ကျွန်တော် ကျောင်းသားဘဝက အမြတ်နိုးဆုံး ကဗျာဆရာကြီးဖြစ်၏။ သူ့ကဗျာလေးများကို ဖတ်၍

ကျွန်တော် အမျိုးမျိုး စိတ်ကူးယဉ်ခဲ့ဖူး၏။ အိုမာခယမ်၏ ကဗျာလေးများကို ဖတ်မိပြီးမှ ကိုယ့်ကိုကိုယ် လွတ်လွတ်လပ်လပ်တွေးတတ်သူဟုလည်း စိတ်ကြီးဝင်ပြီး အထင်ကြီးခဲ့ဖူး၏။

သို့သော် မိသင်းနှင့် အိမ်ထောင်ကျပြီးနောက် အိုမာခယမ်၏ ကဗျာလေးမျိုးကို မကြိုက်တော့။ ကျွန်တော့်အသိဉာဏ်တွင် တစ်မျိုးမြင်လာသည်။ ပျော့သလို၊ အားနည်းသလိုထင်လာသည်။

လက်ထပ်ပြီးစက မိသင်းနှင့်ကျွန်တော် ပျားရည်ဆမ်းခရီးလည်း ဝေးဝေးမသွားနိုင်ခဲ့ပါ။ ကွမ်းခြံကုန်းမှ သုံးနာရီမျှ မော်တော်ကားစီးသွားရသော လက်ခုပ်ကုန်း ပင်လယ်ရွာလေးတွင်သာ တစ်ပတ်ခန့်နေပြီး ရန်ကုန်ပြန်ခဲ့ရပါသည်။ လက်ခုပ်ကုန်း ပင်လယ်ရေပြင်မှာ ငပလီရေပြင်လို မသန့်ပါ။ ရေကူး၍မရ။ ညစ်နေပါသည်။ သို့သော် သောင်ပြင်မှာ ငပလီထက်ပြန့်ပြူး၏။ ဖြောင့်၏။ လှ၏။ ထို့ကြောင့်လည်း မိသင်းနှင့်ကျွန်တော်မှာ လက်ခုပ်ကုန်းသောင်ပြင်၌ တစ်ပတ်ခန့် နေရသည်နှင့်ပင် ကျွန်တော်တို့ ပျားရည်ဆမ်းခရီးကို ကျေနပ်ခဲ့ကြရ၏။

မိသင်းနှင့် ကျွန်တော်၏ အိမ်ထောင်ဦးမှာ ရှုန်းကန်နေရသည်မှာ မှန်၏။ သို့သော် ပြောပလောက်အောင်လည်း သောက မရှိခဲ့ပါ။ ထိုသို့ ဖြစ်ရသည်မှာ မိသင်း ကျွန်တော့်အပေါ်၌ ထားရှိသော ကြင်နာမှုများကြောင့်ဟု ထင်ပါသည်။ ဤနေရာတွင် 'အချစ်'ဟူသော ဝေါဟာရကို ကျွန်တော် မသုံး

ချင်တော့။ အိမ်ထောင်သည်ဘဝတွင် အချစ်မှာ ချစ်သူတို့ဘဝက အချစ်အဆင့်နှင့်မတူ။ ပို၍ နက်နဲသည်။ ပို၍ သိမ်မွေ့သည်ဟု ကျွန်တော်ထင်ပါသည်။ မိသင်း ကျွန်တော့်အပေါ်၌ထားရှိသည့် မေတ္တာ 'အချစ်'ဟူသော ဝေါဟာရထက် 'ကြင်နာခြင်း' ဟူသည့် ဝေါဟာရက ပို၍ နီးစပ်မှုရှိပါသည်။

သုံးနှစ် . . .

သုံးနှစ်ဟူသော ခရီးမှာ တွေးလိုက်လျှင် အဝေးကြီး ဖြစ်၏။ ကျွန်တော်တို့ အိမ်ထောင်သက် သုံးနှစ်ရှိလေပြီ။

သုံးနှစ်ဟူသောအချိန်မှာ ကျွန်တော်တို့ အိမ်ထောင်တွင် ဘာမှ မကြာသလိုလည်းရှိ၏။ ဘာမှ အကြောင်းမထူးသလိုလည်း ရှိ၏။ သုံးနှစ်ဟိုဘက်မှ မိသင်းနှင့် သုံးနှစ်ဒီဘက်မှ မိသင်းမှာ ကျွန်တော့်အမြင်တွင် ဘာမှ ထူးမလာပါ။ သုံးနှစ်ဟိုဘက်က ကျွန်တော်တို့ ရုန်းကန်နေရသကဲ့သို့ သုံးနှစ်ဒီဘက်တွင်လည်း ကျွန်တော်တို့ ရုန်းကန်နေရ၏။

"အရဲ . . . ဒီနေ့ ဘောလုံးပွဲသွားကြည့်ပါလား"

တစ်ခုသော ညနေပိုင်း သုံးနာရီခွဲ အချိန်ခန့်တွင် ဖြစ်၏။ ယနေ့တွင် ရုရှဘောလုံးအသင်းနှင့် မြန်မာဘောလုံးအသင်းတို့ အောင်ဆန်းကွင်းတွင် ကစားသည့်နေ့ဖြစ်ပါသည်။ မိသင်းနှင့် အိမ်ထောင်မကျမီကဆိုလျှင် ဤသို့သော ဘောလုံးပွဲကောင်းမျိုးဆိုလျှင် ကျွန်တော့်မှာ ရှေ့ဆုံးမှ အောင်ဆန်းကွင်းကိုရောက်နေမည်သာဖြစ်၏။ သို့သော် ယနေ့ မသွားနိုင်။ သွားချင်စိတ်လည်းမရှိ။ ထိုသို့ဖြစ်နေရသည်မှာ အကြောင်းနှစ်ချက်

ကြောင့် ဖြစ်၏။ ပထမအကြောင်းမှာ စီးပွားရေးကြောင့် ဖြစ်၏။

ဒုတိယအကြောင်းမှာ မိသင်းကို ခေါ်ရခက်နေသည့်အတွက် ဖြစ်၏။

"မကြည့်တော့ပါဘူး၊ သွားရမှာ ပျင်းတယ်၊ ရေဒီယိုကပဲ နားထောင်တော့မယ်"

မိသင်းသည် အိပ်ရာပေါ်၌ လှဲအိပ်၍ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေ၏။ ကျွန်တော့်မှာ ပက်လက်ကုလားထိုင်ပေါ်၌ထိုင်ပြီး တရုတ်ဂေါ်လီလေးတစ်လုံးကို လှည့်ကစားနေသည်။

"ရေဒီယိုထဲက နားထောင်တာ မြင်ရတာမှ မဟုတ်ဘဲ။ သွားကြည့်ချင်နေတယ်မဟုတ်လား . . . ကြည့်လေ၊ ဘာလဲ . . . တို့မပါလို့လား၊ တို့ပျင်းနေမှာစိုးလို့ မဟုတ်လား . . ."

မှန်သည်၊ မိသင်းသည် ကျွန်တော့်နှလုံးသားကို အမြဲထိုးဖောက်မြင်တတ်သူဖြစ်၏။ သို့သော် ကျွန်တော် ဝန်မခံ။

"မဟုတ်ပါဘူး . . . ကိုယ် သွားချင်စိတ်ကို မရှိလို့ပါ၊ လာပါ . . . မင်း စန္ဒရားတီးစမ်း"

ကျွန်တော်မှာ တစ်ခါတစ်ရံ အိမ်ကို တိတ်နေသည်ကို စိတ်ထဲက မကြိုက်ပါ။ ထိုအချိန်မျိုးတွင် အိမ်ကို စိုစိုပြည်ပြည် ဆူဆူညံညံလေးရှိရန် မိသင်းကို အမြဲ စန္ဒရားတီးခိုင်းတတ်သည်။

"မတီးချင်ဘူး . . . တို့ ပျင်းတယ်"

"ပျင်းမနေစမ်းနဲ့ . . . ထစမ်း"

ကျွန်တော်သည် ပက်လက်ကုလားထိုင်မှ ထလိုက်ပါ

သည်။ မိသင်းအိပ်နေသော ခုတင်အနီးသို့ ချဉ်းကပ်သွားပါသည်။ ခုတင်အနီးရောက်လျှင် သူဖတ်နေသောစာအုပ်ကို ဆွဲယူ၍ သူ့ဘေး မွေ့ရာပေါ်တွင် ပစ်ချလိုက်၏။

"လိမ္မာတယ် . . . ထ . . သွားတီးစမ်း"

"တီးချင်ဘူးဆို . . . တီးခိုင်းနဲ့"

သူမသည် မျက်လုံးလေးကိုပင် ကလေးငယ်တစ်ဦးကဲ့သို့ မှိတ်ထားလိုက်ပြီး အလွန်ပျင်းရိနေသည့်အသွင်ကို ဆောင်ထားပါသည်။ ကျွန်တော်သည် သူ့လက်တစ်ဖက်ကို လှမ်းဆွဲပြီး ခုတင်ပေါ်မှ ဆွဲချရန် အားပြုလိုက်၏။ သူမသည် ချက်ချင်း သူ့လက်ကို ပြန်ဆွဲရုန်းပြီး . . .

"ဟင် . . . ဟင် . . . မဆွဲချနဲ့၊ တို့ တီးစေချင်ရင် ချီပေး"

သူမလက်နှစ်ဖက်ကို ဆန့်တန်းပေး၍ ကျွန်တော့်ကို ချီခိုင်းပါသည်။ မိသင်းကို ချီရသည့်အလုပ်မှာ အိမ်ထောင်ကျသည့်အချိန်မှစ၍ ကျွန်တော့်အဖို့ အလုပ်တစ်ခုဖြစ်နေ၏။ သူမ မလုပ်ချင်သောအလုပ်တစ်ခုခုကို လုပ်ခိုင်းတိုင်း အမြဲလို အလုပ်ရှိရာနေရာသို့ သူမကို ချီသွားရတတ်ပါသည်။ ကျွန်တော်သည် သူမကိုယ်လေးကို အိပ်ရာပေါ်မှ ပွေ့ချီလိုက်၏။

"အောင်မလေး . . . ကိုယ်ကလည်း အလေးကြီးပါလား"

"မလေးပါဘူး . . . နောက် တစ်နေ့နေ့ ကလေးရှိလာရင် တို့ကိုချီရတာ ဒါထက်လေးဦးမယ်"

ကလေး . . . မိသင်းနှင့် ကျွန်တော်မှာ အိမ်ထောင်ကျသည်မှာ သုံးနှစ်ပင် ပြည့်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင်သူမတွင် ကလေးရမည့် အရိပ်အရောင်မှ မမြင်ရသေးပါ။ သူမပင် ချွတ်ယွင်း၍လား မပြောတတ်။ ကလေးမှာ သူမလည်းလိုချင်သည်။ ကျွန်တော်လည်း လိုချင်သည်။ အိမ်ထောင်တစ်ခုတွင် ကလေးမရှိလျှင် မပြည့်စုံသေးဟု ကျွန်တော်တို့ ယူဆ၏။ ထို့ကြောင့်လည်း မီးယပ်နှင့်သားဖွား အထူးကုဆရာဝန်ကြီးတစ်ဦးထံ တစ်နေ့နေ့ သွားအစစ်ခံမည်ဟု စိတ်ကူးထား၏။ သို့သော် ယနေ့ထိ အကြောင်းအမျိုးမျိုးကြောင့် မသွားဖြစ်ကြသေး။

"ကလင် . . . ကလင်"

အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းလေး ရုတ်တရက် မြည်လာပါသည်။

ကျွန်တော်သည် မိသင်းကို ပြန်ချ၍ အိမ်ရှေ့သွားပြီး တံခါးမကြီးကို ဖွင့်လိုက်၏။ စာပို့သမားတစ်ဦးဖြစ်၏။ ကျွန်တော့်ကို စာအိတ်ဖြူလေးတစ်ခု လှမ်းပေးပါသည်။ ဖိတ်စာတစ်ခုဖြစ်၏။ ကျွန်တော်သည် စာအိတ်ဖြူလေးကို အိပ်ခန်းအတွင်း ယူလာခဲ့ပြီး မိသင်းအရှေ့တွင်ပင် ဖောက်ကြည့်လိုက်ပါသည်။ အဖေ့ထံမှ ဖြစ်၏။

"ဝတ်လုံ ဒေါက်တာ ဦးနေလင်း၏ (၆၀)နှစ်မြောက်မွေးနေ့မင်္ဂလာပွဲအတွက် ဗိုလ်နေလင်းဦးနှင့် ဇနီးတို့အား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်တဲ့ . . . ဟော့ . . အရဲ"

"ဘာလဲ"

ကျွန်တော် ပက်လက်ကုလားထိုင်ရှိရာသို့ ပြန်လျှောက်သွားပါသည်။ အေးဆေးစွာပင် ပြန်ထိုင်ချလိုက်၏။

"ဒါ အခွင့်အရေးပဲ"

"ဘာအခွင့်အရေးလဲ"

"အရဲအဖေနဲ့ အရဲ ပြန်ငြိမ်းချမ်းရေးလုပ်ရမယ့် အခွင့်အရေးလေ"

"ကိုယ် မလုပ်ချင်ပါဘူး"

သူမသည် အံ့သြစွာ ကြောင်ကြည့်နေပါသည်။ စောစောက မှေးနေသော မျက်လုံးလေးများမှာလည်း ယခု အရောင်တောက်လာသလိုရှိ၏။

"ဘာပြုလို့ မလုပ်ချင်ရတာလဲ"

"ကိုယ်တို့ ဘာမှဖြစ်ကြတာမှ မဟုတ်ဘဲ"

"ဟင် . . ."

မှန်သည်၊ အဖေနှင့် ကျွန်တော်မှာ ဘာမှ အကောင်အထည်ပြ၍ ရလောက်အောင် မဖြစ်ပါ။ မိသင်းနှင့် ကျွန်တော် လက်ထပ်ပြီးနောက် စာရေး၍ အဖေ့ထံအကြောင်းကြားသည်။ အဖေ့ထံမှ ဘာပြန်ကြားချက်မှ မလာပါ။ ကျွန်တော်ကလည်း ထပ်မမေးပါ။ နောက် အဖေက ကျွန်တော့်ဘဏ်စာရင်းတွင် လစဉ်ထည့်ပေးနေကျ ငွေငါးရာကို ရပ်လိုက်ပါသည်။

ကျွန်တော်ကလည်း မသိသလို နေလိုက်ပါသည်။ ဘာမှ ထပ်မတောင်း။ ယခု သုံးနှစ်လုံးလုံး ရှိသွားပြီ။ အဖေက

လည်း ကျွန်တော့်ထံသို့ တစ်ကြိမ်တစ်ခါမျှ ဖုန်းမဆက်။ ကျွန်တော်ကလည်း အဖေ့ထံသို့ တစ်ကြိမ်တစ်ခါမျှ မသွား။ ကျွန်တော်နှင့်အဖေ့ကြားတွင် ဖြစ်နေသည်မှာ ထိုမျှသာဖြစ်၏။ ယခုမှ အဖေသည် ဘာကြောင့် သူ့မွေးနေ့ဖိတ်စာ ကျွန်တော့်ထံ ပို့လာသည် မသိ။

"ဒါဖြင့်ရင်လည်း ဖိတ်စာပို့တဲ့လူက ပို့ခဲ့ပြီ၊ တို့ ဒီမွေးနေ့ပွဲကို သွားကြရအောင်"

"ကိုယ် မသွားချင်ဘူး၊ ကိုယ့်ကို ဒီအကြောင်း ထပ်မပြောနဲ့တော့"

ကျွန်တော်က မိသင်းကို ခပ်ဆတ်ဆတ် ခပ်မာမာပင် ထပ်မပြောဝံ့အောင် ပိတ်ပြောလိုက်ပါသည်။ မိသင်းသည် အိပ်နေရာမှ ချက်ချင်းထထိုင်လိုက်ပြီး ကျွန်တော့်ဘေးကို ညင်သာစွာ ဆင်း၍လာ၏။

"အရဲ . . . "

"ဘာလဲ"

"အရဲ ဒီတစ်ခါတော့ လွန်ပြီထင်တယ်"

"ဘာလွန်တာလဲ"

"အရဲ ဒီလောက်တောင် ခေါင်းမာပြီး တင်းနေဖို့ မကောင်းပါဘူး၊ ဖိတ်တဲ့လူက ဖိတ်ပြီပဲ၊ သူ့ဘက်က ဝတ္တရားကျေပြီ။ ကိုယ့်ဘက်က စသွားရုံပဲ ရှိတော့တာပဲ"

"ကိုယ်မှ မသွားချင်တာပဲ"

"ဘာပြုလို့ မသွားချင်လဲ . . . တို့ကိုပြောစမ်းပါ"

"ဖိတ်တာက အဖေဖိတ်တာ မဟုတ်ဘူး . . . စာအိတ်ပေါ်က လက်ရေးကို ကြည့်ပါလား၊ သူ့လက်ရေးမဟုတ်ဘူး၊ အမေ့လက်ရေး"

"ဟင်"

မှန်သည်၊ စာအိတ်ပေါ်မှ လက်ရေးမှာ အဖေ့လက်ရေး မဟုတ်။ အဖေ့လက်ရေးမှာ ရှည်ရှည်စောင်းစောင်းလေးများ ဖြစ်၏။ အမေ့လက်ရေးမှာ သေးသေးဝိုင်းဝိုင်းလေးများဖြစ်၏။

"ဒီမှာ အရဲ . . . အရဲအမေက အရဲအဖေ သဘော မတူဘဲ အရဲအဖေရဲ့မွေးနေ့ကို ဖိတ်ပါ့မလား၊ တို့ တစ်ခုပြော မယ်၊ တစ်နေ့ အရဲမှာ သားလေးတစ်ယောက်ရလာပြီး ဒီသား လေးဟာ အရဲအပေါ်မှာ အရဲလိုပဲ ခေါင်းမာပြီး မာနကြီးပြီး အရဲကို အာခံနေရင် အရဲ ဘယ်လိုသဘောထားမလဲ"

"ကိုယ့်သားဟာ ကိုယ့်အပေါ်မှာ ဒီလို စိတ်ထားမျိုး ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ် ကလည်း ကိုယ့်အဖေစိတ်ထားမျိုး ကိုယ့်သားအပေါ်မှာ ရှိမှာ မှ မဟုတ်ဘဲ။ ဒါကြောင့် ဒီမေးခွန်းကိုလည်း ဖြေစရာ မလိုပါ ဘူး၊ တော်တော့ မိသင်း . . . မင်းကိစ္စ ကိုယ့်ကို မပြောနဲ့ တော့"

"ပြောမယ် . . . ပြောမယ် . . . ဘာဖြစ်လဲ"

ကျွန်တော်က စိတ်ဆိုးစွာ သူမကို မာန်မဲပစ်လိုက်၏။

"ပြော . . . ပြော၊ မင်းတစ်ယောက်တည်းပြော"

ကျွန်တော်က ပက်လက်ကုလားထိုင်ပေါ်မှ ထ၍

အပြင်ထွက်သွားရန် ဟန်ပြင်လိုက်၏။ သူမက ကျွန်တော့်ကို ဆွဲ၍ ကုလားထိုင်ပေါ်တွင် ဆောင့်၍ ပြန်ထိုင်ခိုင်းလိုက်၏။

"ဒီမှာ အရဲ . . . တို့စကား နားထောင်စမ်းပါ၊ အရဲ အဖေဟာ အရဲကို အရဲ မရသေးတဲ့သားလိုပဲ ချစ်ပါတယ်။ ဘာမှ သံသယဖြစ်စရာမရှိပါဘူး။ အခုဖြစ်နေတာတွေက အရဲ တို့ လင်းအမျိုးဟာ သိပ်မာနကြီးလွန်းပြီး အဖေကိုတောင် ပြိုင် ချင်နေလို့ ခုလိုဖြစ်နေရတာ"

"မိသင်း . . . ကိုယ်တစ်ခုပြောမယ်၊ ဒီကိစ္စဟာ မင်း အကျိုးလည်းမပါဘူး၊ မင်းနဲ့လည်း ဘာမှမဆိုင်ဘူးမဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ကိုယ်နဲ့မဆိုင်တာကို ဘာမှ ဝင်စွက်မပြောနဲ့ တော့ . . . တော်တော့"

ဖြူနေသော မိသင်းမျက်နှာမှာ ချက်ချင်း နီမြန်းလာ၏။ ထို့နောက် နီရာမှ မည်းသွားပြန်သည်။ သူမ၏ မျက်လုံးများမှာ ဝမ်းနည်းသည့်အရောင် ဒေါသဖြစ်နေသည့် အရောင်များ ရော ယှက်လျက်ရှိ၏။

"အရဲ . . . ဒီကိစ္စဟာ တို့နဲ့ မဆိုင်ဘူးဆိုပေမယ့် လုံး လုံးမဆိုင်တာတော့ မဟုတ်ဘူး။ အရင်တုန်းက အရဲအဖေနဲ့ အရဲဖြစ်တာတွေ တို့နဲ့မဆိုင်တာတော့ မှန်ပါတယ်။ ခု နောက် ဆုံးဖြစ်တဲ့ကိစ္စက တို့နဲ့ဆိုင်တယ်။ တို့ကို လက်ထပ်လို့ ဖြစ်ရ တာ မဟုတ်လား။ ဒီမှာ အရဲ . . . တို့အတွက် အရဲကို ဒီနေ့ အထိ ဘာတစ်ခုမှ မတောင်းပန်ဖူးဘူး။ ခု တို့အတွက် တောင်း

ပန်တယ်။ ဒီမွေးနေ့ပွဲကိုသွားဖို့ မပြောတော့ပါဘူး။ တို့ကိုချစ်ရင် အရဲအဖေကို ဖုန်းလှမ်းဆက်ပါ၊ အဘိုးကြီး စိတ်ချမ်းသာစရာ ခိုင်ခိုင်မာမာအကြောင်းတစ်ခုပြပြီး မလာနိုင်ဘူးဆိုတဲ့အကြောင်း အဘိုးကြီးကို တောင်းပန်လိုက်ပါ။ ဒါပဲ တို့ပြောမယ်။ ဆက်မယ် မဟုတ်လား . . . ”

ကျွန်တော် ဘာမှ ပြန်မပြောပါ။

သူမသည် ဧည့်ခန်းအတွင်းမှ တယ်လီဖုန်းရှိရာသို့ လျှောက်သွားသည်။

“အရဲ . . . အဘိုးကြီး ဖုန်းနံပါတ်က ဘယ်လောက်လဲ”

ကျွန်တော်က ဘာမှပြန်မပြော။ ပြတင်းပေါက်မှ အပြင်သို့ ငေးနေသည်။ အိမ်ရှေ့ သနပ်ခါးပင်မှ ရွက်စိမ်းလေးများမှာ လေအဝှေ့တွင် တဖျပ်ဖျပ်လူးလျက်ရှိ၏။

“ဖုန်းနံပါတ် ဘယ်လောက်လဲ . . . ပြောစမ်းပါဆို”

သူမအသံမှာ အလွန်မာလာသည်။ ထိုအသံမျိုး ကျွန်တော် တစ်ကြိမ်တစ်ခါမှ သုံးနှစ်အတူနေစဉ်အတွင်း မကြားခဲ့ဖူးပါ။ ကျွန်တော့်အဖေ ဖုန်းနံပါတ်ကို လွှတ်ခနဲ ပြောပြလိုက်၏။ သူမသည် ချက်ချင်းကို နံပါတ်ကို ကောက်၍လှည့်လိုက်ပါသည်။

“ဝတ်လုံကြီး ဦးထွန်းလင်းအိမ်ကလား”

တစ်ဘက်က ဘာပြန်ပြောသည်မသိပါ။

“ဦး . . . ကျွန်မ မေလွင်သင်းပါ”

"ဟုတ်ကဲ့ . . . နေကောင်းပါတယ်၊ သူလည်း နေကောင်းပါတယ်။ ကျွန်မအနားမှာ ရှိပါတယ်"

သူမသည် ဖုန်းကို ရုတ်တရက် လက်နှင့်အုပ်ပြီး ကျွန်တော့်ဖက်သို့လှည့် . . .

"ဟော့ . . . အဘိုးကြီးက အရဲကို စကားပြောချင်လို့တဲ့ . . . လာ လာ"

ကျွန်တော်က မတုန်မလှုပ်၊ မူလရပ်နေသည့် နေရာတွင်ပင် ဆက်ရပ်နေပါသည်။

"လာလေ အရဲ . . . တို့အတွက် တောင်းပန်နေတာနော် . . . "

အမှန်တော့ သူမသည် မဖြစ်နိုင်တာကို ကျွန်တော့်ထံမှ တောင်းခံနေခြင်းဖြစ်၏။

"အရဲ မပြောဘူးလား"

သူမအသံမှာ ငိုသံပါနေသည်။ ကျွန်တော်က သူမကို ဘာမှ ပြန်မပြော။ ခေါင်းကိုသာ အသာခါပြလိုက်၏။

မိသင်းသည် သူကိုင်ထားသောဖုန်းလက်တံကို ရုတ်တရက် ဂျောက်ခနဲ ပြန်ချလိုက်၏။ ထို့နောက် မတုန်မလှုပ် ကျွန်တော့်ကို စူးစိုက်ကြည့်နေပြီး မျက်ရည်ဥများ တပေါက်ပေါက် သူမ၏ မျက်လုံးအိမ်မှ စီးဆင်းလာကြသည်။

"အသည်းနှလုံးမရှိတဲ့ ယောကျ်ား . . . အဖေကို ချစ်ရမှန်းမသိတဲ့ ယောကျ်ား . . . မေတ္တာတရားဆိုတာ နားမလည်တဲ့လူ . . . တို့ ကလေးမွေးမယ်၊ တို့ကလေးရမှ သူ ကိုယ်ချင်း

စာတတ်မယ်”

သူမသည် ဆီမန်းမန်းသလို ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်။ သူမကို ကျွန်တော် မချော့မိပါ။ ကျွန်တော့်မှာ ထိုသို့ ကျွန်တော့်ရင်တွင်းမှ ဆန္ဒကျင်ဘက်ဆန္ဒကို အခြေပြုပြီး အချင်းများခြင်းမျိုးတွင် ဘယ်အခါမှ လျှော့လေ့မရှိပါ။ ထို့ကြောင့် တဖြည်းဖြည်းချင်း အိပ်ခန်းရှိရာသို့ တစ်ယောက်တည်း ပြန်လျှောက်လာမိ၏။

ခြံပြင် လမ်းပေါ်မှ ကားတစ်စီး အရှိန်ဖြင့် ဖြတ်မောင်းသွားသလို ဝေါခနဲ ကြားလိုက်ရပါသည်။

ခက်သည်၊ အလွန်မှ ခက်သည်။ မိသင်းသည် ကျွန်တော့်ဖခင်နှင့် ကျွန်တော့်အကြားတွင် ရှိနေသော အကျိတ်အခဲကို မည်သို့မှ ဝင်မခံစားတတ်ပါ။ ထိုသို့ မခံစားတတ်ဘဲ ကျွန်တော့်ကို ဘယ်သို့မှ စည်းရုံး၍ရမည်မဟုတ်။ တကယ်တော့ မိသင်းမှာ သနားစရာဖြစ်၏။ အပြစ်မဲ့ဖြစ်၏။

ယခုလည်း အဖေ တစ်ဘက်မှာ မည်သို့ကျန်ရစ်နေမည်ကို သူမ တွေးပြီး ဖြေမဆည်နိုင် ရှိချေပြီ။ ကျွန်တော် သူမရှိရာသို့ ရုတ်တရက် ပြန်လျှောက်လာခဲ့၏။ သို့သော် မိသင်း မရှိတော့။

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ အိမ်ရှေ့ကို ပြေးထွက်သွား၏။ တံခါးမကြီးမှာ ပွင့်၍နေ၏။ ကျွန်တော် ခြံဝဘက်သို့ ဆက်ပြေးသွားသည်။ ခြံတံခါးမှာလည်း ပွင့်လျက်ရှိ၏။ ကျွန်တော် ခြံပြင်သို့ထွက်သွားသည်။ မိသင်းအရိပ်

အယောင်မှ မမြင်။

မိသင်း ဘယ်ကို ရုတ်တရက် ထွက်သွားသနည်း။

ကျွန်တော် လေတပ်အရာရှိရိပ်သာဘက်သို့ လျှောက်လာ၏။ တန်ခူးလဖြစ်၍ ပျဉ်းမပန်းပြာလေးများမှာ နေရောင်အောက်တွင် လွင့်လူးလျက်ရှိ၏။ လေတပ်အရာရှိရိပ်သာရှေ့သို့ရောက်ပြီ။ ကျွန်တော် ရိပ်သာတွင်းသို့ ပြေးဝင်သွား၏။ ဘားခန်းတွင် အရက်သောက်နေသော အရာရှိအချို့မှတစ်ပါး မည်သူမျှမမြင်။ မင်္ဂလာဒုံ အရာရှိရိပ်သာမှာ ကျွန်တော်တို့ အိမ်နှင့်နီးသဖြင့် မိသင်းနှင့် ကျွန်တော် တပ်ပိတ်ရက်များတွင် မကြာခဏ လာတတ်ပါသည်။ ဤရိပ်သာဘေးမှ ဖြူဝါရောင် တရုတ်စကားပွင့်ကြီးများမှာ မိသင်း အလွန်မြတ်နိုးသော ပန်းများဖြစ်၏။ ကျွန်တော် ထိုပန်းပွင့်များရှိရာသို့ သွားကြည့်သည်။ သက်ရှိသတ္တဝါဟူ၍ ဘာမှမတွေ့ရ။

အရာရှိရိပ်သာအနောက်ဘက် ဂေါက်ကွင်းရှိရာသို့ အပြေး ဆက်လျှောက်လာမိ၏။ မိသင်း ဂေါက်ကွင်းဘက်များ သွားလေသလား။ ဂေါက်ကွင်းဘက်တွင် ရေကန်ကြီးတစ်ခု ရှိ၏။ ထိုရေကန်တွင်းရှိ ရေမှာ အမြဲစိမ်းလဲ့လျက်ရှိ၏။ မိသင်း ထိုရေကန်ထဲများ ခုန်ချသေလိုက်လျှင်ဖြင့် . . .

ကျွန်တော် ဂေါက်ကွင်းရှိရာသို့ အပြေးထွက်၍ သွား၏။

ရေကန်အနီးသို့ ရောက်လေပြီ။

ကျွန်တော့်ရင်မှာ ထိတ်ထိတ်ခုန်လျက်ရှိ၏။

ကန်အနီးတွင် မည်သူမျှ မရှိပါ။ ကျွန်တော်သည် ကန်

ရေပြင်ကို စူးစိုက်ကြည့်နေမိ၏။ ရေပြင်မှာ မှန်သားပြင်ကဲ့သို့ ပင် တည်ငြိမ်လှဘိ၏။

မိသင်း ဘယ်ရောက်နေသနည်း။

ကျွန်တော်သည် ဂေါက်ကွင်းလမ်းအတိုင်း အရာရှိ ရိပ်သာဘက်သို့ ပြန်လျှောက်လာခဲ့၏။ ဂေါက်ကွင်းနှင့် အရာရှိ ရိပ်သာ ဆက်သွယ်ထားသောလမ်းမှာ လူနေအိမ်ခြေ အလွန်နည်းသောလမ်း ဖြစ်၏။ ရှိသည့်အိမ်များမှာလည်း ခြံဝင်းများ အတွင်း လုံးချင်းဆောက်ထားခြင်း ဖြစ်၏။

စန္ဒရားသံ . . .

ခြံကြီးတစ်ခုရှေ့မှ ဖြတ်လျှောက်လိုက်လျှင် စန္ဒရားသံ သဲ့သဲ့ကို ကြားလိုက်ရ၏။ မိသင်း လက်သံပေလား။ မဖြစ်နိုင်။ နည်းနည်း ကြမ်းနေသလိုရှိ၏။ သို့သော် ကျွန်တော့်ကိုယ် ကျွန်တော် စိတ်မချနိုင်။ ခြံထဲ ဝင်လိုက်မိအောင် ဝင်လိုက်သေး၏။

ခြံတွင်း၌ အိမ်ကြီးတစ်လုံး။

ကျွန်တော် ထိုအိမ်ကြီးအနီးသို့ လျှောက်သွား၏။ စန္ဒရားသံ ပို၍ သဲကွဲစွာကြားလာရသည်။ ကျွန်တော်သည် စေ့ထားသော အိမ်ရှေ့ဝင်ပေါက်တံခါးမကြီးကို အသာ တွန်းဖွင့်လိုက်၏။ တီးနေသော စန္ဒရားသံ ချက်ချင်းရပ်၍သွားသည်။ မိသင်းမဟုတ်။ ခပ်ဝဝ မိန်းမတစ်ယောက်သည် ရုတ်တရက် ထရပ်လိုက်၏။

"ရှင် ဘယ်သူ့ကိုတွေ့ချင်လဲ . . . ဘာကိစ္စလဲ"

"ဘာ . . . ဘာမှ မဟုတ်ပါဘူးခင်ဗျာ၊ လူ . . . လူ

တစ်ယောက်ကို လိုက်ရှာတာပါ"

ကျွန်တော် ချက်ချင်း ပြန်လှည့်ထွက်လာသည်။

"သမီး . . . ဘယ်သူလဲ"

အိမ်တွင်းအခန်းဘက်မှ လှမ်းမေးဟန်ရှိသော မိန်းမတစ်ယောက်၏အသံ ဖြစ်၏။

"ဘာမှမဟုတ်ပါဘူး မေမေ . . . စစ်ဆေးရုံက ထွက်ပြေးလာတဲ့ စိတ်မနှံ့တဲ့လူတစ်ယောက်နဲ့ တူပါတယ်"

ကျွန်တော်က ဘာမှပြန်မပြော။ ဘာမှ ပြန်မရှင်း။

အရာရှိရိပ်သာ လမ်းထိပ်သို့ ပြန်ရောက်ပြန်လေပြီ။

ကျွန်တော်မှာ မိသင်းကို ဘယ်လိုက်ရှာရမည်မသိတော့ဘဲ တွေဝေ၍နေသည်။ လေယာဉ်ကွင်းဘက်သွားလေသလား။ ဘတ်(စ်)ကားစီးပြီး ရန်ကုန်ဘက် ထွက်သွားလေသလား။ ကျွန်တော် မဝေခွဲတတ်။ ကျွန်တော် ငေးငိုင်၍ နေမိသည်။

အမှတ် ၅၀၂ လေတပ်မှရဲဘော်နှစ်ဦးသည် ကျွန်တော့်ဘေးမှ လမ်းလျှောက်သွား၏။ ကျွန်တော့်အနီးမှ ဖြတ်လျှောက်စဉ် ကျွန်တော့်ကို အလေးပြု နှုတ်ဆက်သွားကြ၏။ ကျွန်တော် ဘယ်သို့မျှ ပြန်နှုတ်မဆက်မိလိုက်ပါ။

အချိန်မှာ ညနေ ၆ နာရီထိုးလုပေပြီ။

ကျွန်တော့်အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့၏။ ကျွန်တော် ခြံဝသို့ပြန်ရောက်လျှင် အမှောင်ဖုံး၍နေလေပြီ။ ကျွန်တော့်ခြံတွင်းသို့ ဝင်လိုက်၏။ အိမ်ပေါ်တက်မည်ပြုလျှင် လှေကားထိပ်တွင် ငုတ်တုတ်ထိုင်သော မိသင်းကို ရုတ်တရက် တွေ့

လိုက်ရ၏။

ကျွန်တော် ဝမ်းသာသွား၏။ အံ့ဩသွား၏။ သို့သော် တစ်ကိုယ်လုံး နွမ်းလျက်ရှိလေပြီ။ ဝမ်းသာကြောင်း၊ အံ့ဩကြောင်းကိုပင် ပြရန် အားမရှိတော့။

"မိသင်း"

"အရဲ"

ကျွန်တော့်အသံမှာ အလွန်ညင်သာလျက်ရှိ၏။ ကျွန်တော်ကဲ့သို့ပင် သူမအသံမှာလည်း အလွန်သိမ်မွေ့လျက် ရှိ၏။

"တို့ တံခါးသော့ မပါသွားလို့"

ကျွန်တော်သည် ကျွန်တော့်အိတ်တွင်းမှ တံခါးသော့ကို ထုတ်၍ သူမကို လှမ်းပေးလိုက်၏။ ဘယ်မျှကြာကြာ သူမ ထိုင်စောင့်နေရသည်ကိုလည်း ကျွန်တော် မမေးမိတော့။ မေးရမှာလည်း စိုးရွံ့နေသည်။

"မိသင်း . . . ကိုယ် စိတ်မကောင်းပါဘူး"

ကျွန်တော့်ကို သူ ဘာမှပြန်မပြောပါ။ အရည်လဲ့နေသော ကျွန်တော့်မျက်လုံးများကိုသာ တစ်ချက် စူးစိုက်ကြည့်ပြီး တံခါးသော့ဖွင့်၍ အထဲဝင်သွားသည်။ ကျွန်တော် သူမနောက်မှ လေးလံစွာ လိုက်သွားမိ၏။

× × ×

# (၁၄)

မိသင်းနှင့် ကျွန်တော် လက်ထပ်ပြီး သုံးနှစ် သုံးလ ကြာသောအခါတွင် ကျွန်တော့်ကို ဗိုလ်မှ ဗိုလ်ကြီးရာထူးသို့ တိုးမြှင့်ပေးလိုက်ကြောင်း အမိန့်စာ စစ်ရုံးချုပ်မှ ရောက်လာပါသည်။ အမှန်တော့ ဗိုလ်ကြီးရာထူးကို တိုးမြှင့်ခံရသည်မှာ အမိန့်စာမထွက်မီ တစ်နှစ်တစ်လ အချိန်မှပင်ဖြစ်၏။ အမိန့်စာ အထွက်နောက်ကျနေသဖြင့် သုံးနှစ်ကျော် ကြာသွားခြင်းဖြစ်၏။

သို့သော် ကျွန်တော့်အဖို့ မနာပါ။ နောက်ပြန်နေ့စွဲဖြင့် အမိန့်ထွက်ပေးပြီး ကျွန်တော်ရသင့်သော လစာဟောင်းများကို အကုန်ပြန်ရသဖြင့် ဗိုလ်ကြီးအမိန့်ထွက်သောနေ့၌ ယခင် ကျန်သော လစာနှစ်ထောင်နီးပါးမျှ လုံးခနဲ ရလိုက်ပါသည်။

အချိန်မှာ ဇူလိုင်လအတွင်းဖြစ်၏။ ရန်ကုန်ပတ်ဝန်းကျင်တွင် မိုးအားကောင်းနေသောအချိန် ဖြစ်၏။

"ဟော့ . . . မိသင်း၊ ကိုယ့်ကိုယ်မှာ ဘာထူးနေလဲ . .

ကြည့်စမ်း”

ကျွန်တော်သည် လေယာဉ်ကွင်းမှ အိမ်မပြန်လာမီက ပင် သူငယ်ချင်းတစ်ယောက်ထံမှ ဗိုလ်ကြီးအဆင့် တံဆိပ်ဘား များ တောင်းပြီး မိသင်းကိုကြွားရန်အတွက် အသင့်တပ်လာခဲ့ သည်။ မိသင်းသည် ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ဂရုစိုက် ကြည့်ပါသည်။

သို့သော် သူသည် ဘာထူးခြားချက်မှ တွေ့ဟန်မရှိ။

“ဘာထူးတာရှိလို့လဲ”

“သေသေချာချာ ကြည့်စမ်းပါ”

သူမသည် နောက်တစ်ကြိမ် ထပ်၍ ကျွန်တော့်ကို ခြေ ဆုံးခေါင်းဆုံး ကြည့်ပြန်သည်။ ထူးခြားချက်ကို မတွေ့သေး။

“ဘာမှလည်း မတွေ့ဘူး”

“တယ်ညံ့တာကိုး . . . ကြည့်စမ်း ဒီမှာ”

ကျွန်တော်မှာ ပခုံးပေါ်မှ ဒေါက်များနေရာကို ထိုးပြ လိုက်၏။ သူမ၏မျက်နှာလေးမှာ ချက်ချင်း ဝင်း၍သွား၏။

“ဟင် . . . သုံးခုဖြစ်သွားပြီ”

“ဟုတ်တယ် . . . ကိုယ် ဗိုလ်ကြီးဖြစ်သွားပြီ။ ဒီနေ့ပဲ စစ်ရုံးက ရာထူးတိုးပေးတဲ့အမိန့် ရောက်တယ်”

“ရာထူးတိုးတော့ ဘာထူးလဲ”

“လခတိုးရမှာပေါ့ကွ၊ ခုချက်ချင်းတောင် ကျန်နေတဲ့ ငွေနှစ်ထောင်လောက် ရဦးမယ်”

“ဟင် . . . တယ်ဟုတ်ပါလား”

သူမသည် ကျွန်တော့်လက်ထဲမှ လေသူရဲနားကျပ်များကို ယူပြီး စားပွဲပေါ်တင်ထားလိုက်ပါသည်။

“ခု ရာထူးတိုးခံရတာက အရဲတစ်ယောက်တည်းလား၊ ကိုမြင့်ဦးတို့၊ ကိုမျိုးဝင်းတို့ရော ပါသေးလား”

“ပါတာပေါ့ကွ၊ ကိုယ်နဲ့ လေယာဉ်မောင်းသင်တန်း အတူတက်ခဲ့တဲ့ မသေသေးတဲ့လူတွေ အကုန် ရာထူးတိုးပေးတာပေါ့”

“ဟင် . . . သူတစ်ယောက်တည်း ထူးထူးခြားခြား ရတာများလားလို့”

သူမက မကျေနပ်နိုင်သေးသလိုနှင့် ညည်းလိုက်ပါသည်။

“အို . . . မင်း တယ်ခက်ပါလား၊ အားလုံးအတူတူရတော့ ပိုပျော်စရာကြီးပေါ့”

ကျွန်တော်သည် ဝတ်ထားသော လေယာဉ်မောင်း ဝတ်စုံကြီးကို ချွတ်ရန် အိမ်ခန်းထဲသို့ဝင်သွား၏။ အိမ်ခန်းဝရောက်မှ မိသင်းကိုပြောရန် ကိစ္စတစ်ခုကို သတိရလိုက်ပြီး . . .

“ဟေ့ . . မိသင်း၊ ဒီည တို့ရာထူးတိုးတဲ့ သူငယ်ချင်းတွေ စုပြီး ရိပ်သာမှာ ကျန်အရာရှိတွေကို ပါတီပေးမယ်။ မိန်းမတွေပါ ပါမယ်၊ မင်းလိုက်ခဲ့နော် . . . စောစောပြင်ဆင်ထား၊ ညနေ ၆ နာရီ သွားမယ်”

“ဘာလဲ . . . အရက်ပါဦးမှာလား”

“ဟာ . . . စစ်တပ်မှာလုပ်တဲ့ပါတီ၊ အရက်မပါဘဲ

နေပါ့မလား”

“အရက်ပါရင် မလိုက်ချင်ဘူး၊ သူတို့ယောကျ်ားတွေက တစ်ညလုံး မူးပြီး မိန်းမတွေကိုတော့ ချောင်တစ်ခုခုမှာ ပစ်ထား။ နောက် အချိန်တန်တော့ လာ . . . ပြန်မယ်ဆိုပြီး ပြန်ခေါ် လာခဲ့တဲ့ ပါတီမျိုး မလိုက်ချင်ပါဘူး၊ အရက်နံ့ကလည်း တစ်ချိန် လုံး ငြီးစီစီနဲ့ . . . မလိုက်ဘူး”

“လိုက်ခဲ့ပါကွ”

“မလိုက်ဘူး . . . တစ်ယောက်တည်းသာ ကြွ”

“မင်းမလိုက်တော့ ဟိုကောင်တွေမေးရင် ဘယ်လိုပြော မလဲကွ၊ အခြားမိန်းမတွေလည်း ဘယ်လိုက်ချင်ပါ့မလဲ။ မလွဲ သာလို့ လိုက်ကြတာ။ ကလေးတစ်ပြုံကြီးနဲ့ ဗိုလ်မှူးထွန်းမင်း မိန်းမတောင် အမြဲလိုက်လာသေးတာပဲ မဟုတ်လား”

“ဖြစ်ပါတယ် . . . ပြောလိုက်ပါ၊ မိသင်းတစ်ယောက် ဗိုက်ကြီးနေပြီလို့”

“မင်း တကယ်ကြီးနေလို့လား”

“မသိသေးပါဘူး . . . ဒီအပတ် ကြီးချင်ကြီးမယ်”

မှန်သည်၊ ကျွန်တော်တို့လင်မယားမှာ ကလေး အင်မ တန် လိုချင်နေကြပါသည်။

အိမ်ထောင်ကျဖူးသူတိုင်း သိပါသည်။ အိမ်ထောင် တစ်ခုတွင် ကလေးမရှိဘဲ အိမ်ထောင်တစ်ခု၏အရသာ မည်သို့ မျှ ပြည့်အောင် မရနိုင်။ အိမ်ထောင်ကျစ တစ်နှစ်ခန့်မှာ ခန္ဓာ ကိုယ် တွေ့ထိမှုအရသာဖြင့် ကြည်နူးနေတတ်ပါသည်။ ထို

ကြည်နူးမှုက အရာရာကို လွှမ်းမိုးနေတတ်ပါသည်။ ဘာမှ သတိမရ၊ သို့သော် အိမ်ထောင်ကျပြီး တစ်နှစ်ကျော်လာသော အခါတွင်မူ မိမိ၏သွေး (ဝါ) ကလေးကို သတိရလာပါသည်။ ကလေးလိုချင်လာပါသည်။ ထိုဆန္ဒမှာ ထိုအချိန်၌ အစစအရာ ရာကို လွှမ်းမိုးလာပါသည်။ ခန္ဓာကိုယ်ထိတွေ့မှု၊ သာယာမှုမှာ ထိုဆန္ဒကို မလွှမ်းမိုးနိုင်တော့။ ရိုးရိုးသားသား ဝန်ခံချင်ပါသည်။ အိမ်ထောင်ကျစက မိသင်းနှင့် ကျွန်တော် အတူအိပ်ခဲ့ခြင်း သည် ခန္ဓာကိုယ်သာယာမှုအတွက် အဓိကဖြစ်ပါသည်။ သို့ သော် ယခု မဟုတ်တော့။ ယခု မိသင်းနှင့်ကျွန်တော် အိပ်ခြင်း သည် ကျွန်တော်တမ်းတသော ကလေးအတွက်ဖြစ်၏။ ကြည့် ပါ၊ ကျွန်တော် မိသင်းနှင့်အတူအိပ်သည့်ရက်ကိုပင် ကလေး ရမည့်ရက်ကို ရွေး၍ အိပ်ခဲ့ပါသည်။

မိန်းကလေးမျိုးဥသည် ထိုအမျိုးသမီး၏ လလယ်ပိုင်း တွင် ဆင်းတတ်သည်ဟု ဆိုသဖြင့် ကျွန်တော်မှာ ထိုသို့ လလယ်မျိုးတွင် ဘယ်မှမသွား။ တပ်တွင် အရေးကြီးကိစ္စ ရှိနေ လျှင်ပင် အမျိုးမျိုးခွင့်ပန်ပြီး အိမ်တွင်နေတတ်ပါသည်။

"မိသင်း . . . မင်း ဒီအပတ် တကယ်ရနိုင်လားဟင်"

ကျွန်တော် မိသင်းအနီးတွင် ဝင်ထိုင်လိုက်သည်။ လက် တစ်ဖက်နှင့်လည်း သူမ၏ပခုံးကို ယုယုယယ ဖက်ထားလိုက် ၏။

"ဩော် . . . အတိအကျတော့ ဘယ်ပြောနိုင်မလဲ အရဲရယ် . . . ဘာလဲ . . အရဲ ကလေးသိပ်လိုချင်နေပြီ

မဟုတ်လား”

“ဟုတ်တယ် . . . မင်းရော”

“လိုချင်တာပေါ့ အရဲရယ် . . . ယောကျ်ားကတောင် ဒီလောက်လိုချင်နေတာ၊ မိန်းမက မလိုချင်ဘဲ ရှိပါ့မလား။ ဒါပေမဲ့ အရဲရယ် . . . ကလေးရတယ်ဆိုတာ ကုသိုလ်လိုသေးတယ် အရဲရဲ့ . . . ကုသိုလ်ကံရှိမှ ရနိုင်တာ”

“ကိုယ်ကတော့ ဒီကုသိုလ်ကံတွေ၊ ကံတွေ သိပ်မယုံပါဘူး။ တို့နှစ်ယောက်စလုံး ကျန်းမာရင်တော့ ဘယ်နည်းနဲ့မဆို ရမှာပဲ။ ဒီလိုလုပ်ကြရင် မကောင်းဘူးလား။ ဒီလမှာ တို့မရရင် ဆရာဝန်ဆီသွားပြီး သွေးစစ်ခံကြည့်ကြရအောင်”

“တို့ကတော့ ဆရာဝန်ဆီ မသွားချင်သေးဘူး၊ ရွှေတိဂုံဘုရား အရှေ့တောင်ထောင့်မှာ နတ်ရုပ်ကြီးတစ်ခုရှိတယ်တဲ့။ အဲဒီနတ်ရုပ်ကြီးမှာ သွားဆုတောင်းရင် ကလေးရတတ်တယ်လို့ ပြောတယ်။ အဲဒီနတ်ရုပ်ဆီ သွားဆုတောင်းရအောင်”

“ရှက်စရာကြီး . . . သွားမလုပ်စမ်းပါနဲ့၊ ဟိုကောင်တွေ သိသွားရင် ကိုယ့်ကို ဟားလို့ပြီးကြမှာ မဟုတ်ဘူး။ အဖြစ်မရှိတဲ့အကောင်၊ ကိုယ့်ဟာကိုယ် အဖြစ်မရှိတာနဲ့ ညောင်ပင်အားကိုးပြီး သွားရှိခိုးလိုခိုးရဲ့၊ တို့ဆီပို့ထားရင် ပြီးရောဆိုပြီး ဟားကြရင် ကိုယ် သေဖို့ပဲရှိတော့တယ်”

“သူတို့မသိအောင် သွားကြတာပေါ့ အရဲရဲ့ . . .”

“မလုပ်ပါနဲ့ . . . ကိုယ် မသွားချင်ဘူး၊ ယုံလည်း မယုံဘူး”

"အရဲ မသွားရင် တို့လည်း ဆေးရုံမလိုက်ဘူး"

ကျွန်တော် အကျပ်တွေ့ရပြန်ပြီ။ နောက်ဆုံး မိသင်းဆန္ဒအတိုင်းပင် ညောင်ပင်သို့ ပထမအပတ် တနင်္ဂနွေနေ့တွင်သွားပြီး ဆေးရုံသို့ ဒုတိယအပတ် တနင်္ဂနွေတွင် သွားရန်သဘောတူရပါသည်။

"အရဲ . . . ကလေးရရင် ဘယ်လိုနာမည်ပေးမလဲ"

"ယောကျ်ားလေးဆိုရင် ပေါက်ကျိုင်းလို့ ပေးမယ်၊ မိန်းကလေးဆိုရင် ရှင်ဘို့မယ်လို့ ပေးမယ်"

"အို . . . ပေါက်ပေါက်ရှာရှာ"

"အကောင်းပြောတာ . . . ပေါက်ကျိုင်းပေးရတာက မိန်းမအလှည့်ဖျားမခံဘဲ အသက်ရှည်ရှည်နေရအောင်လို့ . . . ရှင်ဘို့မယ်လို့ ပေးတာက ကိုယ့်သမီးဟာ လင်များများရအောင်လို့ . . ."

"တော်စမ်းပါ . . ."

သူသည် စဉ်းစားသလို ခဏငြိမ်နေပြီး . . .

"အရဲနာမည်က နေလင်းဦးဆိုတော့ နေလင်းဦးဆိုတဲ့နာမည်နဲ့ဆက်ပြီး ပေးရခက်နေပြီ။ 'ဦး'ဆိုတာကြီးက သိပ်ရှုပ်တာပဲ။ နေလင်းကြီးလို့ ပေးရရင် မကောင်းဘူးလား"

"တော်စမ်းပါ . . . ကိုယ့်သားရဲ့နာမည်မှာ ဘယ်တော့မှ ဒီ 'လင်း'ဆိုတဲ့နာမည်ကို မထည့်ဘူး။ ဒါ တစ်ချက်လွှတ်အမိန့်ပဲ . . . ကောင်းပါတယ် . . . ပေါက်ကျိုင်းလို့သာ ပေးလိုက်ပါ"

"ခစ် . . . ခစ်၊ အရဲကိုသာ အရဲအဖေက ဒီနာမည်ကို ပေးထားဖို့ကောင်းတယ်။ ပေါက်ကျိုင်း . . . ပေါက်ကျိုင်း၊ မေမေ့သားလေး မောင်ပေါက်ကျိုင်း . . ."

ကျွန်တော်တို့နှစ်ဦးလုံး အသံထွက်၍ နှစ်ခြိုက်စွာ ရယ်ပစ်လိုက်ကြပါသည်။

× × ×

(၁၅)

မိသင်း ဆေးစစ်ခံရန် သွားသောနေ့တွင် ကျွန်တော် လိုက်မပို့အားပါ။ စစ်ဆင်ရေးတာဝန်တစ်ခုဖြင့် လှိုင်ကော်ဘက် သွားနေရပါသည်။

မိသင်းကို တာဝန်ယူစစ်ဆေးပေးမည့် မိန်းမရောဂါ အထူးကုဆရာဝန်မကြီးမှာ ဒေါက်တာ ဒေါ်မေမေအုန်းဖြစ်၏။ ကျွန်တော် ဒေါက်တာဒေါ်မေမေအုန်းကို မသိပါ။ မူလက ကျွန်တော့်မိတ်ဆွေ စစ်ဆေးရုံမှ ဆရာဝန် ဗိုလ်ကြီးမြတ်ဝင်းနှင့် အစစ်ခံရန် ရည်ရွယ်ထားသော်လည်း မိသင်းက ရှက်သည်ဆို သဖြင့် ဗိုလ်ကြီးမြတ်ဝင်း ညွှန်ကြားပေးသူ ဒေါက်တာဒေါ်မေမေ အုန်းထံ သွားအစစ်ခံရပါသည်။ ကျွန်တော့်မှာမူ ဗိုလ်ကြီးမြတ် ဝင်းထံတွင်ပင် အစစ်ခံမည်ဖြစ်၏။ သို့သော် ထိုအချိန်က စစ် ဆင်ရေးတာဝန်တွေနှင့် အလုပ်များနေသဖြင့် ရုတ်တရက် အစစ်မခံနိုင်သေး။ မိသင်း ဆေးစစ်ခံပြီးမှပင် အစစ်ခံတော့မည် ဟု ရည်ရွယ်ထားပါသည်။

"အရဲရေ . . . မပြောချင်တော့ဘူး၊ တို့ စိတ်ညစ်လိုက်တာ၊ မနက်ဖြန် တို့ သွေးအဖောက်ခံရဦးမယ်"

"ဘာဖြစ်လို့ . . . ဒီနေ့ တစ်နေ့တည်းနဲ့ မပြီးလာဘူးလား"

ထိုညနေ ကျွန်တော် တပ်မှ အိမ်ပြန်ရောက်ချိန်ဖြစ်၏။ မိသင်းသည် အိမ်ရှေ့တွင် ကျွန်တော့်ကားဆိုက်သံကြားသည်နှင့် အိမ်ရှေ့ ပြေးထွက်လာပြီး လှမ်းပြောလိုက်ခြင်းဖြစ်၏။

"ပြီးရဲ့သားကွယ် . . . သူနာပြုဆရာမက တို့သွေးတွေ မှောက်ချပစ်လိုက်လို့တဲ့ . . . စောစောကပဲ ဒေါက်တာဒေါ်မေမေအုန်း ဖုန်းလှမ်းဆက်တယ်။ မနက်ဖြန် လာခဲ့ပါဦးတဲ့ . . ."

"ဒါဖြင့်လည်း သွားလိုက်ဦးပေါ့ကွာ . . . မတော်တဆဖြစ်တာပဲ၊ ဘယ်တတ်နိုင်မလဲ"

ကျွန်တော်က ပေါ့ပေါ့ပင် ပြန်ပြောခဲ့ပါသည်။

"အရဲရေ . . . တို့သေပဲ သေလိုက်ချင်တယ်။ ဒီနေ့လည်း ဒေါက်တာဒေါ်မေမေအုန်းဆီက ဖုန်းလာပြန်ပြီ။ သူထုတ်ယူထားတဲ့ တို့သွေးတွေက နည်းသွားလို့တဲ့ . . . မနက်ဖြန် ဆက်ဆက်လာခဲ့ပါဦးတဲ့"

ကျွန်တော် ယခုတစ်ကြိမ်တွင်တော့ သံသယ စ၍ဖြစ်လာပါသည်။ တစ်ကြိမ်တွင် မှောက်ပစ်လိုက်၍ နောက်တစ်ကြိမ်တွင် မလောက်ဆို၍ အကြောင်းအမျိုးမျိုးပြ၍ သွေးအကြိမ်ကြိမ်ထုတ်နေခြင်းမှာ ဒေါက်တာဒေါ်မေမေအုန်းတွင်

ဘာရည်ရွယ်ချက်တွေ ရှိနေသနည်း။ အကြောင်းမဲ့ အလုပ်ရှုပ်ခံပြီး ယခုကဲ့သို့ ပြန်ပြန်ထုတ်နေမည်မဟုတ်။ ဘာကြောင့် သွေးပြန်ပြန်ထုတ်နေရသလဲ။ ဘာကြောင့် ပွင့်ပွင့်လင်းလင်း ပြောနိုင်လျက်နှင့် လှီးလွှဲ ပြောနေရသလဲ။ ကျွန်တော့်ရင်ထဲတွင် ရုတ်ခြည်း အတွေးမျိုးစုံနှင့် ပြည့်၍သွား၏။ မိသင်းစိတ်ထဲတွင် သံသယ ပေါ်နေမည်ကို ချက်ချင်းတွေးမိ၏။ သို့သော် ဆရာဝန်က မသိစေလို၍ လှီးလွှဲပြောနေသည့်ကိစ္စကို မိသင်းကို ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်တော် စ,မဖော်ပေးချင်။ ထို့ကြောင့် မိသင်းကို ထိုကိစ္စနှင့်ပတ်သက်၍ စကားအလိုက်သင့်ပြောပြီး ကျွန်တော့်သံသယစိတ်ကို ထိုနေ့က ဖုံးကွယ်ထားခဲ့ပါသည်။

နောက်တစ်နေ့မနက် ၁၀ နာရီခန့်တွင် မှော်ဘီ လေတပ်ရှိ ကျွန်တော်တို့ထံသို့ ဒေါက်တာ ဒေါ်မေမေအုန်း ဖုန်းဆက်လာပါသည်။

"ဗိုလ်ကြီးနေလင်းဦးလား"

"ဟုတ်ကဲ့"

"ကျွန်မ ဒေါက်တာဒေါ်မေမေအုန်းပါ . . . ဗိုလ်ကြီးက ဒေါ်မေလွင်သင်းရဲ့ ခင်ပွန်းနော်"

"ဟုတ်ပါတယ်ခင်ဗျား"

"ကျွန်မ ဒေါ်မေလွင်သင်းရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဗိုလ်ကြီးနဲ့ ဆွေးနွေးချင်လို့ပါ။ ဗိုလ်ကြီး ဒီနေ့ညနေ ၄ နာရီလောက် မအားဘူးလား။ အားရင် ကျွန်မဆေးတိုက်ကို ခဏကြွခဲ့ပါလား"

"ဟုတ်ကဲ့ . . . လာနိုင်ပါတယ် ခင်ဗျာ၊ ဪ . . . ဒေါက်တာ ကျွန်တော် ညနေအထိ မစောင့်ဘဲ ခုလာလို့ရော မဖြစ်ဘူးလားခင်ဗျာ"

ကျွန်တော် မိသင်းကျန်းမာရေးကိစ္စကို နေ့ည ဆွဲမထားချင်ပါ။ ဖြစ်နိုင်ရင် ချက်ချင်းသိအောင် ဆောင်ရွက်ချင်ပါတယ်။

"ရပါတယ် . . . ဗိုလ်ကြီး ခု လာမှာလား"

"ဟုတ်ကဲ့ . . . ကျွန်တော် ခု မော်ဘီက ထွက်လာရင်တော့ ဒေါက်တာ့ဆေးတိုက်ကို တစ်နာရီအတွင်း ရောက်မယ်။ ဒေါက်တာရှိဦးမယ်နော်"

"ရှိပါတယ် . . . ကျွန်မ စောင့်နေပါ့မယ်"

ကျွန်တော် ဖုန်းချပြီးသည်နှင့် ကျွန်တော့်ဂျီအမ်ကားလေးကို အပြင်းမောင်းပြီး ရန်ကုန်ဘက် ထွက်လာခဲ့သည်။ ရင်ထဲတွင်လည်း ဒေါက်တာဒေါ်မေမေအုန်း ဘာပြောမည်ကို အမျိုးမျိုး တွေးနေခဲ့၏။ မိသင်း ကလေးမရနိုင်ဘူးလား။ မိသင်းတွင် ဘာချွတ်ယွင်းချက်ရှိသနည်း။ ထိုချွတ်ယွင်းချက်ကို ပြုပြင်လို့ ရမလား၊ မရတော့ဘူးလား"

"ဗိုလ်ကြီး . . . ထိုင်ပါ ထိုင်ပါ"

လေတပ်ယူနီဖောင်း အပြည့်အစုံဝတ်ထားသော ကျွန်တော့်ကိုမြင်သည်နှင့် ဒေါက်တာဒေါ်မေမေအုန်းသည် မိသင်း ခင်ပွန်းဖြစ်သည်ကို ခန့်မှန်းမိဟန်ရှိ၏။ ဖော်ရွေစွာပင် ကျွန်တော့်ကို နှုတ်ဆက်၍ ထိုင်ရန်နေရာပေးပါသည်။

“ကျွန်မက ညနေဘက်မှပဲ အေးအေးဆေးဆေးပြောပြ မလို့၊ ဗိုလ်ကြီး အလုပ်ဖျက်ပြီး ထွက်လာရတယ်ထင်တယ် . . အားနာစရာကြီး”

“ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်က လူနာရှင်ပါ။ ဒေါက်တာချိန်းတဲ့အချိန်ထက် စောပြီး အတင်းလာတွေ့တဲ့ အတွက်တောင် ကျွန်တော် အားနာနေမိပါတယ်”

ဒေါက်တာဒေါ်မေမေအုန်းမှာ ပုပုပြတ်ပြတ်လေးဖြစ်၏။ အသက်မှာ လေးဆယ်ကျော်ခန့်ရှိလေပြီ။ အညာသူ ဖြစ်ဟန်ရှိ၏။ အသားမှာ အနည်းငယ် ညိုသလိုရှိ၏။

“ဗိုလ်ကြီးကိုခေါ်ကတည်းက ဘာကိစ္စပြောလိမ့်မယ် ဆိုတာ ဗိုလ်ကြီးလည်း အထိုက်အလျောက် သိလိမ့်မယ် ထင်ပါတယ်”

“ဟုတ်ကဲ့ . . . သိပါတယ်ခင်ဗျာ၊ မေလွင်သင်း ဒေါက်တာ့ဆီမှာ လာအစစ်ခံတာလည်း ကျွန်တော့်ဆန္ဒအတိုင်း လာအစစ်ခံတာပါ။ ကျွန်တော်တို့အိမ်ထောင်ကျတာ သုံးနှစ်ကျော်နေပြီ။ ဒီနေ့အထိ ကလေးမရသေးတော့ သိပ်ကလေးလိုချင်နေပါတယ်။ ခု ဒေါက်တာပြောမှာ မေလွင်သင်းမှာ ကလေး မရနိုင်တဲ့ ချွတ်ယွင်းချက်တစ်ခုခု ရှိနေတယ်ဆိုတဲ့အကြောင်းပဲ မဟုတ်လား။ ကိစ္စမရှိပါဘူး၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ။ ကျွန်တော်တို့ဟာ တစ်ယောက်ကိုတစ်ယောက် နှစ်သက်လွန်းလို့ ကိုယ့်သဘောအတိုင်း လက်ထပ်ခဲ့ကြတာတွေပါ။ ကျွန်တော်တို့ အိမ်ထောင်ရေးမှာ ဘာမှ အဆင်မပြေတာ မရှိပါဘူး။ ဒါ

ကြောင့် ကလေးမရနိုင်တဲ့အတွက်လည်း ကျွန်တော်တို့ အိမ်ထောင်ရေးဟာ ဘာမှ ထိခိုက်သွားမှာ မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော် လမ်းမှာတောင် စဉ်းစားခဲ့ပါတယ်။ တကယ်လို့ လုံးဝ ကလေးမရနိုင်တော့ဘူး ဆိုရင်လည်း ကလေးတစ်ယောက်ယောက်ကို ကိုယ့်သားသမီးလို သဘောထားပြီးပဲ မွေးစားလိုက်တော့မယ်လို့ . . . ”

ကျွန်တော် ပြုံး၍ အေးဆေးစွာ ဒေါက်တာဒေါ်မေမေအုန်းကို ရှင်းပြလိုက်ပါသည်။

“အင်း . . . ပြောရမှာတော့ ကျွန်မ သိပ်စိတ်မကောင်းဘူးဗိုလ်ကြီး . . . ခု ကျွန်မ ဗိုလ်ကြီးကို ခေါ်ပြောပြမယ့် ကိစ္စက ဗိုလ်ကြီး ခုထင်နေတာတွေထက် အရေးကြီးပါတယ်”

ကျွန်တော့်ရင်ထဲတွင် ပထမဆုံးအကြိမ် ထိတ်ခနဲ ဖြစ်၍သွားပါသည်။ ဒေါ်မေမေအုန်း၏ မျက်နှာမှာ အနည်းငယ်ညှိုးနေသလိုရှိ၏။ တစ်ခုခုကို ပြောရန် ကြိုးစားအားယူနေဟန်ရှိပါသည်။

“ဗိုလ်ကြီးဇနီး ဒေါ်မေလွင်သင်းမှာ ရောဂါတစ်ခု ရှိနေပါတယ်ဗိုလ်ကြီး . . . လူကီးမီးယားဆိုတဲ့ရောဂါ . . . ကြားဖူးလား . . . ဒေါ်မေလွင်သင်း ဖြစ်နေတာ လူကီးမီးယားဆိုတဲ့ရောဂါပါ”

ကျွန်တော် ထိုရောဂါနာမည်ကို ယခုအကြိမ်မှာ ပထမဆုံး ကြားဖူးခြင်းဖြစ်၏။

“မကြားဖူးဘူး ခင်ဗျ . . . ဒီရောဂါက အသက်

အန္တရာယ်ရှိနိုင်လို့လား”

“ဟုတ်ကဲ့ . . . ရှိနိုင်တယ်လို့တောင် မဟုတ်ပါဘူး၊ ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဒေါ်မေလွင်သင်းဟာ ဒီရောဂါနဲ့ မကြာခင် ကွယ်လွန်လိမ့်မယ်။ ကျွန်မအထင် ပြောရရင် သူ အများဆုံး အသက်ရှင်နေရရင် နောက်လေးလပဲ”

မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူ ဘာကို တွေ့ထားလို့ ဒီလိုပြောတာလဲ။ နောက်နေတာများလား။ ကျွန်တော့်ကို ရယ်စရာလုပ်နေတာများလား။ မဖြစ်နိုင်။ ရယ်စရာ နောက်ပြောင်ရအောင် သူနှင့်ကျွန်တော် ရင်းနှီးသည်မဟုတ်။ ခုမှ တွေ့ဖူးကြသူများ မဟုတ်လား။ ကိစ္စကလည်း နောက်စရာ ကိစ္စမဟုတ်။

“ကျွန်မ ခုလိုပြောရတာ သိပ်ဝမ်းနည်းတာပဲ ဗိုလ်ကြီး”

ကျွန်တော် ဘာမှပြန်မပြောနိုင်သေးပါ။

ထိုအချိန်ထိပင် ကျွန်တော့်ရင်ထဲ၌ ဒေါက်တာ ဒေါ်မေမေအုန်း တစ်ခုခုကို မှားတွေ့ထားခြင်းဖြစ်မည်ဟုပင် ထင်နေဆဲဖြစ်၏။ ဖြစ်နိုင်သည်။ မိသင်းသွေးကို မှောက်ပစ်လိုက်သည်ဆိုသော ပေါ့ပေါ့ဆဆလုပ်တတ်သည့် သူနာပြုဆရာမကပင် သွေးစစ်ရာ၌ မှားသလား။ ဓာတ်မှန်စစ်ရာ၌ပင် တစ်ခုခု လွဲသလော။

“စိတ်ထဲမရှိပါနဲ့ဒေါက်တာ၊ ကျွန်တော် တစ်ခုမေးပါရစေ။ ဒေါက်တာ အခုလို အတိအကျ အခိုင်အမာ ပြောနေတာ ဘာကိုများ စစ်ဆေးတွေ့ထားလို့ ပြောတာလဲ”

"ခုလိုကိစ္စမျိုးမှာ ကျွန်မတို့ဘက်က မသေချာရင် ဘယ်တော့မှ လူနာရှင်ကို ဖွင့်ပြောလေ့ထုံးစံ မရှိပါဘူး။ ကျွန်မ ဒေါ်မေလွင်သင်းရဲ့သွေးကို သုံးကြိမ်သုံးခါ စစ်ကြည့်ပါတယ်။ ကျွန်မအပြင် ဆေးခန်းက ရောဂါဗေဒပါရဂူ စစ်တာ မသေချာမှာစိုးလို့ ရန်ကုန်ဆေးရုံကြီးက ဓာတ်ခွဲခန်းကိုတောင် တစ်ကြိမ် ကိုယ်တိုင် ယူသွားပြီး စစ်ခိုင်းကြည့်ပါတယ်။ သေချာပါတယ် . . . လူကီးမီးယား ဖြစ်နေပြီ"

အပြင်ဘက် လမ်းမပေါ်မှ မော်တော်ကားဟွန်းသံ တစ်ချက်ကို ကျယ်လောင်စွာ ကြားလိုက်ရပါသည်။

"လူကီးမီးယားဆိုတာ ဘာရောဂါလဲ ဒေါက်တာ . . . ကုလို့မရဘူးလား၊ ကျွန်တော် ငွေဘယ်လောက်ကုန်ကုန် အကုန်ခံပြီး ကုနိုင်ပါတယ်။ နောက်ဆုံး နိုင်ငံခြားသွားပြီးကုမှ ရမယ်ဆိုရင်လည်း ကျွန်တော် နိုင်ငံခြားကို မဖြစ်, ဖြစ်အောင် ခေါ်သွားပြီး ကုပါ့မယ်"

"ကျွန်မ နားလည်သလောက်တော့ ဒီရောဂါဟာ ကုလို့မရပါဘူး၊ အနောက်တိုင်း ဆေးပညာမှာ ဒီရောဂါကို ကုနည်းမတွေ့သေးဘူး။ ဝေဒနာသက်သာအောင်နဲ့ နည်းနည်းလေးပိုပြီး အသက်ရှည်အောင်လောက်ပဲ လုပ်လို့ရပါတယ်။ ဗိုလ်ကြီးနားလည်လွယ်အောင် နည်းနည်းလေး ကျွန်မ ရှင်းပြရရင် ကျွန်မတို့ လူရဲ့ ခန္ဓာကိုယ်တစ်ခုလုံးဟာ မြန်မာလိုတော့ ကလာပ်စည်းလို့ ပြောသလားမသိဘူး။ အင်္ဂလိပ်လိုတော့ ဆဲ(လ်)လို့ ခေါ်တဲ့ အပိုင်းငယ်တွေနဲ့ တည်ဆောက်ထားပါ

တယ်။ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းကိုလိုက်ပြီး ဆဲ(လ်)အမျိုးအစားတွေလည်း အမျိုးမျိုး ကွဲနေတယ်ပေါ့ရှင်။ ဥပမာ- အရိုးဆဲ(လ်)၊ အသားဆဲ(လ်)၊ အရည်ဆဲ(လ်) စသည်ပေါ့။ ဒီလိုပဲ ကျွန်မတို့ လူသွေးဟာလည်း ဆဲ(လ်)တွေနဲ့ပဲ လုပ်ထားပါတယ်။ အဲ . . . တစ်ခါ လူရဲ့ ဒီသွေးဆဲ(လ်)ကို ခွဲလိုက်ရင် သုံးမျိုးရှိတယ်ရှင့်။ လွယ်လွယ်ပြောရရင်တော့ ဗိုလ်ကြီးလည်း ကြားဖူးမှာပေါ့။ သွေးဖြူဥဆဲ(လ်)၊ သွေးနီဥဆဲ(လ်)နဲ့ ပလိပ်လတ်(စ်) ဆဲလ်ဆိုတာ . . . သွေးဖြူဥဆဲ(လ်)ဆိုတာက ကျွန်မတို့ရဲ့ လူခန္ဓာကိုယ်အတွင်းကို ပြင်ပက ဝင်လာတဲ့ ရောဂါပိုးတွေကို တိုက်ဖျက်ချေမှုန်းပေးတဲ့ ဆဲ(လ်)တွေ ဖြစ်ပါတယ်။ သွေးနီဥဆဲ(လ်)ဆိုတာက ကျွန်မတို့ ခန္ဓာကိုယ်ကို အောက်ဆီဂျင်ဓာတ်တွေ သယ်ဆောင်ဖို့ဖြစ်ပါတယ်။ ပလိပ်လတ်(စ်) (Platelets Cell) ဆိုတာ လူဟာ တစ်ခုခု ထိခိုက်ဒဏ်ရာရပြီး သွေးထွက်တဲ့အခါ သွေးတွေ အကုန်မထွက်အောင် သွေးကို ခဲစေအောင် လုပ်ပေးတဲ့ဆဲ(လ်) ဖြစ်ပါတယ်။ ဒီသွေးထဲမှာရှိတဲ့ ဆဲ(လ်)သုံးမျိုးက သူ့အချိုးအစားအတိုင်း ရှိရပါတယ်။ ပိုလို့လည်း မရဘူး။ လျော့လို့လည်း မရဘူး။ ဗိုလ်ကြီးဇနီး ဒေါ်မေလွင်သင်းဖြစ်တဲ့ လူကီးမီးယားဆိုတဲ့ ရောဂါက စောစောက ကျွန်မပြောပြတဲ့ သွေးဖြူဥတွေဟာ သူဖြစ်လာသင့်တာထက် ပိုဖြစ်လာပြီး သူ့ သွေးထဲမှာ သွေးဖြူဥဆဲ(လ်)တွေ များနေတဲ့ရောဂါပါ။ ဗိုလ်ကြီး စိတ်ဝင်စားပါတယ်နော် . . . ”

“ဟုတ်ကဲ့ . . . စိတ်ဝင်စားပါတယ် ခင်ဗျာ၊ ခုလို စိတ်

ရှည်လက်ရှည် ရှင်းပြတာလည်း ကျွန်တော် မဖော်ပြတတ်အောင် ကျေးဇူးတင်ပါတယ်။ ကျွန်တော် တစ်ခုမေးပါရစေဦး ဒေါက်တာ . . . လူကြီးမီးယားဆိုတာ ကင်ဆာလား"

"ကင်ဆာလို့ ပြောလို့မရဘူး . . . ဒါပေမဲ့ ကင်ဆာနဲ့လည်း တူတယ်လို့ တချို့က ပြောကြတယ်။ တကယ်တော့ လူတွေ သိပ်မသိကြသေးတဲ့ ရောဂါလို့ ဆိုနိုင်ပါတယ်"

"ကျွန်တော် မရှင်းဘူးခင်ဗျာ"

"ဒီလိုပါ . . . လူကြီးမီးယားဆိုတဲ့ရောဂါ ဘာကြောင့်ဖြစ်တယ်ဆိုတာ ဒီနေ့အထိ အနောက်တိုင်း ဆေးပညာမှာ အတိအကျ မသိကြသေးပါဘူး၊ ခန့်မှန်းထားတာတွေလောက်သာ ရှိပါတယ်။ တွေးဆချက် သဘောတရားတွေလို့ပဲ လွယ်လွယ်ဆိုပါစို့။ တချို့က ဒီရောဂါဖြစ်ရတာဟာ ဗိုင်းရပ်ဆိုတဲ့ ရောဂါပိုးကြောင့် ဖြစ်တယ်။ တစ်ဦးက တစ်ဦးကို ကူးစက်မှုကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ဒီသဘောတရားက လူတွေမှာ တကယ်ဖြစ်တာ မတွေ့ဖူးပါဘူး။ တိရစ္ဆာန်တွေကို စမ်းကြည့်တဲ့အခါ တွေ့ဖူးတယ်လို့ ဆိုတာပဲ။ တချို့ကတော့ လူတွေရဲ့ မျိုးရိုးဗီဇ သဘောကြောင့်လို့ ဆိုပါတယ်။ အင်္ဂလိပ်လိုတော့ ဂျင်နီတစ်ပေါ့ရှင် . . . ဒါလည်း မသေချာလှပါဘူး"

"တချို့ကျတော့ 'ဟိုမုန်း'ကြောင့်လို့ ပြောပါတယ်။ ဒါလည်း တိရစ္ဆာန်တွေမှာလောက်သာ တွေ့ဖူးတာပါ။ တချို့ကတော့ တခြားကြောင့်ပြောတာ မဟုတ်ဘူး။ အနုမြူပုံးချတဲ့ ဒေသမှာ လူကြီးမီးယားဖြစ်တဲ့နှုန်းထက် ပိုများနေလို့ ခန့်မှန်း

ကြတာပါ။ အဲ . . . နောက်ဆုံး ခန့်မှန်းတာကတော့ 'နီရိုလက် တစ်သီရိုလီ'လို့ ခေါ်ပါတယ်။ ဆိုတာက . . . ကျွန်မတို့ ကင်ဆာဖြစ်သလိုပဲ . . . လူကီးမီးယားဖြစ်ရတဲ့ အကြောင်းရင်း ဟာ ကင်ဆာရောဂါဖြစ်ရတဲ့ အကြောင်းရင်းနဲ့ အတူတူပဲလို့ ဆိုပါတယ်။ ဒါကြောင့်မို့ လူကီးမီးယားကို ကင်ဆာလို့ပဲ ပြောပါ တယ်။ မြန်မာမှာလည်း တချို့က လူကီးမီးယားကို သွေးကင်ဆာ ဆိုပြီး ဘာသာပြန်ထားတာတောင် ရှိပါတယ်"

ကျွန်တော့်မှာ ဒေါက်တာဒေါ်မေမေအုန်း ပြောသမျှကို အထူးအာရုံစိုက်၍ နားထောင်နေပါသည်။ သို့သော် ကျွန်တော့် စိတ်မှာ အပြင်ရောက်လိုက်။ ဒေါ်မေမေအုန်းနား ပြန်ရောက် လိုက်နှင့် ဖြစ်နေသည်။ သူ့စကားကို မကြားတစ်ချက် ကြားတစ် ချက် ဖြစ်နေသည်။

"နောက် ကျွန်မတို့ လူကီးမီးယားကို နှစ်မျိုးခွဲထားပါ တယ်။ Acute နဲ့ Chronic ဆိုပြီးတော့ Acute ဆိုတာ စော စောက သွေးဖြူဥဆဲ(လ်)တွေဟာ သွေးဖြူဥအဆင့်ကို မရောက် ခင် အဆင့်မှာပဲ သွေးထဲမှာ သိပ်ပွားလာတာ၊ လိုတာထက် များလာတာ၊ Chronic ဆိုတာကတော့ သွေးဖြူအဆင့်ကို ရောက်ပြီးမှ သွေးထဲမှာ ပွားလာတာ၊ များလာတာ"

"ကျွန်တော့်ဇနီး ဖြစ်တာက . . ."

" Acute လို့ ကျွန်မထင်ပါတယ်။ ရောဂါဗေဒပါရဂူ ရဲ့ မှတ်ချက်ကလည်း Acute လို့ပဲ ဆိုထားပါတယ်။ ဒါပေမဲ့ သိပ်မထူးပါဘူး။ Acute လည်း အသက်ဆုံးရတာပဲ။ Chronic

လည်း အသက်ဆုံးရတာပဲ။ အဲ . . . Acute က ကလေးတွေမှာ ပိုပြီးဖြစ်တတ်တယ်။ ဒါပေမဲ့ လူလတ်ရော လူကြီးရောလည်း တစ်ခါတစ်ခါ ဖြစ်တာပဲ။ Chronic ကတော့ အသက် ၄၅နှစ်နဲ့ ၇၀ လောက်ကြားမှာ ပိုဖြစ်တတ်ပါတယ်”

“ဒေါက်တာ ဒီအကြောင်းတွေ သူ့ကို အကုန်ပြောပြလိုက်ပြီလား”

“ကျွန်မ ဘာတစ်ခုမှ သူ့ကို မပြောရသေးပါဘူး။ ဗိုလ်ကြီးသိထားအောင်သာ ကျွန်မ ပြောပြတာပါ။ ဒေါ်မေလွင်သင်းကို ပြောဖို့ကိစ္စကတော့ ဗိုလ်ကြီးသဘောပဲ၊ ဗိုလ်ကြီးအပေါ်တည်ပါတယ်။ ဗိုလ်ကြီး ပြောသင့်တယ်ထင်ရင်လည်း ပြော၊ မပြောသင့်ဘူးထင်ရင်လည်း မပြောနဲ့။ ကျွန်မကတော့ သူ့ကို ပြောလိုက်ပါတယ်။ ကလေးရဖို့ကိစ္စ ဘာမှ ချွတ်ယွင်းချက် မတွေ့ဘူး၊ ရနိုင်ပါတယ်။ ကျန်းမာရေး ဂရုစိုက်ပါလို့ . . . ”

ဆရာဝန်မလည်း ကျွန်တော့်ကို ရှင်းပြရလွန်းသဖြင့် အနည်းငယ်မောလာဟန်ရှိပါသည်။ သူမ၏ နဖူးတွင် ချွေးသီးလေးများ စို့လာစပြုလျက်ရှိလေပြီ။

မိသင်းကို အသိပေးသင့် မသင့်ဆိုသော ပြဿနာမှာ ကျွန်တော့်အပေါ်မှာ တည်တယ်တဲ့။

ဘုရား . . . ဘုရား။

ကျွန်တော် မိသင်းကို ဘယ်လိုအသိပေးရပါ့မလဲ။

ကျွန်တော် အသက်ရှူရ ကျပ်သလို ရှိလာပါသည်။

“ဒေါက်တာ . . . သူ့အသက်ဟာ ၂၅ နှစ်တောင်

မပြည့်သေးဘူး။ ပြည့်ဖို့ နောက် ငါးလကျော်လောက် လိုသေးတယ်”

ဒေါက်တာ ဒေါ်မေမေအုန်းက ကျွန်တော့်ကို ဘာမှ ပြန်မပြောပါ။ သူသိကြောင်း ခေါင်းကိုသာ အခါခါ ညိတ်ပြပါသည်။ ကျွန်တော် ဘာလုပ်ရမည်နည်း။

နှစ်ဆယ့်ငါးနှစ် . . .

နှစ်ဆယ့်ငါးနှစ်ဟူသော အရွယ်မှာ တကယ်တော့ လူငယ်ပိုင်းဘဝကိုပင် မကုန်သေးပါ။

“ဒေါက်တာ . . . ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲ၊ ကျွန်တော့်ကို အကြံပေးပါဦး”

ကျွန်တော့်အဖြစ်မှာ ရေနစ်သူနှင့်တူနေပါသည်။

“အကောင်းဆုံးကတော့ မသိသလိုပဲ ဗိုလ်ကြီးနေပါ။ ဘာမှ မသိသလိုနေတာ အကောင်းဆုံးပဲ။ ခု . . သူ ဘာမှ ဝေဒနာမခံစားရသေးဘူး။ နောက်တစ်လလောက်ဆိုရင် သူ့သွေးအားနည်းလာမယ်။ အစားအသောက်ပျက်မယ်။ မောမယ်၊ နှာခေါင်းသွေးလျှံမယ်၊ အဆစ်အမြစ်ကိုက်မယ်”

ဘာမှမသိသလို နေရမယ်တဲ့။

ဘာမှမသိသလို နေရမယ်တဲ့။

ထိုသို့နေရန် ပြောလို့သာ လွယ်သည်။ ကျွန်တော် ထိုသို့ဖြစ်အောင် အဘယ်သို့ နေရမည်နည်း။

× × ×

(၁၆)

ကျွန်တော့်ဘဝတွင် ဘုရားရှင်ကို ပထမဆုံး သတိရလာမိသည်။

ခလုတ်ထိလျှင် အမိတသည်ဟု ဆိုရိုးစကားရှိသည်။ ကျွန်တော့်အဖြစ်မှာ အမိတ၍ မဖြစ်နိုင်တော့။

ဘုရားသာ တရတော့မည်။

ဘုရားရှင်မြတ်သာ ကျွန်တော့်ကို ကယ်နိုင်တော့မည်။

ကျွန်တော်သည် အမိ ဗုဒ္ဓဘာသာ၊ အဖ ဗုဒ္ဓဘာသာ ဖြစ်၍သာ ဗုဒ္ဓဘာသာဖြစ်နေပါသည်။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော့်ရင်ထဲတွင် ဘုရားကို ယုံသလို မယုံသလို ဖြစ်နေပါသည်။ သို့သော် ကျွန်တော် ထိုပြဿနာကို မတွေးပါ။ အဖြေမရှာပါ။ ဖွင့်ထားပေးပါသည်။

ကျွန်တော့်ရင်ထဲတွင်ရှိနေသည့် ယုံကြည်မှုတစ်ခုမှာ ကျွန်တော်တို့ စကြဝဠာကြီးတွင် ကျွန်တော်တို့သိထားသည်

ထက် တန်ခိုးအစွမ်းသတ္တိရှိသော အရာသည် ရှိရဦးမည်။ ကျွန်တော်သည် ကျွန်တော် မစွမ်းဆောင်နိုင်တော့သည့် ပြဿနာတစ်ခုနှင့် ဘဝတွင် ရင်ဆိုင်ရလျှင် ထိုတန်ခိုးရှင်ကို သတိရသည်။ ထိုတန်ခိုးရှင်ကို ရှိခိုးသည်။ ထိုတန်ခိုးရှင်၏ ကယ်မမှုကို မျှော် လင့်နေသည်။ ထိုတန်ခိုးရှင်မှာ ကျွန်တော် နားလည်သော ကျွန်တော်၏ဘုရားဟုပင် ဆိုရမည်လား မပြောတတ်။

တော်ပါသေးသည်။

မိသင်းတွင် လူကြီးမီးယားကဲ့သို့သော ရောဂါမျိုးကို ဖြစ်အောင် ဖန်တီးပေးသဖြင့် ကျွန်တော်သည် တန်ခိုးရှင်ကို မုန်းသည်။ တစ်ချိန်တည်းတွင်ပင် မနက်တိုင်း မနက်တိုင်း ကျွန်တော် အိပ်ရာမှ နိုးလာလျှင် မိသင်း ကျွန်တော့်ဘေးတွင် ရှိနေသေးသည်ကိုမြင်တွေ့ရသဖြင့် ကျွန်တော် တန်ခိုးရှင်ကို ကျေးဇူးတင်မိပြန်သည်။ ကဗျာဆရာကြီး အိုမာခယမ်က ဆိုထားသည်။

"အို . . . ချစ်နှမငဲ့
သောကပွားတတ်၊ အနာဂတ်နှင့်
စိတ်ဓာတ်ညှိုးလျ၊ ပူပန်ရသည့်
နောင်တထွေပြား၊ အတိတ်များတို့
လွင့်ပါးကင်းစင်၊ စိတ်ကြည်လင်အောင်
ငါလျှင်သောက်လို၊ ဝိုင်ချိုချိုကို
မေပျိုကမ်းပ့ါ၊ ဖြည့်ထည့်ပ့ါ။
သင်္ချေ သင်္ချာ၊ နှစ်များစွာကို

ငါ့မှာလှူခွင်၊ မရောက်ခင်တွင်
ကျင်လည်ခဲ့ရာ၊ အတိတ်သာတည့်
မကြာယွင်းပါး၊ ကွယ်လွန်ငြားလည်း
ရှည်လျားမပြတ်၊ မနာဂတ်ကို
ထပ်ထပ်ကျင်လည်၊ ရဦးမည်။
နက်ဖြန် နက်ဖြန်၊ မပူပန်နှင့်
နက်ဖြန်မှာပင်၊ လှူရပ်ခွင်မှ
အသင် ကွယ်ပျောက်နိုင်သည်တကား”

ကျွန်တော် ထိုကဗျာအတိုင်းပင် ကျင့်သုံးရတော့မည်လော။ ကျွန်တော် မတွေးတတ်။ ကျွန်တော် မကြံတတ်။

ခက်ပါသည်။

အလွန်ခက်လှပါသည်။

မသိသလိုနေရန်ဟူသောအလုပ်မှာ ပြောရလွယ်သလိုရှိပေမယ့် လက်တွေ့ အကောင်အထည်ဖော်ရ ခက်လှသည်။ ကြည့်ပါ။ မနက် အိပ်ရာမှ နိုးသည်ဟုဆိုလျှင်ပင် -

“အရဲ . . . ဒီနေ့ သောကြာနေ့နော်၊ ညနေ မင်္ဂလာဒုံလေတပ် ၅၀၂ အုပ်စုက ကိုမြအေးတို့နဲ့ ဘောလုံးသွားကစားရဦးမယ်၊ မေ့မနေနဲ့ဦးနော်၊ စောစော့ပြန်ခဲ့။ ကိုမြအေးကြီး မနေ့တုန်းကတောင် တို့ကို ဖုန်းဆက်သေးတယ်။ အရဲကို သတိပေးလိုက်ပါတဲ့”

ထိုစဉ်က ကျွန်တော် မကြာခဏ မင်္ဂလာဒုံ ၅၀၂ အုပ်စု

အမှတ် (၂) သယ်ယူပို့ဆောင်ရေး လေတပ်အုပ်စုမှ လေသူရဲများနှင့်ရော၍ အပျင်းပြေ အလောင်းအစား ဘောလုံးကစားတတ်သည်။ အပျင်းလည်းပြေ၊ ကျန်းမာရေးအတွက်လည်း ဖြစ်၏။

သို့သော် မိသင်းရောဂါကို သိပြီးသည့်အချိန်မှစ၍ မိသင်းအနားမှ ဘယ်မှ မခွာချင်တော့။ မိသင်း အသက်ရှည်နေသေးသရွေ့ ဖြစ်နိုင်လျှင် မိသင်းအနားမှ တစ်မိနစ်မှ မခွာဘဲနေချင်ပါသည်။

"တော်ပါပြီကွယ် . . . ကိုယ် ပျင်းတယ်၊ ဒီနေ့ မကစားတော့ပါဘူး . . . မြဒေး ဖုန်းဆက်ရင် ပြောလိုက် . . . ကိုယ်မလာဖြစ်ဘူးလို့"

"ဟင့်အင်း . . . သွားကစားစမ်းပါ၊ အရင်က အမြဲတကြွကြွနဲ့ သွားကစားချင်နေတဲ့လူက ခု ဘာပြုလို့ ပျင်းရပြန်တာလဲ"

"ကိုယ့်မယားအနားက မခွာချင်လို့ပေါ့ကွ . . . ဟဲဟဲ . . ."

ကျွန်တော်က အရေးမကြီးသလို၊ နောက်သလို ဟန်လုပ်၍ ပြောလိုက်ပါသည်။

"သွားကစားစမ်းပါ . . . တော်တော်ကြာ အိမ်မှာပဲ သိပ်အိပ်နေရင် ကိုကြည်သိန်းတို့လို ဗိုက်ကြီးထွက်ထွက်လာနေဦးမယ်၊ တို့ယောကျ်ားကို ဗိုက်ပူပုံပျက်ကြီးဖြစ်နေတာ မလိုချင်ဘူး၊ အမြဲ ဗိုက်လေးရှပ်ပြီး လှနေမှ"

ခက်ပြီ . . .။ ကျွန်တော် သွားကစားရတော့မည်လား။

"မသွားတော့ပါဘူးကွာ၊ တို့ ဒီနေ့ 'နန်ဆင်း' မှာ ထမင်း သွားစားကြရအောင်၊ နန်ဆင်း မရောက်တာ ကြာပြီမဟုတ် လား"

"ဘာလဲ . . . တို့ကို ဘာလို့ ဒီလောက် အလိုလိုက်နေ တာလဲ၊ ဘာချွဲနေတာလဲ။ တစ်နေ့က ကိုမြင့်ဦးမိန်းမ ဝင်းဝင်း လတ် အိမ်လာတုန်း ပြောသွားတယ်၊ ယောက်ျားတစ်ယောက် ဟာ ကိုယ့်အနားက မခွာချင်ဘူး၊ ကိုယ့်ကို သိပ်အလိုလိုက်နေ ပြီဆိုရင် သတိသာထားတော့တဲ့။ သူ နောက်ကွယ်မှာ မဟုတ် တာ တစ်ခုခု မသိအောင်လုပ်နေပြီတဲ့"

ကျွန်တော် အသံထွက်အောင် ရယ်ပစ်လိုက်ပါသည်။ ကျွန်တော့်ရယ်သံမှာ ခြောက်ကပ်နေသည်ဟု ထင်ပါသည်။

ဘုရား . . . ကယ်ပါ။

ကျွန်တော့်ကို ကယ်မ,ပါ။

မိသင်းရောဂါ ပျောက်မသွားချင် ရှိပါစေ။ မိသင်း ဒီရောဂါဖြစ်နေမှန်း မသိပါစေနဲ့။ ခုလိုသာ မသိလိုက် မသိဘာ သာ သူ့ရဲ့နောက်ဆုံးအချိန်အထိ ပျော်ပျော်ရွှင်ရွှင် နေနိုင်ပါစေ။

ကျွန်တော့်ဆုတောင်း မပြည့်ပါ။

× × ×

(၁၇)

စစ်ဆင်ရေး တာဝန်များကလည်း ခုလိုအချိန်မျိုးကျမှ ရှုပ်လှပါသည်။ မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် တရုတ်ဖြူများ ထို အချိန်က ကျူးကျော်လျက်ရှိသဖြင့် ကျွန်တော်တို့ အမှတ် ၅၀၃ လေတပ်စခန်းမှ တိုက်လေယာဉ်ပျံများ နမ်းဆန်၊ မိုင်ပါလျှို ဘက် သွား၍ အမြဲ တိုက်ပွဲဝင်နေရပါသည်။

သည်ကြားထဲ ကျွန်တော့်တပ်မှူးက ကျွန်တော့်ကို ခေါ်၍ တာဝန်တစ်ခု ပေးလိုက်ပါသေးသည်။

"နေလင်းဦး . . . မင်း ချိန်ခွက်ပျံ နည်းပြဆရာသင်တန်း တက်မလား"

"ဘယ်မှာ တက်ရမှာလဲ"

"အင်္ဂလန်မှာ . . . ခရွန်ဝဲလေတပ်စခန်းမှာ"

"ဘယ်လောက်ကြာမှာလဲ . . . ဗိုလ်မှူး"

"ခြောက်လလောက်ကြာမယ်"

"ကျွန်တော် သိပ်တော့ မတက်ချင်ဘူး။ ဒါပေမဲ့ ဗိုလ်မှူးတာဝန်အနေနဲ့ မသွားမနေရ လွှတ်တယ်ဆိုရင်တော့ ကျွန်တော်သွားပါ့မယ်"

ချိန်ခွက်ပျံ့ဟူသည်မှာ အင်္ဂလိပ်ဘာသာဖြင့် (Instrument Flying) ကို ဆိုလိုပါသည်။ လေယာဉ်ပျံများမှာ ရာသီဥတုဆိုး၍ ပြင်ပ ပတ်ဝန်းကျင်ကို ဘာမျှ မမြင်နိုင်သော အချိန်၌ လေယာဉ်စက်ခန်းအတွင်းရှိ ချိန်ခွက်များကို အားထား၍ မောင်းနိုင်ရပါသည်။ ချိန်ခွက် ပျံသန်းခြင်းကို သင်ကြားပေးသည့် လေယာဉ်မောင်းနည်းပြဆရာများ ကျွန်တော်တို့လေတပ်တွင် ထိုအချိန်က များများမရှိပါ။ လေတပ်တစ်ခုလုံးတွင်မှ နှစ်ယောက်သာ ရှိပါသည်။ ထို့ကြောင့် ဤနည်းပြ သင်ဆရာ သင်တန်းတက်ခွင့်ရသည်မှာ ထိုစဉ်က အလွန်ကြီးမားသော အခွင့်အရေးကြီးတစ်ခုကို ရခြင်းပင် ဖြစ်၏။ သို့သော် ကျွန်တော် မသွားချင်။ ကျွန်တော် မသင်ချင်။

တပ်မှူးမှာ ကျွန်တော့်စကားသံကို နားထောင်ပြီး အလွန်အံ့သြနေဟန် ရှိပါသည်။

အင်္ဂလန် . . .

ခရွန်းဝဲ လေတပ်စခန်း အင်္ဂလန်သွားလျှင် ပြင်သစ်ကိုလည်း ရောက်ဦးမည်။

ပြင်သစ် . . .

ပဲရစ်မြို့။

ကျွန်တော့်ရင်ထဲတွင် ရှတ်ခြည်း တစ်ခုခုကို သတိရ

သလို ရှိလာပါ၏။

"တို့ တစ်ခုပြောရဦးမယ် အရဲ . . . တို့ ပြင်သစ်သွားရတော့မယ်"

"ဘာ . . . ပြင်သစ်သွားရမယ်"

"ဟုတ်တယ် အရဲ . . . ပြင်သစ်က ပဲရစ်မြို့ကိုသွားရမယ်။ တို့ ပညာသင်လျှောက်ထားတာ ရပြီ။ မနေ့က ပညာရေးဝန်ကြီးဌာနက အကြောင်းကြားစာ လာတယ်"

"ဘာလဲ . . . မင်း အနုစာပေပဲ သွားတက်ဦးမလို့လား"

"မဟုတ်ဘူး . . . ဂီတနဲ့ ပတ်သက်ပြီး ပဲရစ်အနုပညာတက္ကသိုလ်မှာ မဟာဝိဇ္ဇာဘွဲ့ရတဲ့အထိ ဆက်သင်မလို့၊ ပဲရစ်အနုပညာတက္ကသိုလ်ဟာ တို့ အာရှတိုက်သားတွေအထဲက အင်မတန် တက်ခွင့်ရခဲတယ်။ မြန်မာလူမျိုးထဲကဆိုရင် ဒီကျောင်းက ဘွဲ့ရဖူးတာ ဒေါ်ထားထားခိုင် တစ်ယောက်ပဲ ရှိသေးတယ်"

"မင်း တကယ်သွားမလို့လား"

"ဟုတ်တယ် . . . တကယ်သွားမလို့၊ ပဲရစ်မြို့ဟာ တို့ အနုပညာသမားတွေအတွက် အနုပညာမြို့တော်ပဲ။ တို့ ဒီမြို့ကိုသွားဖို့ အခွင့်အရေးမျှော်နေတာ ကြာလှပြီ"

ကျွန်တော့်ရင်ထဲတွင် ဆို့နစ်၍လာသလို ရှိ၏။ မိသင်းပဲရစ်ကို ဂီတပညာ ပညာသင်သွားမည့်ကိစ္စမှာ ကျွန်တော့်ကြောင့် ပျက်စီးသွားခဲ့သည် မဟုတ်လား။ ကျွန်တော့်မှာ မိသင်း

တစ်သက်လုံး တောင့်တခဲ့သော အိပ်မက်တစ်ခုကို ဖျက်ဖူးပစ်ခဲ့သူ ဖြစ်၏။

မိသင်းကို ပဲရစ်မြို့ကို လိုက်ပို့ချင်လှ၏။

ကျွန်တော် မပို့နိုင်ပါ။

ကျွန်တော့်တွင် ငွေလည်းမရှိပါ၊ ငွေရှိသည်ထားဦး၊ ရက်ပိုင်းအတွင်း နိုင်ငံကူးလက်မှတ် လုပ်ရန်လည်း လွယ်ကူသည်မဟုတ်။

ရှမ်းပြည်နယ် . . .

ကလော၊ တောင်ကြီး၊ အင်းလေး၊ ဟိုပုန်း၊ နမ်းဆန်။

ဤမြို့လေးများမှာ မြန်မာနိုင်ငံတွင် အလှဆုံးမြို့လေးများ ဖြစ်၏။ ရာသီဥတု ကောင်းသည်။ လူနေကျဲသည်။ ပတ်ဝန်းကျင် အမြဲ စိမ်းလန်းစိုပြည်သည်။

ထင်းရှူးနံ့ . . .

ယူကလစ်နံ့ . . .

အမြဲသင်းနေသည်။

ကျွန်တော် မိသင်းကို ရှမ်းပြည် ခေါ်သွားမည်။ ပထမ ကလောတွင် တည်းမည်၊ ကလောဟိုတယ်မှာ အလွန်အဆင့်မြင့်သည်ဟု ဆို၏။ ကျွန်တော် မိတ္ထီလာလေတပ်စခန်းတွင် လေယာဉ်မောင်းသင်တန်းတက်နေစဉ်က တစ်ကြိမ်ရောက်ဖူး၏။ ဟိုတယ်အဝင်ဝလမ်းကပင် ရွှေဝါရောင်ရှိသော ဝါးပင်တန်းကြီး၏အလှမှာ ကျွန်တော့်မျက်စိက ဘယ်တော့မှ မထွက်။ နှစ်ပေါင်းအတန်ကြာပြီးဖြစ်သော်လည်း ကျွန်တော် အမြဲမြင်နေ

သည်။ သတိရနေသည်။

မိသင်းနှင့် ဒီဟိုတယ်မှာပင် တည်းမည်။ နောက် မိသင်း ကျန်းမာရေးအခြေအနေပေါ်တွင် ကြည့်ပြီး တောင်ကြီး သွားမည်။

အင်းလေး သွားမည်။

နမ်းဆန် သွားမည်။

ဩော် . . . အဆင်ပြေလျှင် အမြောက်တပ်မှ သူငယ် ချင်း သောင်းမြင့်၊ မျိုးဝင်းနှင့် စောခင်စိုးတို့ရှိသော အောင်ဘန်း မြို့သို့လည်း ဝင်လိုက်ဦးမည်၊ ပင်းတယမှ ဘုရားများလည်း ဖူး လိုက်ဦးမည်။

ကျွန်တော် ကားနှင့်သွားရမည်လား။

လေယာဉ်ပျံနှင့် သွားရမည်လား။

ကျွန်တော့် အမ်ဂျီကားလေးနှင့် သွားလျှင် ရပ်ချင်ရာ ရပ်ပြီး လွတ်လွတ်လပ်လပ် သွားနိုင်သည်။ သို့သော် မိသင်း ပင်ပန်းမည်။

မဖြစ်နိုင်။

လေယာဉ်ပျံဖြင့်ပင် သွားရမည်။

ကျွန်တော် ယူဘီအေရုံးသို့ ပြေး၍ ရန်ကုန်မှ ဟဲဟိုးမြို့ သို့ လေယာဉ်ပျံလက်မှတ်နှစ်စောင် ဝယ်လိုက်သည်။ တကယ် တော့ ထိုအချိန်က ကျွန်တော့်ဘဏ်စာရင်းတွင် ငွေများများ မရှိပါ။ ငွေတစ်ထောင်ခန့်သာ ရှိပါသည်။ အရေးအကြောင်း ပေါ်လျှင် သုံးရန် လက်စောင့်ခြေစောင့် ချန်ထားရဦးမည်

ဖြစ်၏။

သို့သော် ကျွန်တော် ချန်မထား။ မိသင်း လတ်တလော စိတ်ချမ်းသာလျှင် ပြီးရောဟူသော သဘောဖြင့် မျက်စိမှိတ်၍ တစ်မိနစ်အတွင်း ဆုံးဖြတ်ပြီး ဝယ်ခဲ့ပါသည်။

× × ×

(၁၈)

"ဟော့ . . . ဒီစာအိတ်ထဲမှာ ဘာရှိလဲ . . . ပြောစမ်း၊ ခန့်မှန်းကြည့်စမ်း"

ကျွန်တော် ထိုညနေ အိမ်ရောက်ရောက်ချင်း ယူနီဖောင်းပင် မလဲနိုင်ဘဲ အိတ်ထဲမှ လေယာဉ်လက်မှတ်နှစ်စောင် ထည့်ထားသော စာအိတ်လေး ပုတ်ပြီး မိသင်းကို စ,လိုက်ပါသည်။

"ဘာလဲ . . . ထီလက်မှတ်မဟုတ်လား၊ ထီလက်မှတ်တော့ မလိုချင်ပါဘူး။ တို့ တစ်သက်လုံး ထီပေါက်မှာ မဟုတ်ဘူး။ ဟိုတလောက သွားကြည့်တဲ့ဗေဒင်ဆရာက ဟောထားတယ်"

"ထီလက်မှတ်မဟုတ်ဘူးကွ၊ တခြာ စဉ်းစားပါဦး"

"ဘာလဲ . . . ရုပ်ရှင်လက်မှတ်လား၊ ရုပ်ရှင်လည်း မကြည့်ချင်ပါဘူး"

"မင်းကလည်း သေသေချာချာ စဉ်းစားပြောစမ်းပါ၊ နည်းနည်းမှ မနီးစပ်သေးဘူး"

သူမသည် စက္ကန့်အနည်းငယ်ခန့် စဉ်းစားနေဟန်ဖြင့် ငြိမ်၍နေပြီး . . .

"သိပြီ . . . အရဲအဖေဆီက ဖိတ်စာလာပြန်ပြီလား"

"တော်စမ်းပါကွာ . . . ကြာလေ လွဲလေပဲ၊ ရော့ . . . ရော့ . . . ဖွင့်သာကြည့်တော့"

ကျွန်တော် သူမလက်ထဲကို စာအိတ်လေးထည့်ပေးလိုက်ပါသည်။ မိသင်းသည် ရုတ်ခြည်းပင် စာအိတ်လေးကို ဖွင့်ဖောက်လိုက်၏။

"ဟင် . . . လေယာဉ်ပျံလက်မှတ်တွေ . . . အို . . ရန်ကုန်က ဟဲဟိုးဆိုပါလား၊ အရဲ . . . ဒါ ဘယ်သူ့အတွက်တွေလဲ"

"ဘယ်သူ့အတွက်ရမှာလဲ . . . မင်းအတွက်ပေါ့ကွ၊ တို့နှစ်ယောက် မနက်ဖြန် ဟဲဟိုးသွားမယ်။ တောင်ပိုင်း ရှမ်းပြည်နယ်တစ်ခုလုံး လျှောက်လည်ကြမယ်"

ကျွန်တော်မှာ လက်ထဲက အင်္ဂလိပ်ဝတ္ထုစာအုပ်ကို စာရေးစားပွဲပေါ်တွင် သွားတင်ရင်း အေးဆေးစွာ ပြောလိုက်ပါသည်။ မိသင်း အဘယ်မျှ ဝမ်းသာသွားမည်ကိုလည်း ကျွန်တော်ရင်တွင်းမှ ကျိတ်တွေးနေမိ၏။

"ဟင် . . . တောင်ပိုင်းရှမ်းပြည်တစ်ခုလုံး လျှောက်လည်မယ်၊ အရဲ ရောက်ဖူးသားပဲ မဟုတ်လား။ တို့ကိုတောင်

မတိုင်ပင်ဘဲ ဘာဖြစ်လို့ သွားချင်ရတာလဲဟင် . . . ”

“ပျားရည်ဆမ်းခရီးလေကွာ၊ တို့ လက်ထပ်တုန်းက ပျားရည်ဆမ်းခရီး ကောင်းကောင်းမသွားလိုက်ရဘူး မဟုတ်လား၊ ခုမှ ဝအောင်သွားကြရအောင် . . . အနောက်တိုင်းမှာတော့ ဒုတိယပျားရည်ဆမ်းခရီးလို့ ခေါ်တယ်ပေ့ါ၊ ကလေးလည်း မရကြသေးဘူး မဟုတ်လား။ ခု ပျားရည်ဆမ်းခရီး ပြီးရင်တော့ ကလေးလည်း ရတော့မယ်ထင်တယ်”

ကျွန်တော့်ကိုယ် ကျွန်တော် အလွန်ဟန်ဆောင်ကောင်းသည်။ အညာကောင်းသည်ဟု ထင်သည်။ ကျွန်တော် ကြိုစဉ်းစားမထားဘဲ ခုမှ ရုတ်တရက် ပြောချလိုက်သည့်စကားများမှာ အလွန်ယုတ္တိရှိနေပါသည်။ ကျွန်တော့်စကားသံကလည်း နည်းနည်းမှ နဂိုသံမပျက်။

“အရဲ . . . ”

ကျွန်တော် မျှော်လင့်သလို သူမထံမှ တုံ့ပြန်မှု မရပါ။ သူမက ကျွန်တော့်နာမည်ခေါ်သံမှာ ကျွန်တော့်ရင်ထဲတွင် အေးစက်နေသလိုရှိ၏။ ချက်ချင်း သူ့မျက်နှာလေးကို လှမ်းကြည့်လိုက်မိသည်။

သူမ၏ နှုတ်ခမ်းလေးများမှာ တစ်ခုခုကို ရှင်းရှင်း ထုတ်ပြောချင်နေပုံရ၏။ မျက်လုံးလေးများမှာလည်း အလွန်ဝမ်းနည်းနေသည့်ဟန်များ အထင်းသားပေါ်နေသည်။

ထိုအဖြစ်ကို ကျွန်တော် သိပါသည်။ ကျွန်တော်သာ မြင်တတ်ပါသည်။ ကျွန်တော့်ရင်ထဲတွင် ထိုခံစားချက်မျိုး ဘာ

ကြောင့် ရုတ်ချည်းပေါ်လာရသည်ကို တခြားလူ သိအောင်လည်း ကျွန်တော် ဘယ်သို့မှ ပြန်မပြောတတ်။

မိသင်း၏ လျှို့ဝှက်ချက်များကို တစ်နည်းမဟုတ် တစ်နည်းဖြင့် သိသွားလေပြီ။

“အရဲ . . . တို့ ရှမ်းပြည် မသွားချင်ဘူး၊ ခုချိန်မှာ တို့ဘယ်မှမသွားချင်တော့ဘူး၊ အရဲ တို့အနားမှာ ရှိနေရင် ကျေနပ်ပြီ။ အရဲအတွက် တို့ ကလေးတစ်ယောက်လောက် မွေးမပေးသွားနိုင်တာ သိပ်ဝမ်းနည်းတာပဲ”

ကျွန်တော် ချက်ချင်း ငိုချင်၍လာသည်။ သူမလည်း ကျွန်တော်ကဲ့သို့ပင် ဘယ်အချိန်မှစ၍ ဟန်ဆောင်နေရသည်ကို ကျွန်တော် မတွေးတတ်။ ကျွန်တော်ကိုယ်တိုင်လည်း အပြစ်ရှိသလို ထင်လာမိသည်။

“မင်း အားလုံးသိထားပြီပေါ့”

“ဟုတ်တယ် . . . အရဲ သိပြီး နောက်တစ်နေ့မှာပဲ ဒေါက်တာ ဒေါ်မေမေအေးနိုင်ကို တို့ သွားတွေ့တယ်။ သူ တို့ကို အကုန်ပြောလိုက်ပြီ။ သူ မပြောရင်လည်း ခုချိန်လောက်ဆိုရင် တို့ဟာတို့ သိလာတော့မှာပဲ။ တို့ မကြောက်ပါဘူး အရဲ . . . တို့ အရဲအတွက်သာ ဝမ်းနည်းတယ်၊ ဒါကြောင့်လည်း တို့သိတာကို အရဲမသိအောင် နေခဲ့တယ်”

ကျွန်တော် သူမ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားပါသည်။ ဘာမှမလည်း မပြောတတ်တော့။

မိသင်းကို စိတ်ချမ်းသာစေချင်ပါသည်။ သူမ၏

နောက်ဆုံးအချိန်များကို အပျော်ဆုံးနေ့များ ဖြစ်စေချင်ပါသည်။

သို့သော် သူမ စိတ်ချမ်းသာမည့်စကားလုံးများကို ကျွန်တော် မရှာတတ်၊ မရွေးတတ်။

ကျွန်တော်တို့နှစ်ဦးလုံး ခေတ္တငြိမ်နေကြပါသည်။

ကျွန်တော် ငိုချလိုက်ချင်သည်။ သူလည်း ငိုချင်နေမည်မှာ မလွဲ။

ဘုရား . . . ဘုရား။ မိသင်း မငိုပါစေနှင့်။

ကျွန်တော် သူမကို မနှစ်သိမ့်တတ်တော့ပါ။

ကျွန်တော့်ကိုယ် ကျွန်တော် မထိန်းတတ်တော့ပါ။

ဒေါက်တာဒေါ်မေမေအုန်း ဘာကြောင့် မိသင်းကို ဖွင့်ပြောလိုက်ရသနည်း။ ကျွန်တော် ချက်ချင်း ပြေး၍ သွားမေးလိုက်ချင်သည်။ အို . . . မလိုဘဲ အကြောင်းမရှိဘဲ သူ ဖွင့်ပြောမည် မဟုတ်ပါ။

ဘုရား . . . အို . . . ဘုရားရှင် ကယ်ပါ။ မိသင်းကို ကယ်ပါ။ ကျွန်တော့်ကို ကယ်ပါ။

× × ×

(၁၉)

မိသင်း သိထားသည်ကို ပွင့်ပွင့်လင်းလင်း သိရသည်မှာ ကျွန်တော့်အဖို့ တစ်မျိုးတော့ ကောင်းပါသည်။ ကျွန်တော် ယခင်ကလို ဟန်ဆောင်နေရန် မလိုတော့။ ကျွန်တော် ယခင်နေ့များက နေ့စဉ် တပ်မှ အိမ်ပြန်ချိန်တန်လျှင် ရင်ထဲတွင် ကျပ်ကျပ်လာသည်။ မောမောလာသည်။

မိသင်းရှေ့တွင် တစ်ခုခု အိန္ဒြေပျက်သွားမည်ကို အမြဲစိုးရိမ်နေခဲ့၏။ ယခုတော့ ဟန်ဆောင်စရာ မလိုတော့။ ရင်ထဲရှိသော အစိုင်အခဲကြီးတစ်ခု ရှင်းသွားလေပြီ။

တကယ်တော့ မိသင်းမှာ ၂၄ နှစ်ကျော်။

ကျွန်တော်မှာ ၂၆ နှစ်ထဲ။

ကျွန်တော်တို့သည် အိမ်ထောင်သည်ဘဝတွင် ဆွေးနွေးစရာတွေ အများကြီးရှိသင့်၏။ မျှော်လင့်စရာတွေ အများကြီးရှိသင့်၏။

ယခု ကျွန်တော်တို့ ဘာကိုဆွေးနွေးမည်နည်း။ ဘာကို ပြောကြမည်နည်း။

"အရဲရယ် . . . ကိုယ့်ကိုကိုယ် အားတင်းစမ်းပါ"

မိသင်းက တစ်ခါတစ်ရံ ကျွန်တော့်ကိုပင် အားပေးလိုက်သေး၏။ ခက်ပါသည်။ အလွန်မှ ခက်လှပါသည်။ ကျွန်တော့်မှာ မိသင်းသိသွားပြီဟူသောအချက်ကို သိသည့်နေ့မှစ၍ ဟန်မဆောင်တတ်တော့။ ကြွေ့ကြွေ့ သိပ်ပျက်နေသည်။

တကယ်တော့ မိသင်းမှာ သေရမည့်သူ။ ကြွေ့ကြွေ့ပျက်ချင်းပျက် မိသင်းပျက်သင့်၏။ သို့သော် မိသင်းက မပျက်။ ကျွန်တော်ပျက်နေသည်။ မြင်းကမလှုပ်၊ ခုံကလှုပ် ဖြစ်နေသည်။

ကျွန်တော် မိသင်းကို ဤမျှချစ်သည်ကို ယခင်က မတွေးမိပါ။ မသိပါ။

ခက်ပြီ . . .

ခုမှ တကယ်ခက်ပြီ။

"တို့ တို့အဖေအတွက်တော့ သိပ်ပူတာပဲ . . . အရဲအတွက်တော့ တို့မပူဘူး၊ အရဲက လူငယ်၊ လူငယ်ဆိုတဲ့အတိုင်း အရဲဘဝမှာ မျှော်လင့်စရာတွေ အများကြီးရှိသေးတယ်။ တွတ်တွတ်အတွက် တို့ဟာ သူ့ဘဝပဲ . . . သူ အသက်ကြီးပြီ၊ တို့မရှိတဲ့နောက် သူ့ဘဝဟာ ဘယ်လောက် ခန်းခြောက်မလဲ၊ အရဲကတော့ တို့မရှိတဲ့နောက် အမြန်ဆုံးသာ မိန်းကလေးတစ်ယောက်ယောက်ကို လက်ထပ်ပစ်လိုက်၊ သေသွားတဲ့လူကို လွမ်းဆွေးနေတာ ဘာမှ အဓိပ္ပါယ်မရှိဘူး"

"ကိုယ် လက်မထပ်ချင်တော့ပါဘူး။ မင်းလည်း ဒေါက်တာ ဒေါ်မေမေအုန်းပြောသလို အတိအကျဖြစ်မယ်လို့ မပြောနိုင်သေးပါဘူး။ ကိုယ့်စိတ်ထဲမှာ တစ်မျိုးပဲ။ ဒီလိုတစ်မျိုးပဲ ဖြစ်နေရင် ကိုယ်ထင်တာ ဖြစ်လာတတ်တယ်။ မင်း တစ်နည်းနည်းနဲ့ အသက်ရှင်မှာပါ။ နှစ်ပေါင်းအကြာကြီး ကိုယ်နဲ့အတူ နေရဦးမှာပါ"

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ညာပါသည်။ မိသင်းကို ညာပါသည်။ ဖြစ်နိုင်လျှင် ကျွန်တော် ညာနေသလိုသာ မိသင်းကို ဖြစ်လာစေချင်ပါသည်။

မိသင်း၏ ကျန်းမာရေးမှာ ယနေ့အထိ ဘာမှ ထူးခြားမှုမရှိသေးပါ။ အိမ်မှ သူမ၏တာဝန်ဝတ္တရားများကိုလည်း ဘာမှ မပျက်သေး။ နေ့စဉ် လုပ်နေကျအတိုင်း လုပ်နေသည်။

ကျွန်တော်က သူ့ကို ဘာမှမလုပ်စေလိုတော့ပါ။ သို့သော် မရ။ ကျွန်တော် ဝိုင်းကူလုပ်လျှင်လည်း သူ မကြိုက်။ ယောကျ်ားအလုပ် မဟုတ်ဟုဆိုကာ ကျွန်တော့်ကို တားမြစ်သည်။ စန္ဒရားကိုလည်း ယခင်ကကဲ့သို့ပင် ညဦးတိုင်း မှန်မှန်တီးပါသည်။ သူ့လက်သံမှာ ပို၍ ညက်လာသလို၊ နူးညံ့လာသလို ရှိ၏။

တစ်နေ့ ညဦးပိုင်းတွင် ဖြစ်၏။

မိသင်းသည် ည (၇)နာရီမထိုးမီကပင် စန္ဒရားခုံတွင် ဝင်ထိုင်ပြီး စန္ဒရားတီးနေသည်။ သူတီးနေသော သီချင်းကို ကျွန်တော် နားမလည်ပါ။ ဂျာမန်ဂီတပညာရှင်ကြီး 'ဘီသိုဗန်'

၏ စမ်းချောင်းကလေးတစ်ခုမှ ရေကျသံများကို ဖွဲ့နွဲ့ထားသော သီချင်းဟု ဆိုပါသည်။ မိသင်းမှာ ဂျာမန်ဂီတပညာရှင်ကြီး 'ဘီသိုဗန်'၏ သီချင်းများကို အလွန်ကြိုက်ပါသည်။ 'ဘီသိုဗန်' ၏ ဂီတသံတစ်ခု တစ်ခုစီတိုင်းတွင် ဝိညာဉ်လေးများက တစ်ခုစီ တွယ်ကပ်နေသည်ဟု ကျွန်တော့်ကို မကြာခဏ ပြောဖူးသည်။ ကျွန်တော်မှာ အနောက်တိုင်း ခေတ်ပေါ်သီချင်းများသာ အနည်းငယ် နားယဉ်သလို ရှိသည်။ သူတို့၏ ခေတ်ဟောင်း ဂန္ထဝင်တေးသွားကို လုံးဝ ခံစားတတ်သည်မဟုတ်။ မိသင်း မကြာခဏပြောတတ်သော ဘတ်၊ ဘီသိုဗန်၊ ဗရမ်း၊ ရှူးဗတ်၊ တော်စကာနီနီ၊ မိုဇက်၊ ဟင်ဒယ်နာ အစရှိသည့် ကမ္ဘာကျော် ဂီတပညာရှင်ကြီးများ၏ နာမည်ကိုပင် ကြားဖူးသည်မဟုတ်ပါ။

ထိုညက မိသင်း တီးသံမှာ ထူးခြားနေသည်။ ၁၅ မိနစ်လောက် တီးလိုက်၊ ရပ်လိုက်၊ ၁၀ မိနစ်လောက် တီးလိုက်၊ ရပ်လိုကနှင့် ဘာကြောင့် ပြတ်ပြတ်သွားသည်ကို ကျွန်တော် မသိ။ ခါတိုင်း ထိုသို့ တီးလေ့မရှိပါ။ တစ်ခါတစ်ရံ အကြောင်း တစ်ခုခုကြောင့် ကျွန်တော် လှမ်းခေါ်၍ ခေတ္တရပ်လိုက်ရလျှင်ပင် သူ မကြိုက်။ သူ့သီချင်းတော့ ကျိုးသွားပါပြီဟု ကျွန်တော့်ကို အပြစ်တင်တတ်ပါသည်။ ယနေ့ည ဘာကြောင့် ရပ်ပစ်နေရသနည်း။ ကျွန်တော့်မှာ အိပ်ရာပေါ် ပက်လက်လှဲ၍ အင်္ဂလိပ် သတင်းမဂ္ဂဇင်းတစ်ခုကို ဖတ်နေရာမှ မိသင်း၏ ထူးခြားချက်ကို မကြာခဏ သတိထားနေမိပါသည်။

(၈)နာရီထိုးခါနီးရောက်လျှင် မိသင်း စန္ဒရားသံ ရပ်

သွားသည့်နှုန်းမှာ ပို၍များလာသည်။ တစ်ခါတစ်ရံ ၁၀ မိနစ် ခန့်ပင် ဘာသံမှ မကြားရ။ ငြိမ်၍နေသည်ကို ကျွန်တော် သတိ ထားမိ၏။

နောက်ဆုံး ကျွန်တော် မနေနိုင်တော့။ ဖတ်လက်စ မဂ္ဂဇင်းကို အသာ အိပ်ရာပေါ်တွင်ချပြီး မိသင်းရှိရာ စန္ဒရား ခုံသို့ ထွက်လာခဲ့သည်။

မိသင်းမှာ စန္ဒရားခုံပေါ်တွင် လက်ထောက်၍ ခလုတ် ဖြူဖြူလေးများကို ငေးစိုက်ကြည့်နေ၏။ ကျွန်တော် သူမ၏ ပခုံး လေးတစ်ဘက်ပေါ်သို့ လက်တစ်ဘက်တင်လိုက်ပါသည်။

"သင်း . . . နေကောင်းရဲ့လား"

ကျွန်တော် 'သင်း' ဟု ယခင်က တစ်ခါမျှ မခေါ်ဖူးပါ။ ထိုညက ဘာကြောင့် ခေါ်လိုက်သည်ကို ကျွန်တော်မသိ။

"အရဲ . . . ဒီည မော်တော်ကား မရှိဘူးနော်"

"ဟုတ်တယ်လေ . . . ရေလည်အုံပျက်နေလို့ ဝပ်ရှော့ ပို့ထားတယ်လေ။ မနက်ဖြန်ညနေ ရမှာပါ . . . ဘယ်သွား ချင်လို့လဲ"

"ဒါဖြင့် အငှားကားတစ်စီး သွားရှာကွယ်၊ ကိုယ် ဆေးရုံ သွားချင်တယ်"

ကျွန်တော့်ဦးနှောက်ထဲတွင် ဝုန်းခနဲ မိုးကြိုးပစ်သံကို ကြားလိုက်ရသကဲ့သို့ ဖြစ်သွားပါသည်။ ရုတ်တရက် ဘာမှ မပြောတတ်။ ခုမှ မိသင်းမျက်နှာကို အသေအချာကြည့်လိုက်မိ သည်။ ယခင် သွေးရောင်အမြဲသန်းနေသော သူ့ပါးမို့မို့လေးများ

မှာ ယခု ဖွေးဖွေးဖြူနေသလိုရှိ၏။ ဒေါက်တာ ဒေါ်မေမေအုန်း ကြိုပြောထားသလို သွေးဆုတ်စပြုနေပြီလား၊ ဘုရား . . . ဘုရား၊ မဟုတ်ပါစေနဲ့၊ မမှန်ပါစေနဲ့၊ လွဲပါစေ၊ ဖယ်ပါစေ။

"သင်း . . . ဘယ်လိုဖြစ်နေလဲ၊ ကိုယ့်ကိုပြောစမ်းပါဦး"

"အရဲ မသိချင်စမ်းပါနဲ့ . . . ကားသာ သွားရှာကွယ်၊ တို့ကိုယ်တို့ သိပါတယ်"

ကျွန်တော် သူမ မပြောချင်သည်ကို ဘာမှ ဆက်မမေး တော့ပါ။ အငှားကားရှာရန်သာ အိမ်ပေါ်မှ ပြေးဆင်းသွားပါ တော့သည်။

ည (၈)နာရီခွဲအချိန် မင်္ဂလာဒုံလမ်းမပေါ်တွင် အငှား ကား ရှာရသောအလုပ်မှာ လွယ်ကူသောအလုပ် မဟုတ်ပါ။ မင်္ဂလာဒုံလမ်းမှာ အလွန်လူပြတ်သောလမ်း၊ အလွန် အသွား အလာနည်းသောလမ်းဖြစ်၏။ ကျွန်တော် မိသင်းကို အမြန်ဆုံး ဆေးရုံသို့ ပို့ချင်သည်။ အမြန်ဆုံး သူခံနေရသော ဝေဒနာကို သက်သာသွားစေချင်သည်။

ကျွန်တော်သည် ကားအသွားအလာ လုံးဝမရှိသော မင်္ဂလာဒုံလမ်းမကြီးကို ငေးကြည့်နေသည်။ လျှပ်စစ်မီးရောင် ထိန်ထိန်ကြောင့် လမ်းမကြီးမှာ နေ့အချိန်ကဲ့သို့ပင် မျှော်မဆုံး မြင်တွေ့နေရ၏။

အငှားကား . . . ။

အငှားကားကို လူ ဉာဏ်မျှပြတ်သောလမ်းတွင် ကျွန်တော် ဘယ်သို့ ရအောင်ရှာရမည်နည်း။

ကျွန်တော် ရုတ်ခြည်း မင်္ဂလာဒုံလေယာဉ်ကွင်းမှ အငှားကားစခန်းကို သတိရသည်။ မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် ကျွန်တော်တို့အိမ်မှာ မဝေးလှ။ မဝေးလှဟုဆိုသော်လည်း နီးလှသည်မဟုတ်။ နှစ်မိုင်ကျော်ခရီးကို မိနစ် ၂၀ ခန့်အတွင်း အရောက်လျှောက်သွားခဲ့သည်။ တကယ်တော့ လျှောက်သွားသည်ဟု ဆိုသော်လည်း ပြေးသွားသည်နှင့် မခြားပါ။ လေဆိပ် အငှားယာဉ်စခန်းသို့ ရောက်သောအခါ၌ ကျွန်တော့်တစ်ကိုယ်လုံးမှာ ချွေးပြန်နေလေပြီ။

ကံကောင်းလှပါသည်။ အလွန်မှပင် ကံကောင်းလှသည်ဟု ဆိုချင်ပါသည်။

လေဆိပ်တွင် ရှားရှားပါးပါး အငှားကားတစ်စီးသာ ကျန်၏။ ကျွန်တော်သည် ထိုကားကိုခေါ်ပြီး မိသင်းရှိရာသို့ အမြန်ဆုံး ပြန်လာခဲ့ပါသည်။

ကျွန်တော် အိမ်ပြန်ရောက်ချိန်၌ မိသင်း အဆင်သင့်ပြင်ထားလေပြီ။

"ဘယ်သွားရမလဲ ဆရာ"

"မြို့ထဲက အမေရိကန် ဆေးရုံကို မောင်း"

မိသင်းမှာ ကျွန်တော့်စကားကြောင့် အံ့သြသွားဟန်ရှိ၏။ ရုတ်တရက် ကျွန်တော့်မျက်နှာကို မော်ကြည့်လိုက်ပါသည်။ မှန်သည်။ သူမစိတ်တွင် သူမကို ကျွန်တော်တို့အိမ်နှင့် အနီးအနားတွင်ရှိသော စစ်ဆေးရုံသို့ ပို့မည်ဟု ထင်ထားဟန်ရှိ၏။ ယခု မဟုတ်။ အမေရိကန်ဆေးရုံကို ပို့နေသည်။

ကျွန်တော့်ရင်ထဲတွင် မူလကပင် ရည်ရွယ်ချက်ရှိပါသည်။ မိသင်းကို မြန်မာနိုင်ငံတွင် ပြုစုမှုအကောင်းဆုံး ဆေးရုံကို ပို့ပြီးကုချင်သည်။

အမေရိုကန်ဆေးရုံမှာ ထိုခေတ်ထိုအချိန်က မြန်မာနိုင်ငံတွင် ပြုစုကုသမှုအကောင်းဆုံး ဆေးရုံဖြစ်၏။

ဆေးရုံသန့်သည်။

ဆေးစုံသည်။

ပတ်ဝန်းကျင် လှသည်။

ကျွန်တော်သည် မိသင်းကို ဆေးရုံတွင်ထားပြီး ဘယ်လောက်ငွေကုန်ကုန် အကုန်ခံ၍ကုမည်ဖြစ်၏။

အငှားကားလေးသည် အရှိန်ပြင်းစွာနှင့် ရန်ကုန်ဘက်ကို မောင်းနေသည်။ ၉ မိုင်လမ်းဆုံသို့ ရောက်ပြီ။ လမ်းဘယ်ဘက်တွင်ရှိသော ဂေါက်ကွင်းကြီးမှာ မှောင်ကြီးမည်းမည်းတွင် ရပ်တည်လျက်ရှိ၏။

မိသင်းမှာ ကျွန်တော့်ဘေးတွင် ငြိမ်၍ ထိုင်နေသည်။ သြော် . . . ဒီလမ်းတွင် မိသင်းနှင့် ကျွန်တော် ဒီဘဝတွင် နောက်ဆုံး ယှဉ်တွဲ၍ သွားကြခြင်းပင်မဟုတ်လော။ ထိုအတွေးဝင်လာလျှင် ကျွန်တော့်ရင်ထဲတွင် ချက်ချင်း ဆို့နင့်၍လာပြန်သည်။

"ဟော့လူ . . . မြန်မြန်မောင်းဗျာ"

တစ်နာရီ မိုင်ငါးဆယ်ကျော်နှုန်းဖြင့် မောင်းနေသော ကားကိုပင် ကျွန်တော့်စိတ်ထဲက နှေးနေသည်ဟု ထင်မှတ်ပြီး

ကားမောင်းသမားကို လှမ်းပြောလိုက်မိ၏။

"ဟုတ်ကဲ့ခင်ဗျ . . . စိတ်ချပါ၊ ကျွန်တော် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်အတွင်းမှာ ဆေးရုံရှေ့ရောက်အောင် မောင်းပေးပါ့မယ်။ ဆရာတို့ ပထမဆုံးကလေးလား"

ဟင် . . . ငိုအားထက် ရယ်သားသန်နေပြန်ပြီ။ အမေရိကန်ဆေးရုံမှာ မီးဖွားသည့်ဝေဒနာသည်များသာ အသွားများတတ်သည့် ဆေးရုံဖြစ်၍ ကားမောင်းသမားသည် မိသင်း ဗိုက်နာ၍ ကျွန်တော် ကလေးမွေးရန် လိုက်ပို့နေရသည်ဟု ထင်နေဟန်ရှိ၏။ ဩော် . . . ကြုံမှ ကြုံရတတ်လေစွ။

ဆေးရုံရောက်လျှင် တာဝန်ကျဆရာဝန်နှင့် ချက်ချင်းတွေ့ခွင့်ရပါသည်။ ဆရာဝန်မှာ အမေရိကန်လူငယ်တစ်ဦးဖြစ်၏။ အသက် သုံးဆယ်ပင် ပြည့်ဟန်မရှိသေး။ သူသည် မိသင်း၏ဝေဒနာကို စမ်းသပ်၍ သိလိုက်သည်နှင့် ချက်ချင်းဆေးရုံတင်ရန် ပြင်ဆင်တော့သည်။

ဆယ်မိနစ်ခန့်ပအတွင်းပင် မိသင်း နေရမည့်အခန်းကို သူနာပြုဆရာမနှစ်ဦး တွဲခေါ်သွားကြ၏။

ဆရာဝန်သည် သူနာပြုဆရာမများနောက်မှ ဆေးပစ္စည်းများကိုင်၍ လိုက်သွား၏။ ကျွန်တော် ဆရာဝန်နောက်မှ ကပ်လိုက်သွားပါသည်။

မိသင်းအခန်းဝရောက်လျှင် ကျွန်တော် ဆက်မလိုက်သွားတော့။ အခန်းဝမှပင် ကျောက်ရုပ်ကြီးလို ငြိမ်၍ ရပ်စောင့်နေပါသည်။

ငါးမိနစ်ခန့်ကြာလျှင် ဆရာဝန် ပြန်ထွက်လာ၏။

"ခင်ဗျား သူ့ရောဂါကို ကြိုသိထားပါတယ်နော် . . . "

သူ့အင်္ဂလိပ်စကားမှာ အနောက်အလယ်ပိုင်းအသံဝဲနေသည်။ ကျွန်တော် ကောင်းစွာနားမလည်ပါ။ မနည်းကြိုးစား၍ နားထောင်ရပါသည်။

"ဟုတ်ကဲ့ . . . သိပါတယ်"

သူသည် အနည်းငယ် စဉ်းစားသလိုလုပ်နေပြီး . . .

"သူ့သွေးထဲမှာ သွေးဖြူဥဆဲလ်တွေ သိပ်များနေတယ်၊ ကျွန်တော် 'အင်တီအက်တာဘောလစ်' ဆေးတွေ ထိုးပေးမလို့၊ သူ လက်မခံဘူးဗျ။ မထိုးနဲ့လို့ ပြောနေတယ်"

"ဘာလဲဗျ . . . 'အင်တီအက်တာဘောလစ်' ဆေးတွေဆိုတာက"

"သွေးထဲက များနေတဲ့ ဆဲ(လ်)တွေကို ဖျက်ဆီးပစ်နိုင်တဲ့ ဆေးပါ၊ ဒီဆေးထိုးပြီးရင် လူနာတော့ အခံရခက်တဲ့ဝေဒနာနည်းနည်းခံရတယ်။ ခင်ဗျားဇနီးက ဒီအကြောင်းသိနေတယ်ထင်တယ် . . . ဒီဆေးတွေ မထိုးချင်ဘူးတဲ့၊ သူ သက်သောင့်သက်သာနဲ့ နေနိုင်အောင်သာ လုပ်ပေးဖို့ ပြောနေတယ်"

"သူပြောသလိုရော လုပ်ပေးလို့ရလား"

"ရပါတယ် . . . အကိုက်အခဲပျောက်ကဆေးတို့၊ ပက်သာဒင်းတို့ ထိုးပေးရုံပဲပေါ့၊ ဒါပေမဲ့ အဲဒီဆေးတွေက သူ့မှာ များနေတဲ့ ဆဲ(လ်)တွေကို ဖျက်ဆီးပစ်ပေးမှာမဟုတ်တော့ သူ သိပ်အသက်ရှည်ရှည်နေရတော့မှာ မဟုတ်ဘူး"

“ဒေါက်တာ . . . ကျွန်တော် တောင်းပန်ချင်ပါတယ်။ သူပြောသလိုသာ လုပ်ပေးပါ၊ သူ စိတ်ချမ်းသာမယ်ဆိုသလို သာ ထားပါ၊ နောက်တစ်ခုက ကျွန်တော် ငွေဘယ်လောက် ကုန်ကုန် အကုန်ခံနိုင်ပါတယ်။ အထူးခန်း ထားပေးပါ။ အထူး သူနာပြုဆရာမနှစ်ယောက် ချပေးပါ”

“ခင်ဗျားဇနီးက ချက်ချင်း ကွယ်လွန်ဦးမှာ မဟုတ်ဘူး နော် . . . တစ်ပတ်နှစ်ပတ်လည်း ကြာချင်ကြာဦးမယ်၊ တစ်လ လည်း ကြာချင်ကြာဦးမယ်”

“အို . . . ဘယ်လောက်ကြာကြာပါ ဒေါက်တာ . . . ကျွန်တော့်မှာ အကုန်ခံနိုင်တဲ့အခြေအနေ ရှိပါတယ်။ သူ စိတ် ချမ်းသာတဲ့ အတိုင်းအသာ အကောင်းဆုံး ထားပေးပါ”

× × ×

(၂၀)

နောက်တစ်နေ့တွင် ကျွန်တော် အဖေ့ထံသို့ သွားပါသည်။

အဖေ့ထံသို့အသွား မင်္ဂလာဒုံမှ ရန်ကုန်ခရီးတွင် ကျွန်တော် ကားမောင်းသွားသည့်ဟန်မှာ ကျောင်းသားဘဝကထက်ပင် ရမ်းနေပါသည်။ ကျွန်တော် ယခင်က တစ်ကြိမ်တစ်ခါမှ မင်္ဂလာဒုံနှင့် ရန်ကုန်ကို ဆယ်မိနစ်အတွင်း ရောက်အောင် မမောင်းဖူးပါ။ ယနေ့ ကျွန်တော် မင်္ဂလာဒုံအိမ်မှ ထွက်၍ ရှစ်မိုင်လမ်းဆုံနားမှ အဖေ့အိမ်ဝရောက်သည်အထိ (၇)မိနစ်တိတိပင် ကြာ၏။

အိမ်သို့ရောက်လျှင် အဖေ့ရုံးခန်းသို့ တန်းသွားပါသည်။ ရုံးခန်းဝရောက်လျှင် အဖေ့အတွင်းရေးမှူး ဒေါ်ဝေဝေအေးနှင့် တွေ့ပါသည်။

“အဖေ ရှိလား”

"ရှိတယ်"

ထိုမျှသာ သူမကိုမေးပြီး ကျွန်တော် ရုံးခန်းတံခါးကို တွန်း၍ အဖေ့အခန်းထဲဝင်လိုက်သည်။ အဖေသည် သဲသဲမဲမဲ အမှုတွဲတစ်ခုကို ဖတ်လျက်ရှိ၏။ သူ့မျက်နှာမှ အသားအရေမှာ ယခင်ကကဲ့သို့ တင်းမနေပါ။ ဆံပင်မှာလည်း အနည်းငယ်ဖြူလာသလိုလို။ ဪ . . . အဖေနှင့် ကျွန်တော် မမြင်ရသည့် သုံးနှစ်ကျော်အချိန်အတွင်း အဖေ တော်တော် အိုသွားပါလား။

ကျွန်တော်သည် အဖေ့အမှုသည်များ ထိုင်လေ့ရှိသော အဖေ့စားပွဲရှေ့မှ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ အဖေ့စားပွဲနောက်တွင် ကျွန်တော့်မိခင် ဓာတ်ပုံကြီးကို လှပစွာ ချိတ်ဆွဲ၍ထား၏။ အမေ့ပုံဘေးတွင် ကျွန်တော့်ပုံတစ်ပုံကိုလည်း ချိတ်ဆွဲထားသည်။ ကျွန်တော့်ကို မေ့ဟန်မရှိသေး။

ဪ . . . အဖေနှင့် ကျွန်တော် မမြင်ရသည့် သုံးနှစ်ကျော် အချိန်အတွင်း အဖေ တော်တော်အိုသွားပါလား။

အဖေသည် အမှုတွဲကို ဖတ်နေရာမှ စာဖတ်မျက်မှန်ကို မျက်စိအပေါ် မြှင့်တင်ပြီး ကျွန်တော့်ကို မော်ကြည့်လိုက်၏။

"သားပါလား . . . "

ကျွန်တော့်ကို မြင်လျှင် အနည်းငယ်လည်း အံ့သြဟန်ရှိပါသည်။ ကျွန်တော် ရုတ်တရက် ဘာမှပြန်မနှုတ်ဆက်မိသေးပါ။

"သားဇနီးရော နေကောင်းလား"

"ကောင်းပါတယ်"

ကျွန်တော် မိသင်းရောဂါကို အဖေနှင့် ဘာမှ မတိုင်ပင်လိုပါ။ ဘာမှ မပြောချင်ပါ။ ယခု အဖေ့ထံလာရခြင်းပင် မလွှဲသာလွန်းလို့ လာရခြင်းဖြစ်၏။ ကျွန်တော် ဤအပြုအမူအတွက်လည်း ကိုယ့်ကိုကိုယ် ခွင့်လွှတ်ရန် တစ်သက်လုံး မည်သို့ကြိုးစားရဦးမည် မသိ။

'အဖေ . . . ကျွန်တော် အဖေ့ဆီလာတာ အရေးကိစ္စတစ်ခုရှိလို့ပါ"

"ဆို . . . "

ကျွန်တော် ပြတ်ပြတ်ပြောသလို အဖေကလည်း ပြတ်ပြတ်ပြန်ပြောလိုက်၏။

"ကျွန်တော့်ကို ငွေတစ်သောင်းချေးပါ၊ ကျွန်တော် တစ်နေ့ ပြန်ဆယ်ပါ့မယ်"

"ဟင် . . . သား ဘာလုပ်ဖို့ . . . "

"ဘာလုပ်ဖို့ဆိုတာလည်း မမေးပါနဲ့ . . . ကျွန်တော် တောင်းပန်ပါတယ်"

အဖေ ကျွန်တော့်ကို ဘာမှပြန်မပြောတော့။ ဘာမှဆက်မမေးတော့။ အနည်းငယ်စဉ်းစားသလိုလို ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်နေပြီး တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် သူ့အံဆွဲအတွင်းမှ 'ချက်'စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်ပါသည်။

ထို့နောက် ချက်စာအုပ်ကို တစ်ရွက်ချင်းလှန်ပြီး ငွေတစ်သောင်းကို ရေး၍ လက်မှတ်ထိုးလိုက်ပါသည်။ လက်မှတ်ထိုးပြီးတော့လည်း ကျွန်တော့်ကို ချက်ချင်းမပေးသေး။ မင်နှိပ်တစ်ခုကို လှမ်းယူပြီး ချက်စာရွက်ပေါ်မှ မင်များ ခြောက်အောင်ပြုပြီးမှ . . .

"ရော့ . . . သား၊ မင်း ဒါပဲလိုချင်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

ကျွန်တော် ချက်စာရွက်ကို လှမ်းယူလိုက်သည်။ ငွေတစ်သောင်း။ ကျွန်တော့် ဘဏ်စာရင်းကို အဖေ လွှဲပေးသော ငွေတစ်သောင်းဖြစ်၏။ ဤငွေတစ်သောင်းဖြင့် မိသင်းကို သူကွယ်လွန်သည့်အချိန်အထိ ကျွန်တော် ကောင်းစွာ ထားနိုင်လေပြီ။

"ကျွန်တော် သိပ်ကျေးဇူးတင်တာပဲ အဖေ"

ကျွန်တော် ထိုမျှသာပြောပြီး အဖေ့ရုံးခန်းမှ ထွက်ခဲ့ပါသည်။

× × ×

(၂၁)

မိသင်းအဖေ တွတ်တွတ်ကို အကြောင်းကြားရန် အချိန်သင့်ပေပြီ။

တွတ်တွတ်သည် မိသင်းသတင်းကို အပြည့်အစုံကြားလျှင် သူ့နှလုံးသား တစ်စစီဖြစ်အောင် ပူဆွေးလိမ့်မည်ဟု ကျွန်တော်ထင်ခဲ့၏။ သို့သော် ကျွန်တော်ထင်သလို မဖြစ်ပါ။ တွတ်တွတ်မှာ ကျွန်တော့်ထက် တရားရှိပါသည်။ သူ့ကိုယ်သူ ထိန်းတတ်ပါသည်။

တွတ်တွတ်သည် မိသင်းသတင်း အပြည့်အစုံကြားပြီးနောက် ရန်ကုန်သို့ ချက်ချင်း ဆင်းခဲ့သည်။ ကျွန်တော့်အိမ်လေးတွင်ပင် ကျွန်တော်နှင့်အတူ လာနေသည်။ တွတ်တွတ်လာနေသဖြင့် ကျွန်တော့်အဖို့ အဆင်ပြေသည်။ မိသင်းရှိစဉ်က လုပ်သော အိမ်မှုကိစ္စများကို တွတ်တွတ်က မိသင်းကိုယ်စား ကျွန်တော့်ကို ကူလုပ်ပေးသည်။

အိမ်တွင် ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စကားများများ မပြော။ ပြောစရာလည်း မရှိ။ ကိုယ့်သောကကို ကိုယ်ကြိုးစားထိန်းနေရသည် မဟုတ်လား။ အိမ်တွင် တွတ်တွတ် အလုပ်လုပ်နေသည်ကိုမြင်လျှင် ကျွန်တော့်မှာ သူ့ကိုငေးကြည့်နေပြီး သူ့အတွက် ဝမ်းနည်းလှ၏။

အို . . . ဘုရားရှင်၊ တွတ်တွတ်ကိုလည်း ကယ်မ,ပါ။

တကယ်တော့ တွတ်တွတ်ကို ကျွန်တော် ဘာမှ မလုပ်စေချင်ပါ။ အေးအေး နေစေချင်ပါသည်။

သို့သော် လူတစ်ယောက်ယောက်သည် ရင်ထဲ၌ သောကများနေသည့်အချိန်၌ အလုပ်တစ်ခုခု လုပ်နေလျှင် စိတ်ငြိမ်သည်ဟု အဆိုရှိ၏။ တွတ်တွတ်သောကကို အေးငြိမ်းနေစေချင်ပါသည်။

ထို့ကြောင့် အိမ်တွင် သူက ဘာလုပ်နေနေ၊ ကျွန်တော် မတား။ ကျွန်တော် ငေး၍သာ ကြည့်နေခဲ့ပါသည်။

မိသင်း ဆေးရုံတက်သည့်အချိန်မှစ၍ ကျွန်တော် တပ်မှ ခွင့်တစ်လယူထားပါသည်။ တပ်တွင်လည်း ထိုအချိန်က ကျူးကျော်သူ တရုတ်ဖြူတပ်များကို အပြီးသတ် ချေမှုန်းနေချိန်ဖြစ်၍ လေသူရဲများ အလုပ်များလှဘိ၏။ လုံးဝ မအားကြ။

ထို့ကြောင့်လည်း ကျွန်တော် ခွင့်တစ်လ သွားတင်ချိန်၌ တပ်မှူးက မပေးချင်။ အင်တင်တင်လုပ်နေသည်။

သို့သော် ကျွန်တော်က ခု ခွင့်တစ်လ မရလျှင် တပ်မှ ချက်ချင်းထွက်တော့မည်ဟု ပြောလိုက်သဖြင့် အဘိုးကြီးက

မပေးချင်ပေးချင်နှင့် ကျွန်တော့်ကို ပေးလိုက်ရသည်။

ကျွန်တော် ညနေတိုင်း ဧည့်လာချိန်များတွင် မိသင်း ဘေးတွင် ငုတ်တုတ်ထိုင်နေတတ်သည်။ မိသင်း ဆေးရုံတက် သည့်နေ့မှစ၍ ကျွန်တော်တို့ စကားများများ မပြောဖြစ်ကြ တော့။

မိသင်း ကျန်းမာရေးကလည်း စကားများများ ပြောနိုင် ရန် ခွင့်မပေး။ ဆေးရုံကုတင်ပေါ်တွင် လှဲလျောင်း၍ မျက်လုံး လေး မှေးနေသော မိသင်းမျက်နှာလေးကို ငေးကြည့်ရင်းသာ ငုတ်တုတ်ထိုင်နေရသည်။

တွတ်တွတ်မှာမူ မိသင်းအခန်းတွင်း၌ များများမနေ၊ အခန်းအပြင်ဘက်၌သာ အနေများသည်။

တစ်နေ့ညနေ မိသင်း တွတ်တွတ်ကို အခန်းတွင်းသို့ ခေါ်ခိုင်းပါသည်။

"အရဲ . . . အပြင်ခဏထွက်နေ၊ တံခါးကို ပြန်ပိတ် ထားလိုက်"

ကျွန်တော် အခန်းပြင်သို့ ဖြည်းညင်းစွာ ထွက်လာပါ သည်။ တံခါးကိုလည်း သူမ၏ ဆန္ဒအတိုင်း စေ့ထားပေးလိုက် ၏။

ကျွန်တော် ထွက်လာချိန်တွင် တွတ်တွတ်သည် သူမ၏ ဘေးတွင် ကိုင်းကိုင်းကြီး ရပ်နေပါသည်။

၁၀ မိနစ်ခန့်ကြာလျှင် တွတ်တွတ် ပြန်ထွက်၍လာ၏။ သူ့လက်တစ်ဘက်တွင် မိသင်း အမြဲ ဝတ်ထားလေ့ရှိသော

ကြုတ်ကလေးပါသည့် ဆွဲကြိုးလေးကို ကိုင်ထား၏။ ထိုဆွဲကြိုးမှာ မိသင်းအမေ ဝတ်ခဲ့သော ဆွဲကြိုး။ မိသင်း ကျွန်တော်နှင့်အတူ အိပ်စဉ်မှာပင် မချွတ်ဘဲ အမြဲ အမှတ်တရ ဝတ်ထားသော ဆွဲကြိုး။ ယခုတော့ သူ့အဖေကို ပြန်ပေးလိုက်ပြီ။

တွတ်တွတ် ထွက်လာလျှင် ကျွန်တော် မိသင်းအခန်းသို့ ဝင်သွားပါသည်။ မိသင်း မျက်နှာမှာ ယနေ့ အနည်းငယ် လန်းလာသလိုရှိ၏။ ကျွန်တော် သူမ လှဲအိပ်နေသော ကုတင်ပေါ်တွင်ပင် သူ၏ကိုယ်နှင့်ထိ၍ ကပ်ထိုင်ချလိုက်၏။

"အရဲ မျက်နှာကြီးကို ကြည့်ရတာ အမြဲမှောင်ကုပ်နေတာပဲ . . . လန်းလန်းဆန်းဆန်း ထားစမ်းပါ၊ တို့ ခု ဝေဒနာဘာမှ မခံရဘူး၊ နေရတာ သိပ်သက်သာတာပဲ။ ခု နေရတာဘာနဲ့တူလဲ သိလား။ အိပ်မက်ထဲမှာ တစ်ခါတစ်လေ ချောက်ကမ်းပါးကြီးထိပ်က ပြုတ်ကျသွားတဲ့အခါ ခံစားလိုက်ရသလိုပဲ"

ကျွန်တော့်စိတ်ထဲမှာ ငိုချင်လာသည်။ ကျွန်တော့်နှလုံးသားထဲမှာ အားတစ်ခုခုသည် ကျွန်တော့်ကို ငိုချင်လာအောင် ဖန်တီးနေသလိုလို ရှိသည်။

မငိုဘူး၊ ငါ မငိုဘူး။

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ကြိုးစားအားတင်းထားလိုက်သည်။

"အရဲ . . . တို့ပြောတဲ့ ချောက်ကမ်းပါးကြီးပေါ်က ပြုတ်ကျသွားတဲ့ အိပ်မက်မျိုး မက်ဖူးလားဟင် . . ."

ကျွန်တော် ဘာမှ ပြန်မပြော။ ပြုံးသာပြုံး၍ ခေါင်း

ညိတ်ပြလိုက်ပါသည်။

အမှန်တော့ ငယ်ငယ်တုန်းကသာ ထိုအိပ်မက်မျိုး ကျွန်တော် မက်ဖူးပါသည်။ မှတ်မှတ်ရရ မိသင်းနှင့် အိမ်ထောင်ကျပြီးသည့်အချိန်မှစ၍ ထိုအိပ်မက်မျိုး တစ်ကြိမ်မျှ မမက်ဖူးပါ။ ကျွန်တော့်ဘေးတွင် မိသင်းရှိလျှင် ကျွန်တော့်အဖို့ အိပ်ရသည်မှာ အမြဲ လုံခြုံနေသလို ရှိပါသည်။

"ဒီလို အိပ်မက်ထဲမှာ ချောက်ကမ်းပါးကြီးထဲ လိမ့်ကျတဲ့အခါ ခံစားရတာကို ကဗျာဆရာကြီးတစ်ယောက်က ကဗျာရေးဖူးတယ်၊ တို့ ဒီကဗျာ ဖတ်ဖူးတယ်၊ တို့ ခုပြန်စဉ်းစားနေတယ် . . . ပြန်စဉ်းစားလို့ မရတော့ဘူး"

"ရှိတ်စပီးယား ထင်တယ်"

"အေး . . . ဟုတ်တယ်၊ ရှိတ်စပီးယား"

သူမ မျက်နှာလေးမှာ ပိုလန်းလာသလို ရှိပါသည်။

တို့ဂီတမှာတော့ ဒီလိုခံစားချက်မျိုးကို ဖွဲ့ထားတဲ့ ဂီတသံတွေ အများကြီးပဲ။ တို့ကြိုက်တဲ့ ဂျာမန်ဂီတ ဆရာကြီး 'ဗီသိုဟန်'ရဲ့ စမ်းရေကျသံ သီချင်းမှာလည်း ဒီလိုအဖွဲ့မျိုးတွေ ပါတယ်။ အို . . . တစ်ခါတစ်ခါ တို့ စန္ဒရားတီးချင်လိုက်တာ"

ကျွန်တော့်ရင်မှာ ကျပ်လာပြန်သည်။

"အရဲ . . . "

"ဟင် . . . "

သူမ၏အသံမှာ ချက်ချင်း ပြောင်း၍ သွားပြန်သည်။

"တို့ စောစောက တွတ်တွတ်နဲ့ တိုင်ပင်ပြီးပြီ။ တို့

သေရင် တို့အလောင်းကို တွတ်တွတ်ကို ပေးလိုက်ပါ။ တွတ်တွတ် ပဲခူးမှာရှိတဲ့ တို့အမေ ဂူဘေးမှာ တို့ကို သွားသင်္ဂြိုဟ်ပေးလိမ့်မယ်”

ကျွန်တော် ဘာမှ ပြန်မပြောတတ်။ ဘာပြန်ပြောရမည်ကိုလည်း မသိတော့။ မျက်လုံးအိမ်တွင် မျက်ရည်ဥလေးများ ချက်ချင်း စို့လာကြသည်ဟု ထင်ပါသည်။

“အရဲ . . . ပေးလိုက်နော်၊ ပေးမယ်မဟုတ်လား။ တို့ကို ဒီတစ်ခုပဲ နောက်ဆုံး အလိုလိုက်ပါကွယ်။ တကယ်တော့ တို့အဖြစ်ဟာ တို့ကုသိုလ်ကံနဲ့ တိုဖြစ်တာပါ။ ဘယ်သူ့ကိုမှ အပြစ်တင်စရာ မလိုပါဘူး . . . အရဲစိတ်ထဲမှာ အရဲကြောင့် ပြင်သစ်ကို ပညာသင်သွားမယ့် ရည်ရွယ်ချက် ပျက်သွားရတယ်လို့ အစွဲအလမ်းဖြစ်နေရင်လည်း ဒီအစွဲဖျောက်လိုက်ပါ”

ကျွန်တော် ဘာမှ ပြန်မပြော၊ ကျွန်တော် ခေါင်းကို ညင်သာစွာ ညိတ်လိုက်ပါသည်။

“ကျေးဇူးတင်တယ် အရဲ . . . ”

ထိုစကားလုံးလေးများမှာ သူမ နောက်ဆုံးပြောသွားသော စကားလုံးများ ဖြစ်ပါသည်။ ထိုအကြောင်းပြောပြီးနောက် မိသင်း ဘာမှ ထပ်မပြောတော့။ ဖွင့်ထားသော မျက်လုံးလေးများမှာလည်း တဖြည်းဖြည်း မှေး၍သွားပါသည်။

မိသင်းဆုံးပြီ . . .

× × ×

(၂၂)

ကျွန်တော် အခန်းအပြင်ထွက်သောအချိန်၌ ရပ်စောင့်နေသော တွတ်တွတ်ကို အဆင်သင့်တွေ့လိုက်ရပါသည်။

"ဦး . . . သူ ဆုံးပြီ"

တွတ်တွတ်က ဘာမှ အထူးတုန်လှုပ်ပုံမပြ။ သူ့ခေါင်းကို ညင်သာစွာ တစ်ချက်ညိတ်ပြပြီး ကျွန်တော့်ပခုံးပေါ်သို့ လက်တစ်ဘက်တင်လိုက်ပါသည်။ ကျွန်တော် တွတ်တွတ် ငိုချလိုက်မည်ကို ကြောက်လှဘိ၏။ တွတ်တွတ် မငိုလိုက်ပါနှင့်။ တွတ်တွတ်ငိုလိုက်လျှင် ကျွန်တော့်ကိုယ် ကျွန်တော်လည်း ထိန်းတတ်တော့မည်မဟုတ်။ သူ စိတ်သက်သာရာစကား ကျွန်တော် ဘာမှ ပြောတတ်မည်မဟုတ်။

တော်ပါသေးသည်။

တွတ်တွတ် သူ့ကိုယ်သူထိန်းပြီး ကျွန်တော့်ပခုံးပေါ်မှ သူ့လက်ကို ပြန်ရုပ်၍ မိသင်းအလောင်းရှိရာအခန်းသို့ ဝင်သွား

သည်။

တကယ်တော့ ကျွန်တော့်တစ်ကိုယ်လုံးမှာ နွမ်းလျ၍ နေလေပြီ။ မှန်သည်။ မိသင်း ဆေးရုံတက်သည့် အချိန်မှစ၍ ကျွန်တော့်မှာ တစ်ချက်မျှ အနားမရ။ လူရောစိတ်ပါ။ ဝန်ထုပ်ကြီးတစ်ခုနှင့် ဖိထားသလို အမြဲခံနေရပါသည်။

ကျွန်တော် ခဏမျှ တစ်ယောက်တည်း နေချင်ပါသေးသည်။

ဆေးရုံလှေကားမှ ကျွန်တော် ပြန်ဆင်းလာခဲ့၏။ ဆေးရုံတံခါးမကြီးအနီးရှိ ဧည့်ခန်းတွင် မည်သူမျှ မရှိပါ။ ခြောက်ကပ်လျက်ရှိ၏။ လတ်ဆတ်သော ပြင်ပမှ လေအေးသည် ကျွန်တော့်မျက်နှာကို ထိနမ်း၍ ပြန်ပြေးထွက်သွား၏။

"သား . . ."

ကျွန်တော့်အနောက်မှ ခေါ်လိုက်သံဖြစ်၏။ ကျွန်တော်ရွေ့သွားနေသော ခြေလှမ်းများ ချက်ချင်း တုံ့ခနဲ ရပ်၍သွားကြ၏။

ကျွန်တော့်အဖေ၊ ကျွန်တော့်အဖေ။ ခုလို အချိန်မျိုးတွင်း ရောက်လာမည်ဟု ကျွန်တော် လုံးဝ မမျှော်လင့်ထားခဲ့ပါ။ အဘိုးကြီးသည် ဆေးရုံအုပ်ကြီးနေသော အခန်းဝတွင်တည်ငြိမ်စွာ ရပ်လျက်ရှိ၏။

ကျွန်တော် ခုလိုအချိန်မျိုးတွင် အဖေ့ကို ရင်မဆိုင်ဝံ့ပါ။ သူနှင့် ရင်ဆိုင်ရန်လည်း အားမရှိပါ။ ကျွန်တော် အလွန်နွမ်းလျလျက်ရှိလေပြီ။

ထို့ကြောင့်လည်း အဖေ့ကို ဘာမှပြန်မပြောဘဲ လှည့်ထွက်ရန် ကြိုးစားလိုက်သည်။ သို့သော် မရ။ အဘိုးကြီးသည် ကျွန်တော့်ရှေ့တွင် ဆီးရပ်လိုက်ပြီး . . .

"သား . . . စောစောက အဖေ့ကို ဘာပြုလို့ ဖွင့်မပြောသွားတာလဲ၊ အဖေ စိတ်မကောင်းဘူး၊ အဖေ မကူညီနိုင်ခဲ့ဘူး"

ကျွန်တော် အဖေ့ကို ဘာမှ ပြန်မပြောပါ။ လူသေကြီးလို ငြိမ်၍ ရပ်နေသည်။ ပြင်ပမှ လေအေးသည် ကျွန်တော့်ကို ပွေ့ဖက်နမ်း၍ ပြေးသွားကြပြန်သည်။

"အဖေ . . . ဟိုတလော သားပြန်သွားပြီးကတည်းက လူတစ်ယောက်ကို လိုက်စုံစမ်းခိုင်းတယ်၊ ဒီနေ့မှ ဒီအဖြစ်တွေကို သိတယ်၊ သိသိချင်း အဖေထွက်လာခဲ့တာ"

အဖေ အမှန်ကို ပြောနေဟန်ရှိပါသည်။ အဖေကိုယ်ပေါ်တွင် တိုက်ပုံအင်္ကျီပင် မပါ။ ကျွန်တော် မြင်ဖူးသလောက် အဖေ့ဘဝတွင် မြန်မာအဝတ်အစားနှင့်ဖြစ်က တိုက်ပုံမပါဘဲ ဘယ်အခါမှ အပြင်ထွက်လေ့မရှိ။ ယခု မိသင်းကိစ္စကြား၍ ကတိုက်ကရိုက် ထွက်လာရဟန်ရှိပါသည်။

"သူ ဆုံးသွားပြီ"

အဖေ ဘာမှမပြောပါ။ ကျွန်တော့်လက်တစ်ဘက်ကို ညင်သာစွာ ဆုပ်ယူလိုက်ပါသည်။ သူ့လက်မှာ နွေးနေသလို ရှိ၏။

မာနကြီးလှသော ကျွန်တော်သည် ယခုတစ်ကြိမ်တွင်

ဟန်မဆောင်နိုင်တော့။ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တော့။ နောက်ဆုံးအကြိမ်အဖြစ် ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်အောင် ကြိုးစားသော်လည်း မရ။ မျက်ရည်ဥကလေးများမှာ ကျွန်တော် မျက်လုံးအိမ်မှ အပြိုင် ပြေးဆင်း၍လာကြသည်။

ကျွန်တော် ငိုပြီ . . .

အဖေ့ရင်ခွင်တွင် ကလေးငယ်တစ်ဦးကဲ့သို့ ပထမဆုံး အကြိမ် ငိုမိပြီ။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

# လေသူရဲတစ်ဦး

(ဦးလှဝင်း)

# အရုဏ်နှင့်ဆည်းဆာ



Illustrated By Ko San
Glory Graphic Computer